
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၁၆၄/၂၀၀၁ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၇၃၃/၂၀၀၂ (၈)

ထုတ်ဝေသူ

ဒေါ်ရွှေအိမ်
တိုင်းလင်းစာပေ
၈/၆၅၊ အောင်သိဒ္ဓိလမ်း၊ အင်းစိန်။

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၂ ခုနှစ် အောက်တိုဘာလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

# နီကိုရဲ

တို့ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



(တစ်)

ညမိုးက တစိမ့်စိမ့်ရွာလျက်ရှိသည်။

လမ်းတစ်လျှောက်လုံး ငြိမ်သက်နေကာ ဆိုင်တွေအားလုံးလည်း ပိတ်သွားကြပြီဖြစ်သည်။ မိုးတစိမ့်စိမ့်ရွာနေသော လမ်းမပေါ်မှာ ကား တစ်စင်းတလေပင် ဖြတ်မသွား။ လျှပ်စီး လက်လိုက်သည့်အခါတိုင်း ပိတ်ထားသည့်ဆိုင်များရှေ့မှ အလျှူမိနီယံတံခါးတွေ ဝင်းလက်သွားကြ၏။

လျှပ်ပန်းနွယ် သုံးလေးခု ကောင်းကင်ပေါ်မှာ ဝင်းပသွားပြီး ပြည်းပြည်းကလေးရွာနေသောမိုးက တိုး၍ အားနှင့်ရွာသည်။ ခပ်စိတ်စိတ် မိုးစက်များအောက်တွင် လမ်းဘေးမီးတိုင်နှင့် ပိတ်ထားသောဆိုင်များရှေ့မှ ထွန်းထားသောအလင်းရောင် မှုန်ဝါးသွားကြသည်။

ဆိုင်တစ်ဆိုင်၏ အလျှူမိနီယံဆွဲတံခါးမကြီးတစ်ခုအပေါ်သို့ တက်ကာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



တက်သွားသော တံခါးနောက်မှာ အနက်ရောင် ကက်ကလုပ် ဖိနပ်တစ်ရံ အနက်ရောင် ဘောင်းကုတ်အင်္ကျီ လက်အိတ်အနက်ရောင် စွပ်ထားသောလက်များ ဝတ်ဆင်ထားသော လူတစ်ယောက် ရပ်ကာနေ၏။ အလျှမ်းမိနှိမ့်ယံတံခါးက မျက်နှာနားသို့ အရောက်တွင် အနက်ရောင် သက္ကလပ်ဦးထုပ်ကို ဆွဲချဆောင်းလိုက်သဖြင့် မျက်နှာကို မမြင်ရ။

ထိုလူက မိုးရွာပြီး တိတ်ဆိတ်နေသောလမ်းမကို ငေးကာနေသည်။

ထို့နောက် လက်အိတ်အနက်စွပ်ထားသော သူ့လက်ကို ဘောင်းကုတ်အင်္ကျီအိတ်ထဲသို့ နှိုက်ကာ ဆွဲထုတ်လိုက်ပြီး ခလုတ်ကို နှိပ်လိုက်တော့ ဖြောင်းခနဲအသံနှင့်အတူ ဝင်းလက်သွားသော မောင်းချဓား။ အသွားက အနက်ရောင်လက်အိတ်ထဲတွင် ငြိကာ ငွေမြင်နေ၏။ ထိုလူက မိုးတအားရွာနေသော လမ်းပေါ်သို့ တိုးကာ ဝင်သွား၏။

လူရှင်းကာ တိတ်ဆိတ်နေသော၊ မိုးသည်းထန်စွာရွာနေသော လမ်းပေါ်မှာ အနက်ရောင်ဝတ်စုံနှင့် ထိုလူ မှန်မှန်လျှောက်လာနေသည်။ ဝံ့ရှုန်လတ်လွှဲကာ လျှောက်လာနေသော သူ့လက်ထဲတွင် မိုးစက်တွေ စင်ကာ ပိုမိုဝင်းပ ထက်မြက်နေသည့် မောင်းချဓားက လွှဲရမ်းလျက် ပါလာနေသည်။ လျှပ်ရောင်တစ်ချက်လက်တော့ မောင်းချဓားသွားက ဝင်းခနဲ လတ်သည်။

မိုးရွာနေသော လမ်းမနံဘေးတွင် မှန်ချပ်ကြီးတွေ အပြည့် တပ်ထားသော Store ဆိုင်တစ်ဆိုင်ထဲရှိ လယ်သာဆုံလည်ကုလား ထိုင်ပေါ်တွင် အသက်(၅၀)ကျော် ခပ်ဝဝလူကြီးတစ်ယောက် အိပ်ကာ နေ၏။ ဆိုင်ကို ပိတ်ထားပြီးဖြစ်သဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခြင်း ဖြစ်သည်။ လည်ပင်း နောက်သို့ လှန်ချထားသဖြင့် ထိုလူကြီး၏ တုတ်ခိုင်သော လည်ပင်းသွေးလွှတ်ကြောကြီးက ကြိုးတစ်ချောင်းကို ဆွဲတင်းထားသလို ထင်ထင်ကြီး ရှိသည်။ တဒုတ်ဒုတ် သွေးတိုးနေသောကြောင့် ထိုသွေးကြောကြီးက အသက်ဝင် လှုပ်ရှားကာ နေသည်။





မိုးရေထဲမှာ ဝင်းခနဲနေသော မောင်းချဓားသွား...။

မောင်းချဓားထိပ်မှ ရေစက်တွေ တစ်စက်စက် စီးကျလျက်... အနက်ရောင်အင်္ကျီနှင့်လူ လျှောက်လာနေသည်။ Store ဆိုင်ထဲမှ လူဝကြီးလည်ပင်းသွေးကြောကြီးက လှုပ်နေသည်။ မိုးက အရှိန်ကို ထပ်မြှင့်ကာ ဝေါခနဲ တိုးရွာသည်။ အနက်ရောင်အင်္ကျီနှင့်လူ ဆိုင်နားသို့ ရောက်လာနေပြီ။ လူဝကြီးက ဘာမှမသိ။ လည်ကိုဆန့်ကာ ပါးစပ်ကို ဟလျက် အိပ်ပျော်နေသည်။

တဒုတ်ဒုတ်မြည်နေသော လည်ပင်းသွေးကြောကြီး...။

ဖွေးဖွေးလက်နေသည့် မောင်းချဓားသွား။ လည်ပင်းတုတ်တုတ် သွေးကြောဖောင်းဖောင်း၊ ဓားသွား။ လည်ပင်း...သွေးကြော...ဓားသွား။

စပါယ် အသက်မရှူရဲ...ရင်ဘတ်ကို ဖိထားရ၏။

BURMESE CLASSIC

အနက်ရောင်ကုတ်အင်္ကျီနှင့်လူ Store ဆိုင်ရှေ့မှ ဖြတ်ကာသွားသည်။ Store ဆိုင်ကို လှည့်ပင်မကြည့်။ လူဝကြီးလည်း ပါးစပ်ဟဟ အိပ်မောကျဆဲ...။ ဘာမှမဟုတ်။

ဒီတော့မှ စပါယ် ရင်ကိုပင့်ကာ သက်ပြင်းကို ချ၏။

ထိုစဉ်...T.V ခရင်ပေါ်မှ အရုပ်များ ဖျတ်ခနဲ ပျောက်ကာ သွား၏။ စပါယ် နောက်လှည့်ကြည့်တော့ ကိုကို့ကို တွေ့ရသည်။

"ကိုကို ဘာလုပ်တာလဲ...ဒီမှာ ပါယ်ပါယ်ကြည့်နေတဲ့ဟာကို"

"နင့်ကားက ဘာကောင်းလို့လဲ။ တစ်ခါလာလည်း လူသတ်၊ တစ်ခါလာလည်း လူသတ်နဲ့။ ဒီမှာ Drama ကား။ ရော်ဘင်ဝီလျံ ပါတာ...။ အရမ်းကောင်းတာဟ"

"ဘာပဲကောင်းကောင်း ပါယ်ပါယ် အရင်ကြည့်နေတဲ့ဟာကို။ Remove ပြန်ပေး။ ပါယ်ပါယ့်ကား အရင်ကြည့်မယ်"

စပါယ်လှမ်းလုသောလက်ကိုရှောင်ကာ ကိုကိုက Remove မှ ခလုတ်ကို နှိပ်သည်။ စက်ထဲမှအခွေ အပြင်သို့ ထွက်ကာလာ၏။ စပါယ်က အောက်စက်ရှေ့ ပြေးကာ သူ့အခွေကိုဆောင်းပြီးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို လူလည်မကျနဲ့နော်...ပါယ်ပါယ်ကြည့်နေတာ"

"ညနေမှ ကြည့်ပါကွာ...ကိုကိုက ညနေ သင်တန်းသွားရမှာနော်..."

"ဘာလို့ ကြည့်ရမှာလဲ၊ အခုကြည့်နေတာကို။ ပေးနော်... ကိုကို၊ ပါယ် အော်မှာနော်"

"ညနေမှ ကြည့်ပါဆို၊ ဘာဖြစ်လို့ ဒီလောက်ကပ်သပ်နေရတာလဲ"

"ပေးနော်၊ မေမေရေ...ဒီမှာ ကိုကို...မေမေရေ"

စပါယ် ကိုကို့ကို ပစ်တွန်းကာ ခြေကိုဆောင့်ရင်း မျက်စေ့မှိတ်ကာ အော်သည်။

"ဟာ...ဘာဖြစ်လို့ ဒီလောက် အသံပြုနေရတာလဲ"

"အော်မှာပဲ...မေမေရေ...မေမေ"

"ဘာဖြစ်လို့ ဒီလောက်ဆူနေရတာလဲ၊ မေမေ ဘုရားဝတ်ပြုနေတယ်ဆိုတာ မသိဘူးလား"

တည်ငြိမ်ပြတ်သားသောအသံကြောင့် စပါယ် ခြေဆောင့်နေတာ ရပ်သွား၏။ ကိုကို့မျက်နှာပေါ်က ဒေါသလည်း ထွက်ပြေးသွားသည်။ ဒေါ်တင်မေကျော်၏ တည်ငြိမ်သော၊ ပြတ်သားသော မျက်ဝန်းများကို စပါယ်နှင့် ကိုကို အမြဲတမ်း ကြောက်ရွံ့ရသည်။

ဒေါ်တင်မေကျော်က စပါယ်ကို ကြည့်သည်။

"ပါယ်ကြည့်နေတဲ့ကားကို ကိုကိုက ပိတ်ပစ်လိုက်တယ်မေမေ။ သူ့အခွေ ကြည့်မယ်တဲ့...။ ပါယ်ကြည့်တာ ဇာတ်ကားတစ်ဝက်တောင် ရှိတော့မယ်ဟာကို..."

ဒေါ်တင်မေကျော်က ကိုကို့ဘက်သို့ လှည့်သည်။

"သားက ညနေ သင်တန်းသွားရမှာမို့လို့ မေမေ...။ သူ ညနေကြည့်ရင် ရတာပဲ။ အဲဒါ သားက...အချိန်မရလို့ မေမေ"

ဒေါ်တင်မေကျော် ဘာမှမပြောဘဲ ဧည့်ခန်းတွင် ဝင်ထိုင်သည်။





နှစ်ယောက်စလုံး ခေါင်းငုံ့ကာ မိခင်၏ ဆုံးဖြတ်မှုကို စောင့်နေကြ၏။

"ကိုယ့်မှာ အချိန်မရှိရင် အားမှ ကြည့်သင့်တယ်။ ဘာဖြစ်လို့ အခွေကို ငှားလာလဲ ကိုကို။ ပါယ်ပါယ့်အခွေ ပြန်ထိုးပေးလိုက်"

"ဟုတ်ကဲ့ မေမေ"

ကိုကို အောက်စက်ထဲ အခွေပြန်ထည့်ပေးကာ သူ့အခွေကို သိမ်းသည်။

ဖခင်မရှိတော့ဘဲ သားသမီးနှစ်ယောက်ကို အုပ်ထိန်းရသည့်အတွက် ဒေါ်တင်မေကျော်၏ တစ်ခုတည်းသော စည်းကမ်းမှာ အမှန်တရားဖြစ်၏။ သားနှင့်သမီး ပြဿနာတက်တိုင်း၊ အဆင်မပြေဖြစ်တိုင်း ဆုံးဖြတ်ရသည့်အခါမျိုးတွင် ဒေါ်တင်မေကျော်သည် အကြီးအငယ်ဆိုတာနှင့်လည်း မဆုံးဖြတ်။ ယောကျ်ားလေး မိန်းကလေးဆိုတာနှင့်လည်း မဆုံးဖြတ်။ ဖြစ်လာသည့်ကိစ္စ၏ အမှားအမှန်နှင့်သာ အကျိုးအကြောင်းရှိရှိ ဆုံးဖြတ်တတ်သည်။

ကလေးတွေ၏ စိတ်ထဲတွင် ဒေါ်တင်မေကျော်ကို ဖခင်တစ်ယောက်လိုလည်း ကြောက်ရွံ့စေချင်သည်။ မိခင်တစ်ယောက်လိုလည်း အရာရာ တိုင်ပင်စေချင်သည်။ သူငယ်ချင်းတစ်ယောက်လိုလည်း ချစ်ခင်ပွင့်လင်းစေချင်သည်။ ဖခင် မရှိတော့သဖြင့် ကြောက်ရမယ့်လူမရှိဖြစ်ကာ လုပ်ချင်တာ လုပ်တတ်သော လူဆိုးကလေးတွေ မဖြစ်စေချင်။ ထို့ကြောင့် ထိုဖခင်နေရာကို ရအောင် မိန်းမတစ်ယောက်အနေဖြင့် အရာရာ ဦးဆောင်ပြုရသည်။ မှန်ကန်စွာ ဆုံးဖြတ်ချက် ချနိုင်အောင် ဒေါ်တင်မေကျော် ကြိုးစားရလေသည်။

"သမီးလည်း စာမေးပွဲဖြေဖို့ နှစ်လပဲ လိုတော့တယ်။ ရှေ့အပတ်က စပြီး တစ်ပတ်ကို တစ်ခွေပဲ ကြည့်ခွင့်ရတော့မယ်။ သားက မနှစ်က ဂုဏ်ထူးတန်း ဝင်ပြီးပြီ။ ဒီနှစ် သမီးအလှည့်ပဲ။ စာကျက်ဖို့လိုပြီ သမီး"

"ဟုတ်ကဲ့ မေမေ၊ သမီး ဂုဏ်ထူးတန်း ဝင်ရမလဲ..."



www.burmeseclassic.com

www.burmeseclassic.com



စပါယ်က ဆက်မပြောဘဲ စကားကို ရပ်ကာထား၏။ မနှစ်က ကိုကို ဂုဏ်ထူးတန်း ဝင်သည့်အတွက် စိတ်ကြိုက် ဆုတစ်ခု တောင်းခွင့်ပေးရာ ကိုကိုက CD Game ကစားစရာ လိုချင်သည်ကို တောင်းခဲ့သည်။ ဒေါ်တင်မေကျော် ကတိအတိုင်း သားကို ဝယ်ပေးခဲ့သည်။

"သားလိုပဲလေ...သမီးလည်း လိုချင်တာ တစ်ခုခုကို စဉ်းစားထားမှာပေါ့..."

စပါယ်က လျှာကလေး တစ်လစ်ထုတ်ကာ ကိုကို့ကို ပြောင်ကာ ပြ၏။ ကိုကိုက လက်သီးပြုန်တောင်ကာ ပြသည်။ ဒေါ်တင်မေကျော် မသိချင်ယောင် ဆောင်နေလိုက်၏။ ကလေးတွေ ငြိမ်သက်ကာ ခြေလှည့်သွားကြပြီဖြစ်သည်။

စပါယ်က (၁၉)နှစ်၊ ကိုကိုက (၂၀)။ ဒီအရွယ်ကလေးတွေကို အုပ်ချုပ်ရတာ မလွယ်လှပါ။ သူတို့ခေတ်၊ သူတို့အခြေအနေ၊ စိတ်ခံစားမှုကို နားလည်ထား၍ မရ။ ကိုယ့်ခေတ် ကိုယ့်အရွယ်နှင့် သူတို့ခေတ် အကြောင်းအရာ၊ မျှော်မှန်းမှု ဝါသနာတွေကိုက လုံးဝ ခြားနားသွားပြီ ဖြစ်၏။

ကိုယ့်ခေတ် ကိုယ့်အခြေအနေတုန်းက ရှိခဲ့သော ယဉ်ကျေးမှု ထုံးစံ၊ အတွေးအခေါ်အခြေအနေတွေနှင့် တစ်ယူသန်အုပ်ချုပ်လျှင် သူတို့နှင့် နားလည်မှု ရရန် မဖြစ်နိုင်သည့်အပြင် အခြေအနေကွာဟမှု ပြဿနာသာ အဖတ်တင်မည်ဆိုတာ ဒေါ်တင်မေကျော် နားလည်သည်။

မိဖဆိုသည်မှာ မှန်ကန်စွာ လမ်းပြ ဆုံးမနိုင်သူ ဖြစ်ရမည်ဟု ဒေါ်တင်မေကျော် ဆုံးဖြတ်ထား၏။

ထို့ကြောင့် ဒေါ်တင်မေကျော်သည် သမီးဖြစ်သူနှင့်လည်း ဗိုလ်ချုပ်ဈေး Plaza တို့ သွားသည်။ သားဖြစ်သူနှင့်လည်း ရုပ်ရှင်ကြည့်သည်။ ပစ္စည်းအဝယ် ထွက်တတ်သည်။ ဘယ်လောက်တိုးတက်သောခေတ် ဖြစ်ပေစေ၊ အကောင်းအဆိုးဟူသော သဘောကတော့ ရှိနေမြဲဖြစ်၏။ ကိုယ်က လူကြီးဆိုတော့ ထိုအကောင်းအဆိုးကို ခွဲလွယ်၊ သိလွယ်၊ ရွေးချယ်ရ လွယ်သည်။ ကိုယ် ကြီးပြင်းခဲ့သည့်ခေတ်တုန်းက အကောင်းအဆိုးနှင့်တော့ ဆုံးဖြတ်၍ မရနိုင်။ ထို့ကြောင့် ဒေါ်တင်မေကျော်သည် မင်္ဂလာဈေးမှာ ဖွင့်ထားသည့် ရွှေဆိုင်ထက် သားနှင့်သမီး၏ ခေတ်ကို ပို၍စိတ်ဝင်စားရသည်။





သားနှင့်သမီးကို စာဖတ်တတ်အောင် ပထမဦးဆုံး ကြိုးစားရသည်။

စာဖတ်ခြင်းသည် ခံစားမှုနှင့် အတွေးအခေါ်ကို အကောင်းဆုံး ထိန်းညှိပေးခြင်းသာဖြစ်၏။ မည်မျှပင် ကိုယ်က ဂရုစိုက်နိုင်ဦးတော့၊ လူငယ်တစ်ယောက်တဝတွင် မိဖအုပ်ထိန်းမှုမရှိသော၊ မပါနိုင်သော သွားလာနေထိုင်သည့်ကိစ္စပေါင်း များစွာရှိတတ်သည် မဟုတ်လား။ ထိုကိစ္စများတွင် သားနှင့်သမီး ဆုံးဖြတ်သည့်အခါ အမှန်ကန်ဆုံး ဆုံးဖြတ်နိုင်စေရန် သူတို့အသိဉာဏ်ခံစားမှုက ရင့်ကျက်ဖို့၊ တည်ငြိမ်ဖို့ လိုပါသည်။ ထို့အတွက် အကောင်းဆုံးနည်းမှာ စာဖတ်ခြင်းပင် ဖြစ်၏။

ဒေါ်တင်မေကျော်က သူတစ်ယောက်တည်း သားနှင့်သမီး၏ အတကို ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ပြီးကတည်းက လိုအပ်သည်များကို ကလေးဘဝကတည်းက သားနှင့်သမီးကို မွေးမြူပေးခဲ့သည်။ ငယ်စဉ်ကတော့ အိပ်ခါနီး ပုံပြင်တွေဖတ်ပြသည်။ သခင်ဘသောင်း၏ တစ်ထောင့်တစ်ညပုံပြင်၊ ရာမလင်္ကာဇာတ်၊ ဘုရားဟော ငါးရာငါးဆယ်နိပါတ်တော်တို့ ဖြစ်၏။ အရွယ်ရတော့ ကာတွန်းကို စိတ်ဝင်စားသည့်အရွယ်မှာ ကာတွန်း။ နောက် မဂ္ဂဇင်းကို တစ်ဆင့်...ဝတ္ထုများကို ပေးဖတ်သည်။

ကလေးတွေကိုသာ မဟုတ်၊ သူလည်း ကလေးတွေနှင့်အတူ စာဖတ်သည်။ ပြီးလျှင် စာထဲကအကြောင်းအရာကို အပျင်းပြေ ဆွေးနွေးကြသည်။ ဘယ်စာကို မဖတ်နဲ့ဟု သူ မတားပေ။ စာဖတ်သက် ရလာတော့မှ ထိုဝတ္ထု၏ ရသ၊ သုတကို ဆွေးနွေးနိုင်၊ အပျော်ဖတ်ကို တစ်စစ နောက်မှာ ချန်ထားရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခု သားနှင့်သမီး စာကို တော်တော်ဖတ်နိုင်နေကြပြီဖြစ်၏။ စာအုပ်ဝယ်လာလျှင် ထိုစာအုပ်ဖိုးကို ဒေါ်တင်မေကျော်က ပြန်ပေးတတ်သည်။ ထိုစာအုပ်များ၏ ကျေးဇူးကြောင့် သားနှင့်သမီးသည် အမှန်တရားကို အလွယ်တကူ သိနိုင်ကြသည်။ စကားဖြင့် ဆုံးမယုံဖြင့် အလွယ်တကူ နာတတ်ကြ၊ ရှက်တတ်ကြသည်။

ထိုမှမက...သမီးက ကဗျာတွေ ဘာတွေ စပ်သည်။ သားကတော့ စာဖတ်သမားသက်သက်။ သူက ဗီဒီယိုကြည့်လျှင် Drama ဇာတ်ကို ကြိုက်သည်။ သမီးက Action နှင့် Horror ကားတွေကို နှစ်သက်၏။ တစ်ခါတလေ မောင်နှမနှစ်ယောက် စိတ်ကူးတွေ ယဉ်ကြသည်။ ဇာတ်တွေ ဆင်ကြသည်။ လူငယ်ဆိုတာကတော့ စိတ်ကူးနှင့် မကင်းတတ်ကြ။ သူတို့ယဉ်နေသော စိတ်ကူးသည် အဆိတ်အတောက်ကင်းကင်းနှင့် ချစ်စရာကောင်းဖို့ကို ဒေါ်ခင်မေကျော် ဆယ်ငါးနှစ်ခန့် ကြိုးစားခဲ့ရ၏။ သူ့ကို အုပ်ချုပ်မှုကောင်းသည်ဟု မိတ်ဆွေများနှင့် ပတ်ဝန်းကျင်က ချီးမွမ်းတိုင်း ဒေါ်တင်မေကျော် ကျေနပ် အမောပြေရသည်။

ယခု သားနှင့်သမီး ရောက်နေသော အခြေအနေကို သူ ကျေနပ်ရပါသည်။

သူမနှင့် သားရောသမီးပါ ဒီနေ့အထိ အကြီးအကျယ်ပြဿနာ မတက်ခဲ့ဖူးပါ။ သားနှင့်သမီးကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်၍ လိုက်ရ၊ သွားရတာမျိုး တစ်ကြိမ်မှ မကြုံဖူးခဲ့ပါ။ သားနှင့်သမီး၏ ယုံကြည်ချက်နှင့် သူ့ဆုံးမမှု သဘောထားကွဲလွဲကာ တစ်ဦးနှင့်တစ်ဦး မုန်းမုန်းတီးတီး တစ်ခါမှ မဖြစ်ခဲ့ဖူးပါ။

ယောက်ျားဖြစ်သူ၏ အကူအညီမပါဘဲ သူ့ ကြိုးစားတည်ဆောက်မှုစစ်စစ်ဖြစ်သဖြင့် သူ ပို၍ ကျေနပ်နေမိသည်။ ထိုသို့ ထောင့်စုံ နေရာစုံက သားသမီးတွေကို လူကောင်းကလေးတွေဖြစ်အောင် လုပ်ခဲ့ရသည့်ရည်ရွယ်ချက်က တစ်ခုတည်းသာ ရှိပါသည်။ ထိုရည်ရွယ်ချက်မှာ





သားနှင့်သမီးက အဖေဆိုတာကို သတိမရရေးပင်ဖြစ်သည်။

အဖေ မရှိသည့်အတွက် သားနှင့်သမီးမှာ တစ်ခုခု မလိုအပ်စေရ။ အဖေဆိုတာကို သတိမရနေစေရ။ ငါတို့အဖေများ ရှိလျှင်ဆိုသောအတွေး မဝင်စေရ။ ဒေါ်တင်မေကျော် အကြောက်ဆုံးမှာ သားနှင့်သမီးက အဖေအကြောင်းကို မေးမှာပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(နှစ်)

ကျောင်းကားပေါ်က ဆင်းဆင်းခြင်း စံပါယ် ဖိတာတို့အုပ်စုကို တွေ့လိုက်သဖြင့် ရင်ထဲမှာ ထိပ်ခနဲတော့ ဖြစ်သွားခဲ့သည်။

သို့သော် မေမေသင်ပေးထားခဲ့သလိုပင် သူတို့ကို မုန်းတီးသော၊ ဝရုမဝိုက်သည့် ပုံစံမျိုးလည်း မပါရအောင် ကိုယ့်ဘက်က မိန်းခလေး ဆိုသည့် သိက္ခာလည်း မကျအောင် ပုံမှန်မျက်နှာနှင့်ပင် လျှောက်လာနိုင် ခဲ့ပါသည်။

သို့သော်...ဖိတာက ရှေ့မှ လမ်းကို ပိတ်ကာရပ်၏။

ဒီလို အနည်းငယ်ကြမ်းတမ်းသော လူမျိုးနှင့် တွေ့သည့်အခါ ကိုယ့်ဘက်က အတတ်နိုင်ဆုံး သိမ်မွေ့ဖို့ မေမေ ဆုံးမထားခဲ့ဖူးပါသည်။ မေမေသည် စံပါယ်ကို ရည်းစားထားမှာ ထိပ်လန့်ကာ ချုပ်ချယ်တတ်သော အမေမျိုး မဟုတ်ပါ။ ရည်းစားထားဖူးမှ ယောက်ျားလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သိနိုင်မည်ဟု ပြောပြထားသည်။ မေမေသည် စံပါယ့်ကို ယောကျ်ားတစ်ယောက်အကြောင်း မသိဘဲ ရှုးရှုးမိုက်မိုက် အိမ်ထောင်ကျသွားမှာကိုသာ စိုးရိမ်သူဖြစ်ပါသည်။

အခု…စံပါယ် ရည်းစားထား၍ မရပါ။ ဒုတိယနှစ်ကို ဂုဏ်ထူးတန်းဝင်အောင် ကြိုးစားရန် တာဝန်ရှိနေပါသည်။ ထိုတာဝန်ပြီး၍ ရည်းစားထားမည်ဆိုလျှင်တောင်မှ စံပါယ် ပီတာ့ကို မကြိုက်ပါ။

"စံပါယ်…ခဏကွာ"

"ဩော်…ပီတာ ဘယ်က ပြန်လာတာလဲ"

"ဘယ်ကမှ မလာဘူး။ ကိုယ်…စံပါယ့်ကို စောင့်နေတာ။ စံပါယ့်အဖြေကို ကိုယ် လက်မခံနိုင်ဘူး။ အဲဒါ…ပြန်မစဉ်းစားပေးနိုင်ဘူးလား"

စံပါယ် အတတ်နိုင်ဆုံးပြုံးကာ နောက်သို့ တစ်လှမ်းဆုတ်ရ၏။

"အဲဒီအဖြေက ပီတာ့အတွက်တင် မဟုတ်ပါဘူး၊ အားလုံးအတွက်ပါ။ ပါယ်…အခု ရည်းစားမထားသေးဘူး"

"စာအုပ်ထဲကအထာတွေ မသုံးစမ်းပါနဲ့ကွာ…။ ကိုယ် မင်းကို မရရင် မဖြစ်ဘူး"

ပီတာက သူရှောင်သည့်ဘက်သို့ လိုက်ကာ ကပ်၏။ လိုအပ်လာသဖြင့် စံပါယ် အကြည့်စူးစူးတစ်ချက်ကို ထုတ်သုံးရ၏။ ပီတာ ဆက်မလိုက်တော့။ ဒီအချိန် ကိုကို သင်တန်းတက်ရန် အိမ်မှထွက်မည့်အချိန်ဖြစ်သဖြင့် ကိုကိုနှင့် ပီတာတို့အုပ်စု တိုးမှာကိုတော့ ပါယ်ပါယ် စိုးရိမ်ပါသည်။

"စာအုပ်ထဲကအဖြေမဟုတ်ဘူး ပီတာ၊ အဲဒါ ပါယ့်ပါယ့်ရင်ထဲက ဆုံးဖြတ်ထားတဲ့ စကားပါ"

"ကိုယ် လက်မခံနိုင်ဘူးလို့ ပြောပြီးပြီပဲ"

"သူငယ်ချင်း ပီတာ"

ထင်ထားသည့်အတိုင်း ကိုကိုက စံပါယ့်အနားသို့ ရောက်ကာလာ၏။ ပီတာက ကိုကိုနှင့် အသက်အတူတူဖြစ်သည်။ ပီတာ မှုန်တေတေဖြစ်ကာ နောက်နှစ်လှမ်း ဆုတ်ကာသွား၏။ ကြံ့ခိုင်တောင့်တင်းပြီး ကရာတေးသင်တန်းမှာ အထူးဆုရထားသော ကိုကို့ကိုတော့ ပီတာတို့ လန့်ကြဟန် တူပါသည်။

"ဪ…အေးအေးဆေးဆေး ဆွေးနွေးနေတာ ကိုကို"

"ဟုတ်လား…ညီမလေး၊ အဲဒါဆိုလဲ ပြောလေ…၊ အေးအေးဆေးဆေးဆို ရတာပဲ"

"ညီမလေးမှာ ဘာမှပြောစရာ မရှိပါဘူး ကိုကို"

ပီတာ အံတစ်ချက်ကြိတ်ကာ ပါယ့်ကို ခပ်ရှိုင်းရှိုင်းမျက်လုံးနှင့် ကြည့်ကာ ခပ်တိုးတိုး တစ်ချက်ဆဲ၏။

"ကဲ…ဒါဆိုရင်လဲ သွားကြရအောင် ညီမလေး…လာ"

ကိုကိုက ပါယ့်ကို ပုခုံးအသာဖက်ကာ လှည့်ထွက်သည်။ နောက်မှာ ပီတာနှင့် အဖော်နှစ်ယောက် မကျေမနပ်ဖြင့် ကျန်ခဲ့၏။

"ကိုကို ဒီဘက်လမ်းက မထွက်နဲ့တော့…နော်…တော်ကြာ"

"ရပါတယ် ညီမလေးရဲ့…ကိုကိုတို့က ဘာမှမစော်ကားတဲ့ဟာ…မစိုးရိမ်ပါနဲ့"

ပီတာ မကျေမနပ်ဖြင့် တောက်ခတ်ရင်း ထွက်သွားသော မောင်နှမကို လှမ်းကာ ကြည့်သည်။ နံဘေးမှ ဝင်းခန့်နှင့် ပိုင်စိုးက ပီတာ့ကို လှောင်ပြောင်သည့်အပြုံးနှင့် ကြည့်၏။

"ဘယ်လိုလဲ ပီတာ၊ ဒီတစ်ခါလဲ ပါယ်ပါယ်က ပစ်သွားပြန်ပြီ မဟုတ်လား"

"ယောက်ဖကြီးကို ဒေါသမထွက်ပါနဲ့ကွာ…ဒီကောင်ကြီးက သဘောကောင်းရှာပါတယ်"

"မင်းတို့ ငါ့ကို ရိထားဦးနှင့်ပေါ့ကွာ…ငါ ဘယ်တော့မှ မလျှော့ဘူး။ တစ်နေ့ စံပါယ်ဟာ ငါ့ဝိညာဉ်ထဲကို ရောက်ကို ရောက်လာစေရမယ်…သိလား"







www.burmeseclassic.com

www.burmeseclassic.com



စံပါယ်စကား ဆုံးတော့ မေမေက ပြုံးသည်။

"သမီးဆုံးဖြတ်ချက် မှန်ပါတယ်။ သား ဘယ်ဘက်က ထွက်သွားလဲ"

"သမီးကတော့ မှာလိုက်တာပဲ...ဟိုဘက်က ထွက်လို့"

ထိုစဉ် Phone မြည်၍ဒေါ်တင်မေကျော် လှမ်းကိုင်သည်။

"ဪ...အေး...သား ပြော"

"မေမေ စိတ်ပူမှာစိုးလို့ လှမ်းဆက်တာ။ ညီမလေးပြောပြတယ် မဟုတ်လား။ သား...အပြန် ဟိုဘက်ကပဲ ပြန်ခဲ့မယ်နော်"

"အေး...အေး...ကောင်းတယ်သား...သားကို မေမေ ယုံပါတယ်ကွာ"

မေမေ အပြုံးနှင့် Phone ကို ချသည်။

"နောက်နေ့ သမီး ကျောင်းကား လမ်းထဲအထိ ဝင်ပေးဖို့ မေမေ ကားဆရာတွေနဲ့ ဆွေးနွေးပေးမယ်။ ဒါဆိုရင်...ဒီပြဿနာ လုံလောက်ပါပြီ သမီးရယ်"

"ဟုတ်ကဲ့ မေမေ"

လှည့်ထွက်သွားသော သမီးဖြစ်သူကို ကြည့်ကာ ဒေါ်တင်မေကျော် သက်ပြင်းကို ချသည်။ ခေတ်အမြင်နှင့်ကြည့်လျှင် သမီးဖြစ်သူသည် တော်တော်လှသည်ဆိုနိုင်သော မိန်းကလေးတစ်ယောက်ဖြစ်သဖြင့် ထိုကိစ္စမျိုးသည် ရှေ့လျှောက် သမီးအတွက် မကြာခဏ ရင်ဆိုင်ရတော့မည့် ပြဿနာဖြစ်လာမှာ သေချာသည်။

သမီးကို ယောက်ျားလေးတွေအကြောင်း...ယခုထက် ပိုပြောပြဖို့ လိုပြီဟု သူ့အသိစိတ်ထဲမှာ မှတ်ထားလိုက်သည်။

ကလေးနှစ်ယောက် အချိန်တန်လျှင် လွှဲရှောင်၍ မရနိုင်သော အိမ်ထောင်ရေးကိစ္စကို သူ့ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့် စီစဉ်ရန် ဆန္ဒမရှိပါ။ ကလေးနှစ်ယောက်၏ ရည်ရွယ်ချက်ကို သူက တည့်မတ်ပေးမည်။ ကူညီစဉ်းစားပေးမည်ဟုသာ ဆုံးဖြတ်ထားခေါ။





သားနှင့်သမီးအတွက် သူ ရည်မှန်းထားသော အိမ်ထောင်ဖက်များ၏ တစ်ခုတည်းသော အရည်အချင်းမှာ ရိုးသားခြင်းသာ ဖြစ်ပါသည်။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



(သုံး)

''ကောင်မလေးကို သူငယ်ချင်းနှစ်ယောက်က ကြိုက်ကြတယ် ကိုကို...။ ကောင်မလေးက အဲဒီအထဲက တစ်ယောက်ကိုပဲ ချစ်တယ်။ ရွေးလိုက်တယ်။ ဒါပေမဲ့...ကောင်မလေးရွေးလိုက်တဲ့ ချစ်သူမှာ စိတ်မှုမမှန်တဲ့ရောဂါ ရှိနေတယ်။ အဲဒါကို ဘယ်သူမှ မသိကြဘူး။ ဖြစ်နေတဲ့ ကောင်လေးကိုယ်တိုင်တောင်မှ မသိဘူး...''

''ကိုယ့်ရောဂါကို ကိုယ်မသိတာ သဘာဝမကျဘူး''

''ပါယ့်စကားကို ဆုံးအောင် နားထောင်ဦးလေ ကိုကိုရ...။ ဇာတ်မခင်းရသေးဘဲနဲ့ ဝေဖန်တာ သိပ်ခက်တာပဲ။ ဒီလို ကောင်းလေးက သူ တစ်ခါတလေ စိတ်လွတ်သွားတတ်တာ...အလကားနေရင်း လူတွေကို မုန်းနေတတ်တာ...ဒေါသ ရုတ်တရက်ထွက်တာကို သတိထားမိတယ်။ ဒါပေမဲ့ အဲဒီလက္ခဏာတွေဟာ စိတ်ရောဂါဆိုတာကို မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

သမီးစကားကြောင့် သားက ခဏစဉ်းစားကာ မျက်မှောင်ကို ကျုံ့၏။ ပြီးမှ သိပ်မကျေနပ်ဟန်ဖြင့် ထားပါတော့…ဟု ဆိုသည်။ သားအပြောကို စောင့်နေသော စပါယ် ဝမ်းသားအားရဖြစ်ကာ ဆက်ပြော၏။

"ကျန်ခဲ့တဲ့ကောင်လေးကလည်း သူတို့နဲ့ သူငယ်ချင်းအဖြစ် ဆက်နေတယ်ပေါ့။ ချစ်ချစ်ခင်ခင်ပဲ…တစ်နေ့ ကောင်မလေးမွေးနေ့မှာ ကောင်လေးက ပလက်တီနန်ဆွဲကြိုးကလေး ပေးတယ်။ ကောင်လေးကို တယ်လီယာခွေးဖြူကလေး ပြန်ပေးတယ်။ ကောင်လေးက ခွေး သိပ်ချစ်တာကိုး…"

"ဒါကတော့ တယ်လီယာဆိုရင် သိပ်မုန်းတာပဲ…"

"ဇာတ်ကောင်က ကိုကို့ကို ကြည့်ရေးတာမှ မဟုတ်ဘဲ…"

"ဘာ…!! ဒါတစ်ယောက်လုံး အစ်ကိုရှိနေတာကို ဒါ့ကို ကြည့်မရေးဘဲ ဘယ်သကောင့်သားကို ကြည့်ရေးနေတာလဲ"

သားစကားကြောင့် စာဖတ်နေရင်း ဒေါ်တင်မေကျော် ပြုံးမိသည်။ သားက ညီမဖြစ်သူကိုတော့ သဝန်တိုတတ်သားပဲဟု တွေးမိ၏။

"မကြားဖူးဘူးလား…စာရေးဆရာဆိုတာ ပတ်ဝန်းကျင်ကို အမြဲတမ်းလေ့လာနေတဲ့ မသိစိတ်ရှိတယ်။ သူဖန်တီးတဲ့ ဇာတ်ကောင်ဆိုတာက သူ့အတွေ့အကြုံ…သူ့ပတ်ဝန်းကျင်က အရာအားလုံးတွေကို ရောမွှေဖန်တီးထားတာပဲ…တဲ့"

ကိုကိုက မဲ့ကာ ပုခုန်းကို တွန့်၏။

"ဝတ္ထုကတော့ တစ်ပုဒ်မှ မပါသေးဘူး။ လေသံက ဆရာမကြီးလေသံနဲ့…"

"နောက်ကျရင် ဖြစ်လာမှာပေါ့။ ပါယ်…အခု ကျောင်းပို့စ်ရက်တွေမှာ လေးငါးပုဒ်ရေးပြီး မဂ္ဂဇင်းတွေပို့ရင် တစ်ပုဒ်တော့ ကျိန်းသေပါကို ပါရမယ်…လောင်းမလား"

"ကဲပါ…ဇာတ်ကို အရင်ပြောကြည့်ပါဦး"

"စိတ်ဝင်စားနေပြီ မဟုတ်လား။ အဲဒါနဲ့ ကိုကိုရာ…တစ်နေ့ ကောင်လေး သူငယ်ချင်းမိန်းကလေးတစ်ယောက်နဲ့ စကားကောင်းကောင်းမွန်မွန် ပြောနေရာက စိတ်လွတ်ပြီး ကောင်မလေးကို လှည့်ပင်ညှစ်ဖို့ ကြိုးစားတာ သေးကလူတွေ ဆွဲတော့ ကံကောင်းသွားတာပေါ့။ အားလုံးလန့်သွားပြီး ကောင်လေးလည်း သူ့ကိုသူ တော်တော်လန့်သွားတာ…"

"ဒါ သိပါပြီ…နောက် ကောင်လေးက စိတ်ဖောက်ပြန်ပြီး သူ့ကောင်မလေးကို သတ်မယ်မဟုတ်လား"

"အဲဒီလိုကြီး မမြန်ဘူး ကိုကိုရဲ။ အဲဒီကိစ္စကို ဒုတိယကောင်လေး သိသွားမယ်။ ကောင်မလေးကို သတိပေးမယ်။ ဒါပေမဲ့…ကောင်မလေးက မယုံဘူး။ တစ်နေ့နှစ်ယောက်တွေ့ကြရင်း ကောင်လေး စိတ်ဖောက်တယ်။ ဒါပေမဲ့…ကောင်မလေးကို ပေးထားတဲ့ ဆွဲကြိုးကလေးကို သတိရပြီး မြင်ပြီး ကောင်မလေးမရိုပ်မိခင် စိတ်ထိန်းလို့ ရသွားတယ်။ ဒီတော့ ကောင်လေးက ကောင်မလေးကို အဲဒီဆွဲကြိုးကလေး အမြဲဝတ်ထားဖို့ တောင်းဆိုတယ်"

စပါယ့်စကားဆုံးတော့ ကိုကိုက နှာခေါင်းကို ရှုံ့ကာ ထ၏။ စိတ်ပျက်နေပုံလည်း ရသည်။

"နှင့်ဇာတ်လမ်းက မဖွံ့သေးပါဘူးဟာ…အဲဒီအကြောင်း ရေးမှာဆိုရင် စိတ်ပညာစာအုပ်ကို အရင်ဖတ်မှ Chractor ပီပြင်မှာပေါ့။ ဇာတ်လမ်းက ရိုးရိုးကြီး"

ကိုကို့စကားကြောင့် စပါယ်က စိတ်ဓာတ်ကျသွားဟန် တူသည်။ ခုနကလို သွက်လက်တက်ကြွနေသော မျက်ဝန်းမျိုး စပါယ်တွင် မရှိတော့ဘဲ ငိုင်ကျသွားသည်ကို ဒေါ်တင်မေကျော် တွေ့ရ၏။ စာအုပ်ကို ဘေးချကာ သူ ဝင်ပြောပေးရသည်။

www.burmeseclassic.com



''အဲဒီလို မပြောနဲ့လေ သားရဲ့...ညီမလေးက အခုမှ စရေးတာ။ တကယ့် ကမ္ဘာကျော်ဝတ္ထုကြီးလိုတော့ ဘယ်ကောင်းနိုင်ပါ့မလဲ။ သမီးစိတ်ကူးကို ဒီလိုမပြောပါနဲ့။ မေမေတော့ စိတ်ဝင်စားသားပဲ...သမီး ချိုပ်ထားတာ မြှုပ်ထားတာလေးတွေ မဆိုးဘူး။ မေမေ့ကို ဆက်ပြောပါဦး''

သူ့စကားကြောင့် သမီးမျက်လုံးကလေးတွေ ဝင်းလက်ကာသွား၏။ အစ်ကိုဖြစ်သူကို နှုတ်ခမ်းစူကာ မျက်စောင်းလှမ်းထိုးသည်။ ပြီးတော့ ဝမ်းသာသွက်လက်စွာ သူ့ဇာတ်လမ်းကို ဆက်၍ပြောသည်။ မိခင်တစ်ယောက်လုံးက စိတ်ဝင်စားသဖြင့် သူ့ကိုသူ ယုံကြည်သွားဟန်လည်း ရှိ၏။

"တစ်နေ့ကျတော့ မေမေရာ...ကောင်မလေးလက်ဆောင်ပေးလို့ သူသိပ်ချစ်တဲ့ခွေးကလေးကို သူကိုယ်တိုင် စိတ်ဖောက်ပြီး သတ်ပစ်လိုက်တယ်။ အဲဒါကို ဒုတိယကောင်လေးက တွေ့ပြီး ကောင်မလေးကို သတိပေးပေမယ့် မရဘူး...။ သူ့ကို မရလို့ သူ့ချစ်သူအပေါ် ရမယ်ရှာတာပဲလို့ ထင်တယ်။ တစ်နေ့တော့ ကောင်မလေးက ခွေးကြီးကလေးကို မေ့ပြီး ဝတ်မလာမိဘူး။ အဲဒီနေ့မှာ..."

သမီးက သူ့ဇာတ်လမ်းကို ယုံကြည်စိတ်အပြည့်ဖြင့် တက်ကြွစွာ ပြောသည်။ ဒေါ်တင်မေကျော် အဆုံးအထိ နားထောင်ပြီး လိုအပ်တာတွေ ထောက်ကာပေး၏။ ရေးဖို့ကိုလည်း တိုက်တွန်းရသည်။ သမီးရော သားပါ ဇာတ်လမ်းတွေကို စိတ်ဝင်စားတာ သူ ကျေနပ်ပါသည်။ အခုလို စိတ်ကစားတတ်တဲ့ အရွယ်မျိုးဆိုတာ လောကကြီးကို ရှုစမ်းမြဲ...စိတ်ကူးယဉ်မြဲ။ အခြား မတော်မတည့်တွေ တွေးနေတာနှင့် နှိုင်းစာလျှင် အနုပညာတစ်ခုခုကို စိတ်ဝင်စားသည့်အတွက် သားနှင့်သမီးကိုပင် ကျေးဇူးတင်ရသေး၏။

သူတို့သားအမိသုံးယောက် စကားကောင်းနေတုန်း အန်တီစောရောက်လာ၏။ အန်တီစောဆိုတာက အရင် ဒေါ်တင်မေကျော် ရွှေဆိုင်





ထွက်ခဲ့သည့် ဆိုင်နံဘေးမှ အထည်ဆိုင်မှဖြစ်သည်။ ထိုစဉ်က ဒေါ်တင်မေကျော် အသက်(၂၀)ကျော် အိမ်ထောင်ကျကာစဖြစ်သည်။ လူမှုရေးကိစ္စတစ်ခုတွင် ပတ်သက်ဖူးခဲ့သဖြင့် စိတ်ကြီးသည့် ဒေါ်တင်မေကျော်က ထိုကိစ္စဖြစ်သည့်နေ့မှစ၍ လုံးဝအဆက်အဆံ မလုပ်တော့။ သိမ်ကြီးဈေး ပြောင်းသွားပြီး လေးနှစ်ခန့်ကြာတော့ အန်တီစောတို့ဆိုင်က ရုံတစ်ရုံတည်းသို့ ပြောင်းလာခဲ့သည်။ ထိုအချိန်မှာ ဒေါ်တင်မေကျော်လည်း ဒေါ်တင်မေကျော် ဖြစ်နေပြီ။ မာနထက် ခွင့်လွှတ်မှုကို ဦးစားပေးဖို့ အသက်အရွယ်က ပေးသည့်အသိဖြင့် ပြန်ဆက်ဆံမိကြသည်။ သို့သော် အရင်တုန်းကစိတ်ကို သိထားသဖြင့် သိပ်အရောတဝင်တော့ မဟုတ်လှ။

အခုလည်း ဈေးဆိုင်ကိစ္စ စုံစမ်းဖို့ အကူအညီတောင်းထားသဖြင့် ဒေါ်တင်မေကျော်အိမ်ကို ပထမဦးဆုံး ရောက်လာခြင်းပင်ဖြစ်သည်။

"အမလေး...သားသမီးတွေနဲ့ စကားကောင်းနေကြပါလား။ အမယ်...ကလေးတွေက ဒီအရွယ်တောင် ရောက်လာကြကုန်ပြီနော်။ အရင်ကဖြင့် အနီးထဲ ရှိသေး...မေရေ...ကိုယ်တို့အသက်တွေ ကြီးသွားပြီနော်။ ကလေးတွေမြင်ရင် သိပ်သိတာပဲ"

သားနှင့်သမီးက အန်တီစောကိုကြည့်ကာ ထရပ်လိုက်ကြ၏။ သားနှင့်သမီး အန်တီစောကို မမြင်ဖူးကြပါ။ သားတစ်နှစ်ကျော်...သမီးလေးလခန့်ကတည်းက အဆက်အသွယ်ပြတ်သွားသောကြောင့်ဖြစ်၏။ တကယ်လို့များ သားနှင့်သမီးက အန်တီစောကို သိနေပြီးသား ဖြစ်နေဦး...ဧည့်သည်တစ်ယောက် ရောက်လာလျှင် သားနှင့်သမီး အလိုက်အသိ ထွက်သွားတတ်ပါသည်။ ဒေါ်တင်မေကျော် အသိပေးတိုင်ပင်သော လူမှုရေး စီးပွားရေးကိစ္စမှအပ အခြားကိစ္စများကို သားနှင့်သမီးက ဘယ်တော့မှ ဝင်ပါစပ်စုလေ့ မရှိခဲ့။

အလိုက်သိစွာဖြင့် ဧည့်ခန်းထဲမှ ထွက်သွားသည့် သားနှင့်သမီးကို အန်တီစောက လိုက်ကြည့်ကာ သက်ပြင်းကို ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ခန်းကိစ္စလား...အန်တီစော"

"ဟုတ်တယ် မေ...ဒုတိယထပ်မှာ တွေ့တာ။ ထောင့်ခန်းဆိုတော့ မျက်နှာနှစ်ဘက် ရတာပေါ့။ သူတို့ကတော့ ရောင်းချင်တာ မေရေ...။ မဖြစ်ရင်တော့လည်း ရောင်းမယ်ပေါ့။ စောကတော့ မေ့ကို ဝယ်လိုက်စေချင်တာပဲ...ခဏ ခဏ ဒီဒုက္ခကြီး ဘာလုပ်တော့မလဲ မေရယ်...။ မေလည်း ဝယ်နိုင်နေတာပဲဟာ"

"အင်း...မေလည်း စိတ်ကြိုက်ကလေးတွေ့ရင် ဝယ်မယ်လို့ ဆုံးဖြတ်ထားသားပဲ"

"အဲဒါဆိုရင်တော့ ဆွဲထားလိုက်တော့ မေ...သူတို့က မဖြစ်လွန်းမှသာ ငှားချင်တာ။ ဝယ်ရင် ဈေးက ကြိုက်ဈေးပဲ။ စော သိရသလောက် သူတို့ ဗိုက်နာနေတယ်။ မေ့ကို ပြောတာနော်"

အန်တီစောကို မယုံရတာ ထိုကိစ္စမျိုးပင်ဖြစ်သည်။ ဘာကိစ္စပဲဖြစ်ဖြစ် ဟိုစကား ဒီစကားကလေး အပိုပြောလိုက်မှ အန်တီစော ကျေနပ်သူဖြစ်၏။

"သူ့ အတွင်းရေးကိစ္စကို မေ စိတ်မဝင်စားဘူး အန်တီစော။ သူတို့အားနည်းချက်ကို အခွင့်ကောင်းယူချင်တဲ့စိတ်လည်း မေ့မှာ မရှိပါဘူး။ မေ့မှာ ပိုတဲ့ငွေနဲ့ အဆင်သင့်ရင် ဝယ်မယ်။ မသင့်ရင် မဝယ်ဘူးပေါ့။ ဒါပါပဲ..."

"အို...စော သိပါတယ်...သိပါတယ် မေရဲ့။ မေ...ဈေးတွေ ဘာတွေဆစ်ရင် သတိရှိဖို့ ပြောတာပါ"

"ဘယ်လောက်တဲ့လဲ"

"အဲဒါ...မေးမထားဘူး။ စောက ပွဲစားလည်းမဟုတ်...ပြီးတော့ ဝယ်မယ့်လူက မေဆိုတော့ ဈေးကို မြင့်ပြောရင် ခင်မင်သူချင်း တစ်မျိုးဖြစ်သွားမှာ စိုးတယ်လေ...။ မေ သူတို့နဲ့ တွေ့မှာပဲ ဈေးကို ကိုယ်တိုင်မေးပေါ့။ စောက ကူညီပေးရုံပါပဲ"

ဒါဆိုရင်တော့...ရောင်းသူကို သူ့အတွက် ဈေးတင်ထားခိုင်း





ပြီးပြီဖြစ်ကြောင်း မေ နားလည်လိုက်သည်။ ကိစ္စမရှိ...မေက ဆုံးဖြတ်ထားသလိုပင် သူနိုင်သည့်ဈေးဆိုလျှင် ယူဖို့ စဉ်းစားထားပြီးပြီ။ ပြောစရာကလည်း ကုန်သဖြင့် စကားဝိုင်း ခေတ္တတိတ်ဆိတ်ကာ သွား၏။

"အင်း...မေ့ကလေးတွေတောင်မှ လူပျိုကြီး အပျိုကြီးဖားဖားတွေ ဖြစ်ကုန်ပြီနော်...မေတို့ကိစ္စက ဒီလိုပဲ တကယ်ပြီးသွား ပြတ်သွားကြတာလား..."

မေ့မျက်နှာ တင်းခနဲ ဖြစ်ကာသွား၏။ အခန်းဝကို လှမ်းကြည့်တော့ ဘယ်သူမှ မရှိ။ မေ ရင်တစ်ချက် ခုန်ကာသွားသည်။

"အန်တီစော...ဒီစကားကို ကျွန်မအိမ်မှာ ဘယ်တော့မှ မပြောပါနဲ့"

"မဟုတ်ဘူးမေ...မေ့ယောက်ျားနဲ့ စော...တွေ့ကြတယ်။ သူ အရင်လိုမဟုတ်တော့ဘူး။ တော်တော့်ကို အခြေအနေဆိုးနေတယ်။ ကလေးတွေကရော...သူတို့အဖေကို တွေ့ဖို့..."

မေ ဝုန်းခနဲ ထရပ်သည်။

"အန်တီစော...ဆိုင်ကိစ္စပြီးရင် ထွက်သွားပါတော့။ ထပ်ပြောမယ်...ရှင် အဲဒီကိစ္စကို ဘယ်တော့မှ မပြောပါနဲ့။ လုံးဝ ထပ်မကြားချင်ဘူး။ ဆိုင်ကိစ္စလည်း မေ လုံးဝစိတ်မဝင်စားတော့ဘူး"

အန်တီစော ဒေါသတကြီးဖြစ်နေသော မေ့ကို မျက်လုံးအဝိုင်းသားဖြင့် တအံ့တသြ ကြည့်နေသည်။ မေသည် ချက်ခြင်း ဘာကြောင့် ဒီလောက်ပြောင်းလဲသွားတယ်ဆိုတာကို နားမလည်နိုင်အောင် ဖြစ်ကာနေ၏။ ထိုစဉ်မှာပင်...

တံခါးဝမှ ကော်ဖီဗန်းကို ကိုင်ကာ စပါယ် ဝင်ကာလာ၏။ မေ မျက်လုံးပြူးကာ သွားသည်။ သို့သော်...စပါယ်က မတ်တပ်ရပ်နေသော သူ့ကို ကြည့်ကာ မျက်နှာတစ်ချက် ငယ်ကာသွား၏။

"ပါယ်...ကြာသွားတယ် မေမေ့...ရေနွေးက ကုန်နေလို့ပါနဲ့"

တခုန်းခုန်းခုန်နေသော ရင်ခုန်သံနှင့်အသိစိတ်ကို ထွင့်စေသော



www.burmeseclassic.com

www.burmeseclassic.com



ဒေါသကို ချက်ချင်းထိန်းသိမ်းကာ အခြေအနေကို ချက်ချင်းတွက်ရသည်။ သူ မတ်တပ်ရပ်နေတာကို သမီးက ကော်ဖီကြာသည့်အတွက် ထလာတော့မည်ဟု ထင်သွားပုံရသည်။ ဒါဆိုလျှင်…သမီးသည်…သူတို့ပြောခဲ့သည့်စကားတွေကို ဘာမှ မကြားနိုင်…။

မေသည် သမီးဖြစ်သူကို ပထမဦးဆုံး ဟန်ဆောင်အပြုံးတစ်ခု ပြုံးပြလိုက်ရသည်။

"ဟုတ်တယ်…မေမေ လိုက်လာတော့မလို့။ ညှိသည်က ပြန်တောင် ပြန်တော့မှာ သမီးရဲ့"

မလိုအပ်ပါဘဲ မေသည် ထပ်တောင်မှ ရယ်လိုက်မိသေးသည် ထင်သည်။ သမီးဖြစ်သူက အန်တီစောကို လှစ်ခနဲပြုံးပြကာ ကော်ဖီခွက်ကို ချပြီး ထွက်သွား၏။

ဘာကိုမှ နားမလည်သော အန်တီစောမျက်နှာ…၊ ရှေ့တွင် အငွေ့တထောင်းထောင်းထနေသော ကော်ဖီတစ်ခွက်…၊ သမီး အပေါ်ထပ်ကို တက်သွားသော ခြေသံသဲ့သဲ့။ မေသည် ဒေါသအားလုံးကို အသိနှင့် ခဏအတွင်း ထိန်းထားရ၏။ မေ…ရင်ထဲမှာကြပ်နေသော သက်ပြင်းကို တဖြေးဖြေးလျှော့ကာ ချရသည်။ အရာအားလုံးအတွက်…

"ကဲ…အန်တီစော ကော်ဖီသောက်လိုက်ပါ။ ဆိုင်ကိစ္စကိုတော့ မေ မလာတော့ဘူး။ အန်တီစော တစ်ခုမှတ်ထားဖို့က မေ့မှာ ယောက်ျား ဆိုတာ မရှိတော့ဘူး…သေပြီ၊ ဒီကိစ္စကို နောင်…ဘယ်တော့မှ မပြောပါနဲ့"

တင်းမာပြတ်သားသော မေ့စကားသံနှင့် မေ့အမူအရာကို ပိုရှုံ့အံ့သြစွာ အန်တီစော ငေးနေ၏။ ထိုစကားသံအရဆိုလျှင် မေနှင့်သူသည် ဒုတိယအကြိမ် ပြတ်ဆဲကြပြန်ပြီဆိုတာကို အန်တီစော နားလည်လိုက်သည်။

ဝတ္တရားကျေရုံ သောက်သွားသော အန်တီစော၏ ကော်ဖီခွက်နှင့် မေ…ညှိခန်းထဲတွင် ကျန်ခဲ့၏။ မေ…မျက်နှာကို လက်ဝါးနှင့်





အုပ်ကာ ငြိမ်သက်ပြီး စဉ်းစားနေခဲ့သည်။ အတိတ်ဆိုတာ ဖျောက်လို့ မေ့လို့ မရဟု ပညာရှိတွေ ဆိုကြသည်။ ပုံ၊ ဝတ္ထု၊ သာဓကများစွာလည်း ရှိပါ၏။ အလျှင်ကတော့ ထိုကိစ္စကို မေ ရယ်မောခဲ့သည်၊ အားတင်းခဲ့သည်။ သူက မေ့လို့ ရပြီလား…ဖျောက်လို့ရဖို့ သေချာခဲ့တာကိုး…စီစဉ်ခဲ့တာကိုး…။

အခုတော့ ငါးဆယ်သာ မှန်တော့သည်တဲ့လား…။

မေ့လို့ရတာက သူတစ်ယောက်တည်းကိစ္စ၊ ဖျောက်လို့မရတာက ပတ်ဝန်းကျင်ကိစ္စ။

ဆယ့်ကိုးနှစ်နီးပါး သူ အသေအချာ မေ့ခဲ့ပြီးပါပြီ၊ သို့သော်…ဆယ့်ကိုးနှစ်နီးပါးရှိမှ ဘာကြောင့် ပျောက်မသွားရသနည်း…။ ဖျောက်လို့ မရ ရသနည်း…။

မေသည် သူ့ကိုသူ တပ်လှန့်သတိပေးလိုက်၏။

အရာရာမှာ သတိထားရတော့မည်။ ထိုသတိအတွက်…မေသည် ပထမဦးဆုံး မီးဖိုချောင်ကိုပါ ဝင်ဖို့ သတိမမေ့ခဲ့ပါ။ ဓာတ်ဘူးတွေကို ကြည့်တော့ တစ်လုံးက လုံးဝရေနွေးမရှိ၊ တစ်လုံးက ရေနွေး သုံးပုံနှစ်ပုံ ရှိနေသည်။ မေ…မောကာ ရင်ကို ဖိရသည်။

ဒါဆိုလျှင်…သမီးသည် တကယ့်ကို ရေနွေးမရှိ၍ တည်နေခြင်းသာ ဖြစ်ရမည်။ သမီး အန်တီစော၏စကားကို မကြားနိုင်ပါ။ နဖူးမှာ စို့နေသောချွေးကို မေ…အခုမှ သုတ်ရသည်။ သားနှင့်သမီးရှိရာ အပေါ်ထပ်သို့ ရောက်တော့ မေ အသာချောင်းကြည့်ရသည်။

သားက CD Game ကစားကာနေ၏၊ သမီးက ကက်ဆက် တိုးတိုးဖွင့်ကာ ကုတင်ပေါ်မှာ စာဖတ်ကာ နေ၏။ မေ ခြေကိုဖော့ကာ အောက်ထပ်ပြန်ဆင်းရင်း အခန်းထဲသို့ ဝင်ရသည်။ ဒီည…ပုတီးမစိပ်နိုင်တော့။ ရင်ထဲမှာ…မောနေသည်။

ဆယ့်ကိုးနှစ်နီးပါး သူ ပင်ပန်းကြီးစွာ ကြိုးစားခဲ့ရပြီးမှ သားနှင့် သမီးရင်ထဲမှာ အဖေဆိုတာကို ရောက်အလာ မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုကိစ္စသည် သူ့မာန၊ သူ့ဒေါသနှင့် သူ့အကြောက်တရား တစ်ခုသာ ဖြစ်ပါသည်။

❁❁❁





(လေး)

"ဟာ…အဲဒီလိုတော့ မလုပ်ပါနဲ့ ညီမလေးရာ…"

"ဟင်…ကိုကို့အလှည့်တုန်းကလည်း ကိုကို CD Gam[illegible] ဝယ်တာပဲ မဟုတ်လား"

စံပါယ်က မျက်စောင်းထိုးကာ နှာခေါင်းရှုံ့ရင်း တစ်တက်[illegible] လှည့်၏။ ကိုကိုက…စံပါယ်လှည့်ရာဘက်သို့ အတင်းလိုက်ကာ သွား[illegible] သည်။

"မဟုတ်ဘူးလေ…အဲဒီ Game ကို ညီမလေးလည်း ကာ[illegible] တာပဲ မဟုတ်ဘူးလား"

"ဟွန်း…ဆယ့်ခါ တစ်ခါပါ။ ခေါင်းမူး…မျက်စေ့နောက်[illegible] လို့ ညီမလေးအလှည့်ကျမှ အဲဒီလိုမလုပ်ပါနဲ့…ညီမလေးလိုချင်[illegible] ယူမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကိုကို တော်တော်စိတ်ညစ်သွားသည်။ ညီမအသည် တစ်ခါတစ်ရံ အမေနှင့် သိပ်တူသည်ဟု တွေးမိ၏။ သို့သော် ညီမလေးသည် သူ့ကိုတော့ ချစ်ပါသည်။ ဘာပဲဖြစ်ဖြစ် ဒီစိတ်ကလေးကို အားကိုးကာ တောင်းပန်ဖို့ စဉ်းစားရသည်။

"ညီမလေးရာ…မေမေ့ဆီက အခွင့်အရေးတစ်ခု ရဖို့ဆိုတာက လွယ်တာမဟုတ်ဘူး။ တစ်ခုပေးမှ တစ်ခုရတာ ညီမလေးရဲ့…။ ဒီအခွင့်အရေးကို ညီမလေးတစ်ယောက်တည်းယူမယ်ရင်…ကိုကိုပြောတာက ညီမလေး မခံစားရဘူး မဟုတ်ဘူးနော်…ညီမလေးရော ကိုကိုရော မေမေရော ပျော်ရရင် ပိုမကောင်းဘူးလား…။ အဟဲ…ညီမလေးက တော့ ဆရာကြီးပေါ့။ ကိုကိုက ညီမလေးကို ကပ်ပြီး ပျော်မှာလေ… နော်…ညီမလေး"

ကိုကို့စကားကြောင့် ညီမလေးမျက်ဝန်းမှာ မာနရောင်ဖျော့ကာ သွား၏။ ပြီးတော့ ကိုကို့ကို လှည့်ကာကြည့်သည်။

"အားလုံးပျော်ရဖို့…ညီမလေးက ဘာတောင်းဆိုရမှာလဲ"

ဒေါ်တင်မေကျော် အသာ အောက်ထပ်သို့ ပြန်ဆင်းခဲ့ပါသည်။

သားပြောသလို တစ်ခုပေးမှ တစ်ခုပြန်ပေးတတ်သောကိစ္စကို ဒီနေ့မှစ၍ လျှော့လိုက်ဖို့ပါ ဆုံးဖြတ်ရ၏။ ဒီစိတ်ကလေးဝင်အောင် ငယ်စဉ်ကတည်းက သူ ကြိုးစားခဲ့ရသည်။ တစ်ခုခုလိုချင်လျှင် တစ်ခုခု ကြိုးစားရမည်ဆိုတာ သူ့ဥပဒေ မဟုတ်ပါ။ လောကကြီး၏ ဥပဒေတစ်ခုသာဖြစ်၏။ ထိုဥပဒေကို သားတို့ ကျင့်သားရပြီဆိုလျှင် သူ ကျေနပ်ပါပြီ။

အခု ဂုဏ်ထူးတန်း ဝင်သည့်အတွက် သမီးမှာ တောင်းဆိုပိုင်ခွင့် ရှိနေသည်။ သမီး ဘာရွေးချယ်မလဲ…။ ဒေါ်တင်မေကျော် မသိချင်ပါ။ သမီးဆန္ဒကို လိုက်လျောရမည်။ ထိုဆန္ဒမှာ သားပါ ပါဝင်နိုင်သည့် ဆန္ဒမျိုးဆိုလျှင် ပို၍ပင် လိုက်လျောရမည်။

သားမှာ ပျော်ရွှင်မှု သိပ်နည်းနေသလား…။ သားက သူ့





သား…ကားဆရာ ဦးမြင့်ကို ကားအသေအချာစစ်ထားပါလို့…နောက် နှစ်ရက်နေရင် ချောင်းသာကို မေမေတို့အားလုံး ခရီးထွက်ကြမယ်"

စကားဆုံးတော့ သားက ခုန်ကာ လက်သီးကို လေထဲမြှောက်ထိုးရင်း အားရဝမ်းသာဖြစ်သည်။ သမီးက အစ်ကိုဖြစ်သူကို ပြုံးကာကြည့်၏။

"သမီးရဲ့ တစ်ဦးတည်းကြိုးစားမှုပေမယ့် အားလုံးလိုအပ်နေတဲ့ ပျော်ရွှင်မှုကို ရွေးပေးတဲ့အတွက် သမီးကို မေမေ ချီးကျူးပါတယ်"

"ဟုတ်…မေမေ"

သမီးက ကျေနပ်စွာ ခေါင်းကို ညိတ်သည်။ သားက သမီးပုခုံးကိုဖက်ကာ…

"လာ…ဦးမြင့်ကို သွားပြောမယ်"ဟုဆိုကာ ထွက်သွားကြ၏။ ဒေါ်တင်မေကျော် ပြုံးကာကြည့်ရင်း ခရီးထွက်ရမည်ဆိုသော အတွေးဖြင့် လန်းဆန်းကာ သွား၏။

သူလည်း တကယ်ကို ဆိုင်နှင့်အိမ် ပင်ပန်းလှပါပြီ။

ချောင်းသာမှာ…တစ်ပတ်လောက်တော့ အနားယူဖို့ ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

နှင်းမှုန်စများ တစ်စတစ်စ ကွဲသွားကြသဖြင့် ပတ်ဝန်းကျင် မြင်ကွင်းသည်ကား နံဘေးတွင် ရှင်းလင်းစွာ မြင်စပြုလာပြီဖြစ်သည်။ ဆောင်ဦးစ ရိတ်သိမ်းပြီးကာစ လယ်ကွက်များ…မရိတ်သိမ်းရသေးသော ရွှေဝါရောင်စပါးများ…ဆောင်းစပါးအတွက် ထွန်ပြီးစ လယ်မြေများ… အားလုံး နံနက်ခင်းနေရောင် လက်ကျန်နှင်းစတို့ဖြင့် အေးမြတိတ်ဆိတ် ငြိမ်သက်နေကြသည်။ အဝေးရှိ သစ်ပင်အုပ်တွေထဲမှာတော့ နှင်းဆတွေ ဖြူနေဆဲ…။

လယ်ကွက်အတွင်းမှာ အရုဏ်ဦးစ ဗျိုင်းငှက်ကလေးတွေကို တွေ့ရ၏။ လယ်ကွင်းထဲ ဆင်းနေကြသော…လယ်ကွက်ထဲသို့ လာနေကြသော လယ်သမား လယ်သူမများကိုလည်း တွေ့ရ၏။ ရန်ကုန်မှ နံနက်ခြောက်နာရီတွင် ထွက်ခဲ့ကြသဖြင့် နံနက်ကိုးနာရီတွင် မြင်ရသော



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းသည် ရန်ကုန်မြို့နှင့် လုံးဝကွာခြားသွားသည်ကို တွေ့ရလေသည်။

ဒေါ်တင်မေကျော် နောက်ကြည့်မှန်မှ အသာခိုးကြည့်တော့ သားနှင့်သမီးသည် ပြူတင်းပေါက် တစ်ဖက်တစ်ချက်မှာ လယ်ကွင်းစိမ်း အဝေးက နှင်းမြူဖြူဝေနေတဲ့ တောအုပ်၊ ဟိုး…ကောင်းကင်ပြင်အထိ မျက်စေ့တစ်ဆုံး မြင်ခွင့်ကို ကလေးတွေ ငေးနေကြဟန် တူပါသည်။ ခရီးထွက်လိုက်တော့မှ တည်ငြိမ်စပြုနေသော သားနှင့်သမီးမျက်နှာပေါ်တွင် တအံ့တသြဖြစ်နေသော ကလေးတုန်းက အသွင်အပြင်ကို ဒေါ်တင်မေကျော် ပြန်မြင်ရ၏။

“ဟယ်…ကိုကို…ဖျင်းကလေးတွေ တွေ့လား…ဖျင်းကလေးတွေ လယ်ကွက်ထဲမှာ…”

“တွေ့သားပဲ…ခုန ကိုကို့ဘက်မှာ အများကြီး…”

“ရောဝတီတိုင်းဆိုတာ အဝေးကြီး ထင်တာနော်…အခုတော့ နီးနီးကလေး မေမေရဲ့…ရောဝတီကို ရှစ်နာရီလောက်ကတည်းက ဝင်တာ”

သမီး၏စကားသံ စာစာကြောင့် သူ ပြုံးမိသည်။ ‘ရောဝတီတိုင်းမှ ကြိုဆိုပါ၏’…ဆိုသော နှုတ်ခွန်းဆက်ဆိုင်းဘုတ်ကြီးကို သမီး တွေ့ခဲ့ဟန် တူသည်။

“ရောဝတီက ရေလမ်း၊ ကုန်းလမ်းရှိတာ သမီးရဲ့။ မေမေတို့က အနီးဆုံးကုန်းလမ်းက လာကြတာကိုး…”

သမီးက ဘာအသံမှ မထွက်တော့ဘဲ ပြူတင်းကို ပြန်ကာ ငေး၏။ ကားက ပန်းတနော်ကို ကျော်ခဲ့ပြီဖြစ်သည်။ ကားအရှိန်နှုန်းက အနည်းငယ်မြန်နေသလို ထင်ရ၏။ သို့သော်…ကားဆရာဦးမြင့်ကို သူ့အိမ်မှာ အနှစ်(၂၀)နီးပါး တာဝန်ထမ်းဆောင်ခဲ့သည့်အတွက် ဆွေမျိုးတွေလို ဖြစ်နေပြီ။

“တံတားကို ကိုးနာရီဆယ့်ငါးလောက် ဖြတ်ရမယ် မမလေး။





တံတားအခြေက ဆိုင်မှာ မနက်စာ စားသောက်ပြီး ပုသိမ်က ရှောပြာဆိပ်ကူး ဖက်ကို ဆယ့်တစ်နာရီလောက် ဝင်မှ…။ ဆယ့်တစ်နာရီဖက် ရှိတယ်”

သူလှည့်ကြည့်ရုံနှင့်ပင် အလိုက်သိသော ဦးမြင့်က ကားရှတ်တရက်မြန်သွားခြင်းအကြောင်းကို ရှင်းပြသည်။ သူ ခေါင်းတစ်ချက်ညိတ်ရင်း ပြူတင်းကို အနည်းငယ်ဟကာ လယ်ကွင်းများဆီ လတ်ဆတ်သောလေကို ရှူနေခဲ့သည်။

မကြာမီ စကြော့သို့ဝင်ပြီး တံတားသို့ ကားကလေးက ဦးတည်ကာ နေ၏။

တံတားကြီးကို လှမ်းမြင်ရတော့ သားနှင့်သမီးက အံ့သြကြသည်။ ဦးမြင့်က ကားမောင်းရင်း ရှင်းကာပြ၏။

“အဲဒါ…ဗိုလ်မြတ်ထွန်းတံတားခေါ်တယ်။ ဒီတံတားမရှိခင်က စကြော့နဲ့ ညောင်တုန်းကို ဖက်နဲ့ ကူးရတာ…။ ဖက်က နှစ်စင်းပဲရှိတော့ ကားတန်းစီရတာနဲ့၊ ဖက်စောင့်ရတာနဲ့ ညောင်တုန်းကို ဆယ့်တစ်နာရီလောက် ရောက်တာ။ အခု…ဒီတံတားပေါ်ကဖြတ်တော့ ညောင်တုန်းကိုလည်း တစ်ဝက်ဖြတ်ပြီးသား ဖြစ်ရော…”

ကားက မြစ်ပြင်ကျယ်ပေါ်မှ တံတားကို ဖြတ်ကာ သောင်ထွန်းစပြုနေသော မြစ်ပြင်ကို နံနက်နေရောင်ခြည်မှာ လှပစွာမြင်ရ၏။ သမီးနှင့်သားက သူတို့မြင်ရသည့် မြင်ကွင်းတွေကို အော်ဟစ်ဝမ်းသာစွာ ပြောနေကြသည်။ နောက်ဆိုလျှင်…ခရီး မကြာခဏထွက်ပေးဖို့ သူ ဆုံးဖြတ်လိုက်သည်။ ခရီးထွက်ခြင်းသည် စီးပွားရေးကိစ္စ မဟုတ်သရွေ့ လူတစ်ယောက်၏စိတ်ကို များစွာ အသိရစေကာ ရင့်ကျက်ပြောင်းလဲနိုင်သည်ဟု သူ သိထားပါသည်။

“တံတားအောက်ကဆိုင်မှာပဲ မနက်စာ စားမယ်မဟုတ်လား မမလေး”

ဦးမင်းအင်ကို သူ ပြုံးကာ ခေါင်းညိတ်ပြရ၏။



www.burmeseclassic.com

www.burmeseclassic.com

မုန့်ဟင်းခါးတစ်ပွဲစားပြီး သူ ထင်ထားသလို ရန်ကုန်မုန့်ဟင်းခါးမျိုး မဟုတ်သဖြင့် သမီး စိတ်ညစ်ကာ မုန့်ပန်းကန်ကို မွှေနှောက်နေသည်ကို ဒေါ်တင်မေကျော် တွေ့ကာ ပြုံးရသည်။

"ရန်ကုန်မုန့်ဟင်းခါးလို့ မဟုတ်လို့ စိတ်ညစ်နေသလား သမီး။ ဒီလိုပဲ...ကိုယ့်အရပ် ကိုယ့်ဒေသကို ကျော်လိုက်တာနဲ့...လူတွေရဲ့ အစားအသောက်၊ အနေအထိုင်၊ အလုပ်အကိုင်တွေက အားလုံး ပြောင်းလဲသွားတာပဲ...။ ခရီးထွက်တယ်ဆိုတာ အဲဒါတွေကို ကိုယ်တိုင်ကြုံတာပဲ...ခံစားရတာပဲ။ သမီးက စာရေးချင်တဲ့သူဆိုတော့ ဒီလိုကြုံတာ ပိုကောင်းတာပေါ့"

စပါယ်က မွှန်းကို အသာချကာ နှာခေါင်းကို ရှုံ့၏။ ပတ်ဝန်းကျင်မှာ မုန့်ဟင်းခါး အားပါးတရ စားနေသူတွေကို ကြည့်သည်။

"ပါယ်...စားလို့ မရဘူး မေမေ...ဘာစားရမလဲ"

"ဒါ့လိုပဲ ကော်ဖီမစ်နဲ့ ပေါင်မုန့်မီးကင် စားပေါ့ဟ။ ဒါကတော့ ဘယ်နေရာဖြစ်ဖြစ် အတူတူပဲလေ..."

ကိုကို့စကားကြောင့် စံပါယ့်ကို အားလုံး ဝိုင်းရယ်ကြသည်။

စားသောက်ပြီးကြတော့ ကားပေါ်ပြန်တက်ကြ၏။ ပုသိမ်ကို ဆယ့်တစ်နာရီဖက်အမီ ရောက်မှဖြစ်မည်။

"ပုသိမ်ကျမှ စားပေါ့ စံပါယ်လေးရာ...ပုသိမ်က ထမင်းဆိုင်တွေက ရန်ကုန်က ဆိုင်တွေလိုပါပဲကွာ။ ရန်ကုန်ထက်တောင် ကောင်းသေး...ပုသိမ်က အကောင်းဆုံးဆိုင်ကို ပို့ပေးမယ်။ ဟုတ်ပြီလား"

ဒရိုင်ဘာကြီးဦးမြင့်စကားကို စံပါယ်က နှာခေါင်းလေးရှုံ့ကာ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် အသိအမှတ်ပြု၏။ ဆိုင်ကထွက်ပြီး ပုသိမ်မရောက်ခင် လမ်းတစ်ဝက်ကျတော့ စံပါယ်ရော သားပါ ငိုက်နေကြ၏။ လယ်ကွင်းတွေချည်းသာ မြင်ကွင်းရှိသောကြောင့်၊ နံနက်စောစော အိမ်ရာမှ ထရသောကြောင့်၊ ကားပေါ်မှာ ခရီးဝေးတောက်လျှောက် လိုက်ရသောကြောင့်ဖြစ်သည်။





ဒေါ်တင်မေကျော်ကတော့ ကားပေါ်မှာ မျက်စေ့မှိတ်လိုက်ရင်း မေတ္တာသုတ်ကို ရွတ်နေ၏။ ကားဆရာကြီးတစ်ယောက်ကာ မငိုက်မအိပ်ဘဲ တာဝန်ကျေအောင် Parado ကားကလေးကို သတိနှင့် မောင်းနေခဲ့သည်။

ပုသိမ်ရောက်ပြီး ခကြီးထမင်းဆိုင်မှာ ထမင်းစားကြပြီးတော့ ဖက်ဆိပ်ကို ဆင်းကြသည်။ အချိန်ကိုက်မောင်းသည့်အတိုင်း ဆယ့်တစ်နာရီဖက်ကို မီပါသည်။ ဖက် တစ်ခါမှမစီးဖူးသဖြင့် သမီးနှင့်သားက ပျော်နေကြသည်။ ထိုဖက်က ဆယ်မိနစ်သာ ကြာပါသည်။ ကမ်းက လှမ်းမြင်ရတာကိုး...အနီးကလေးသာ ဖြစ်၏။

ဖက်ပေါ်တက်ပြီးကတည်းက ထမင်းကောင်းကောင်း စားလိုက်ရလို့လား မသိ၊ သားနှင့်သမီးရော ဒေါ်တင်မေကျော်ပါ ကားပေါ်မှာ တစ်ချက် တစ်ချက် ငိုက်ရသည်။ ကားက တောင်ပေါ်တက်ပြီး အကွေ့အကောက်တွေကြောင့် ဆက်အိပ်၍ မရမှ နိုးကာလာ၏။

ကားလေးထဲမှာ အင်္ဂလိပ်အက္ခရာ ဇီ(Z)ပုံစံ ဇောက်ထိုးအကွေ့များကြောင့် ဒေါ်တင်မေကျော် အနည်းငယ် ထိပ်လန့်မိသည်။ နံဘေးမှာသော...ဒါမှမဟုတ် ချောက်။ နံရံက တောင်ကပါးယံ။ ကားလမ်းက တစ်စင်းစာ...နှစ်စင်းဆုံလျှင် ဦးရာတစ်စင်းက ကပါးယံဘက် ကပ်ကာ သွားရ၏။

"အစ်ကိုကြီး ဖြည်းဖြည်းမောင်းနော်၊ ဘယ်တော့ရောက်ရောက် ပါ့။ အကွေ့တွေမှာ ဟွန်းတီးကွေ့ပါ"

"ဟုတ်ကဲ့ မမလေး၊ စိတ်ချပါ"

သားနှင့်သမီးလည်း အိပ်ငိုက်နေရာမှ နိုးကာ ပြောင်းလဲသွားသော မြင်ကွင်းကို ကြည့်ကြ၏။ တစ်ခါတစ်ရံ ချောက်ကြီးတွေအောက်မှာ အေးမြသော ချောင်းကလေးတွေကို တွေ့ရတတ်သည်။ ချောင်းသေးသေးကလေးတွေကို ဆက်ထားသော တံတားကိုရောက်လျှင် ဦးမြင့် ရှည်သာသည်ဖြစ်စေ...ကားက မြောက်တက်သွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"တောင်ပေါ်ကို ဘယ်လိုရောက်လာတာလဲ မေမေ"

"မှတ်ထား သား...ပင်လယ်တို့မည်သည် ဘယ်မှာပဲရှိရှိ တောင်တွေရဲ့ တစ်ဘက်မှာပဲ ရှိတယ်...ဘယ်ပင်လယ်ကို ရောက်ချင် ရောက်ချင် တောင်တွေကိုတော့ ကျော်ရတာပဲ"

သားအသံ တိတ်သွား၏။ တောင်ကြီးတွေကို ငေးနေသည်။

"ဘယ်တော့ရောက်မှာလဲ...ဟင်"

"ဥတ္တိုဆိုတဲ့ တံတားကို ရောက်ပြီးရင် ဆယ့်ငါးမိနစ်ပဲ"

သမီးက ပုခုံးကိုတွန့်ကာ "ဥတ္တို...တဲ့"ဟု ရယ်ဟာဟာ ပြော၏။

ဒေါ်တင်မေကျော်ကတော့ ရှေ့လမ်းသာ သတိတကြီး ကြည့်နေမိသည်။ ရုတ်တရက် ကားရှေ့မှာ မတ်စောက်သော ကုန်းအဆင်းလမ်းမကြီးကို တွေ့ရသည်။ ဦးမြင့်က ဘရိတ်ကို နင်းကာ အရှိန်နှင့် သတိတကြီး ဆင်းရ၏။ အောက်ဘက်မှာ...ချောင်းနှင့်တံတားကို လှမ်းမြင်ရ၏။ ဥတ္တိုချောင်းဆိုတာပဲ ဖြစ်လိမ့်မည်။

တံတားပေါ်ရောက်တော့ နံဘေးမှာ...ကြမ်းအခင်းတွေခွါပြီး တိုင်ငုတ်တွေကိုသာ ကျန်သော တံတားအဟောင်းကို တွေ့ရသည်။

"တံတားအဟောင်းနဲ့တုန်းက ကားပဲ ဖြတ်မောင်းခွင့် ရှိတယ်။ လူတွေက အောက်က ဆင်းလျှောက်ရတာ။ ဒါ...ချောင်းပေမယ့် ပင်လယ်ရေလေ...ပင်လယ်ထဲက စီးဝင်တာ"

"ဒါဆို...ပင်လယ်နဲ့ နီးနေပြီပေါ့နော် လေးလေးအင်"

"ဒီတစ်တောင်ကျော်ရင် ရောက်ပြီ"

နောက်ခန်းက သားနှင့်သမီး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြ၏။ တံတားကို ဖြတ်ပြီးတော့ မတ်စောက်သော ကုန်းအတက်ကို တက်ရပြန်သည်။ ကားလမ်းဘေး လျှိုကြီးတွေအစပ်မှာ...ကုန်းအမြင့်ကလေးတွေပေါ်မှာ အိမ်ကလေးတွေကို တွေ့ရသဖြင့် ဒေါ်တင်မေကျော် ငေးနေမိသည်။ ကားက အကွေ့တစ်ကွေ့ကို ကွေ့ပြီး...ရုတ်တရက် ဘရိတ်အုပ်လိုက်သဖြင့် သူ လန့်ဖြန့်ကာ ကြည့်လိုက်တော့ လဲနေသော





လူတစ်ယောက်ကို ရိုပ်ခနဲ ...က မြင်မကောင်း။ ဒေါ်တင်မေကျော် ...ယက်ဖျားတွေအေးစက်ကာ ချွေးတွေ ချက်ချင်း

"အမလေး..."

ဒေါ်တင်... ရင်ထဲမှာ ဆို့ကာ ခေါင်းက ဖျပ်ခနဲ ဆတ်ခနဲ

"တိုက်...ချင်နေသည်။ ခြေထောက်မှာ အားက မရှိတော့။ ...ဘာ ထိုမြင်ကွင်းကို မမြင်ရအောင် အားထုတ်ရသည်။

စပါယ် တအံ့တသြဖြင့် မေမေ့ကို ဖက်ထားရသည်။ မေမေ... ကျော်...ဖြစ်သွားရတာလဲ...။ ကားရှေ့မှာ မှုးလဲနေသည့် လူကြီးတစ်ယောက် ...ကြောင့် လမ်းပိတ်နေသည်...ဒါပဲဖြစ်သည်။ အမြဲတမ်း စိတ်ဓာတ်ကြံ့ခိုင်သောမေမေ...ဘာကြောင့် ဒီလောက်တုန်လှုပ်ရတာလဲ...။ အတွေးထဲမှာ စပါယ် နားမလည်နိုင်စွာဖြင့် မေးရင်း မေမေ့ကို နှစ်သိမ့်ရ၏။

"ဘာမှမဟုတ်ပါဘူး မေမေရဲ့၊ လူကြီးတစ်ယောက် မှုးလဲနေတာပါ"

"မေမေ့ကို ကားပေါ်ကိုသာပို့ပေး သမီး...ကားပေါ်ပဲ ပို့ပေး... မေမေ မမြင်ချင်ဘူး"

ကားပေါ်ရောက်တော့ စိတ်ကိုထိန်းကာ မျက်စေ့မှိတ်ထားရင်း သမီးပေးသော ရှူဆေးကို ရှူကာ နေရ၏။

"ဟာ...ဒီလူ ဖြစ်ပြန်ပြီလား"

"အေးဗျာ...ကားလမ်းမအလယ်မှာ လဲနေတာတွေ့လို့၊ ကံကောင်းလို့ပေါ့ဗျာ...ခင်ဗျားတို့ သူ့ကို သိလား"

"သိတယ်...ရှေ့အကွေ့ အိမ်စုကလေးတွေမှာ နေတာ...ဒီလိုပဲ အမြဲတမ်း မူးနေကျ"

"အဲဒါဆို ဘယ်လိုလုပ်ကြမလဲ လေးလေး"

"ညှော်သည်တွေ မဟုတ်လား...ဘာမှမလုပ်နဲ့၊ ဒီမှာပဲ ဘေးမှာ ချထားပါ။ ကျွန်တော် နောက်တစ်ယောက်သွားခေါ်ပြီး...သယ်ပေးပါ့မယ်"

ကားပေါ် ဦးမြင့် ပြန်တက်လာပြီး ကားမောင်းထွက်သည်အထိ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မေကျော် မျက်စေ့ကို မှိတ်ကာ လိုက်လာ၏။ ရုတ်တရက် ထိပ်လန့်သွားသည့်စိတ်ကို အံ့ဩနေမိသည်။ ရန်ကုန်ရောက်လျှင်တော့ သရာဝန်နှင့် ဂရုတစိုက်ပြကာ ဆေးစားဖို့ စိတ်ဦးရတော့မည်။ အတွေးကိုယ်စီနှင့် ကားစက်သံမှတစ်ပါး တိတ်ဆိတ်နေကြ၏။ တောင်ဆင်းလမ်းကို ဆင်းလိုက်ပြီးသည်နှင့် အုန်းပင်တွေကို စတွေ့ရသည်။

ထို့နောက်...အုန်းပင်တွေကြားမှာသွားခနဲတွေ့ရသော ပင်လယ်ပြာပြာ...လှိုင်းခေါင်းဖြူဖြူတွေ...။ နောက်မှ ကိုကိုနှင့်ဝပါယ်က ဟေးခနဲ ပြိုင်တူအော်လိုက်ကြသည်။

ချောင်းသာ Hotel မှာ အခန်းယူနေတုန်း ကလေးနှစ်ယောက်က သောင်ပြင်ထဲ ပြေးဆင်းသွားကြ၏။ နှစ်ယောက်ခန်း နှစ်ခန်းယူပြီး ဝန်ထမ်းနှင့် ဦးမြင့်ကို အိတ်များဖြင့် လွှတ်ကာ Reception ရှေ့က ခုံတန်းကလေးမှာထိုင်ရင်း လှိုင်းလုံးဖြူဖြူတွေ ပြေးလာနေသောသောင်ပြင်၊ ပြာလဲ့နေသော ပင်လယ်ပြင်ကြီးကို ဒေါ်တင်မေကျော် ငေးကာကြည့်ရင်း စိတ်ထဲမှာ ပြန်လည်ပျော်စ ပြုလာ၏။

"မေမေ...အကျီလဲလေ...ရေထဲ ဆင်းကြရအောင်။ လုပ်ပါ မေမေရ...လာ"

"ဟဲ့ဟဲ့...ကောင်လေး...နေပါဦး။ သားနော်...ဟဲ့...သမီး...ခြော်...ကြည့်ပါလား...ဟဲ့ ဟဲ့"

ရေထဲဆင်းပြီး ပြန်ပြေးတက်လာသဖြင့် ရေတစ်ဝက်စိုနေသော သားနှင့်သမီးက လူတွေရှေ့မှာပင် ဒေါ်တင်မေကျော်ကို အတင်းဆွဲခေါ်သွားကြ၏။ ဒေါ်တင်မေကျော် ရုန်းရင်း၊ ကန့်ရင်း၊ အော်ဟစ်ရင်း ပါသွားသည်ကို လူတွေက ပြုံးကာ၊ ငေးကာ ကြည့်ကြသည်။

တစ်ခြားတစ်နေရာမှာဆိုလျှင် သားသမီးနှစ်ယောက်က ဒီလို အတင်းဆွဲသွားဖို့ နေနေသာသာ အရှေ့မှာရပ်ပြီး...မတိုင်ဘဲ စကားပြောသည်ကိုပင်လျှင် လုပ်ရဲကြမည်မဟုတ်။

သို့သော်...စိတ်ကိုပျော်ရွှင်လွှတ်လပ်သွားစေနိုင်သော ပင်လယ်





ကြီးရှေ့မှာတော့ တင်းကြပ်သောမိသားစုစည်းကမ်းသည် လွတ်လပ်သော ပျော်ရွှင်မှုခံစားချက်သို့ ကူးပြောင်းသွားခဲ့လေသည်။

ညနေရီ နေလုံးကြီး နီရဲကာ ပင်လယ်ထဲသို့ ထိုးဆင်းသွားသည်အထိ သားအမိသုံးယောက် လှိုင်းစီးကြသည်။ ဘောကွင်းကလေးအပေါ် တငြိမ့်ငြိမ့် ပက်လက်လှန်ရင်း တိမ်ကင်းစင်သော ကောင်းကင်ပြာကြီးကို မော့ကြည့်ရသည့်အရသာက ဘာနှင့်မှ မတူ။ သမီးက ဘောကွင်းကို ချိုင်းအထိ စွပ်ချကာ ပြေးဝင်လာသော လှိုင်းလုံးကြီးနှင့် တည့်တည့်ရင်ဆိုင်ရင်း လွင့်ခနဲ မြောက်တက်သွားတိုင်း အသံစူးစူးကလေးဖြင့် အားရဝမ်းသာ အော်တတ်သည်။ ရေကူးချွန်ပီယံဖြစ်သော သားက ခါးသာသာရှိသော ပင်လယ်ရေကို မကျေမနပ်ဖြစ်ကာ ရေနက်ပိုင်းအထိ သွားနေသဖြင့် ဒေါ်တင်မေကျော် စိုးရိမ်ကာ ခေါ်ရ အော်ရသေး၏။

ညရောက်တော့ ပင်လယ်ကမ်းခြေက ရွှေပင်လယ်စားသောက်ဆိုင်မှာ ပင်လယ်စာဖြင့် ညစာကို စားကြသည်။ ကမာချိုချဉ်၊ ကဏန်းချဉ်စပ်၊ ကင်းမွံသုပ်၊ ပင်လယ်ကျောက်ပုစွန်သုပ်တို့နှင့် ထမင်းစားမြိန်လိုက်သည်ဖြစ်ခြင်း။ ထမင်းစားပြီးတော့ အဆောင်ရှေ့ ဝရန်တာမှာ ခုံတွေချကာ ထိုင်ကြသည်။

သားက ဦးမြင့်နှင့်တစ်ခန်း၊ သမီးက အမေနှင့်တစ်ခန်း တည်းကြမည်ဖြစ်သည်။

တစ်နေ့လုံး ခရီးပန်းလာခြင်း၊ ညနေတစ်ခင်းလုံး ရေကူးလှိုင်းစီးခဲ့ခြင်း၊ ထမင်းစားကောင်းခြင်းတို့ကြောင့် ညရှစ်နာရီမှာပင် ဒေါ်တင်မေကျော် သမ်းနေပြီ၊ မျက်ခွံတွေ လေးနေပြီဖြစ်သည်။ နှစ်ယောက်ခန်းတစ်ခန်းကို ဘန်ဂလိုတစ်လုံး ထားသဖြင့် သူတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်နေရပါသည်။ နံဘေးက ဘန်ဂလိုက နောက်နေ့ပြန်မည်ဟု ပြောသံကြားပြီး မီးပုံပွဲကလေးတစ်ခု ကျင်းပကာနေ၏။ ဒေါ်တင်မေကျော် သမ်းပြန်သည်။ ခန္ဓာကိုယ်က နားချင်နေပြီဖြစ်၏။

ရှစ်ကြိမ်မြောက်သမ်းလိုက်သော မိခင်ဖြစ်သူကို ခိုးကြည့်ကာ ကိုကို ရင်ထဲမှာ ကြိတ်ပြုံးမိသည်။

မေမေ ပင်ပန်းနေပြီ။ မကြာမီ အိပ်တော့မည်ဆိုတာကိုလည်း သူ သိ၏။ ဂုဏ်ထူးတန်းရသော ညီမလေးကို အသနားခံပြီး ချောင်းသာသို့လာရန် စည်းရုံးရခြင်းမှာ သူ့အတွက် မမြင်ဖူးသော ပင်လယ်ကို လာကာ ပျော်ရွှင်ရန် တစ်ခုတည်းတင် မဟုတ်။ သူ ချစ်နေသော သူ့ချစ်သူလည်း ချောင်းသာမှာ ရှိနေသောကြောင့်ဖြစ်သည်။ တွေ့လည်း တွေ့ပြီးပြီ။ ချစ်သူက သူငယ်ချင်းများနှင့် လာခြင်းဖြစ်သည့်အတွက် လွတ်လပ်သည်။ သူတို့တည်းသောဘန်ဂလိုနှင့် လေးလုံးမြောက်တွင် ချစ်သူ့ဘန်ဂလို ရှိနေသည်။

ခက်နေတာက ညီမလေးဖြစ်၏။ တစ်နေ့လုံးပင်ပန်းပြီး တစ်ညနေလုံး လှိုင်းစီးထားတာတောင်မှ အိပ်ချင်ပုံ မပေါ်။ ညီမလေးကို ထားတော့၊ မေမေအိပ်ရန် အရင်လိုသည် မဟုတ်လား။ တဟူးဟူး တိုက်ခတ်နေသော ညပင်လယ်လေက မေမေ့ကို ပို၍ အိပ်ချင်အောင် လုပ်ပေးနေပုံ ရ၏။

''မေမေ…အိပ်ချင်နေပြီလား''

''အင်း…သား…ရဲ…သားတို့ရော''

''ခုတော့ မအိပ်ချင်သေးဘူး မေမေ…ခဏနေရင် အိပ်မှာပါ။ အရမ်းပင်ပန်းနေပေမယ့် ဒါမျိုး မကြုံဖူးတော့ အိပ်ရမှာ နှမြောနေသလား လို့''

''ကဲ…အဲဒါဆိုရင်လည်း ညီမလေးနဲ့ ခဏထိုင်ပေါ့။ မေမေ အိပ်တော့မယ်။ သား…ဟိုတွေ ဒီတွေ လျှောက်မသွားရဘူးနော်… ဒါ ကိုယ့်နေရာ မဟုတ်ဘူး…ပြီးတော့ ကမ်းစပ်ကိုလည်း မသွားရဘူး။





မှောင်နေပြီ''

''ဟုတ်ကဲ့…စိတ်ချပါ မေမေ…သား ကတိပေးပါတယ်''

မေမေ စိတ်ချကာ အခန်းထဲ ဝင်ကာသွား၏။ မှောင်မဲနေသော ပင်လယ်ကမ်းစပ်မှာ…လှိုင်းသံတဝုန်းဝုန်းဖြင့် မှောင်ထဲမှ ပြေးဝင်လာသော လှိုင်းခေါင်းဖြူဖြူကို မြင်ရသည်။ အဝေးပင်လယ် မှောင်ထဲမှာ မီးကလေး တလဲ့လဲ့…ငါးဖမ်းလှေ ဖြစ်မည်ထင်သည်။

''ကိုကို…မရိုးသားဘူး''

စပယ်က ပင်လယ်ကို ငေးကာ ပြောခြင်းဖြစ်၏။ ကိုကို စိတ်ညစ်သွားသည်။ ညီမဖြစ်သူ မျက်ဝန်းထဲမှာ အိပ်ချင်စိတ်ကို မတွေ့ရ။ မျက်ဝန်းပြူးပြူးကလေးက ဝင်းလဲ့တောက်ပနေဆဲ…။ ဒီတော့ ကိုကို လေသံကိုလျှော့ကာ အခြေအနေကို ရှင်းကာ ပြရ၏။ တစ်ခုတော့ ညာရပါသည်။ ညီမလေးကို တောင်းဆိုပြီးမှ သူတို့လာတာကို သိတာ ပေါ့။

''ဒါဆို…ဘယ်ဘဲ့တို့က ဒီနေ့ပဲ လာတာပေါ့…လမ်းမှာလည်း မတွေ့ပါလား…''

''အဲဒါတော့ ကိုကိုလည်း မသိဘူး…။ စောတာလား…နောက်ကျတာလား တစ်ခုခုပဲ…ကိုကို ဒီရောက်မှ တွေ့တာ''

''ဒါဆို ဘယ်ဘဲ့ဆီကို ညီမလေးလည်း လိုက်မယ်''

ကိုကိုအကြောက်ဆုံးမှာ ထိုကိစ္စသာဖြစ်၏။ ဘယ်ဘဲ့က ညီမ လေးသူငယ်ချင်းဖြစ်သည်။ ညီမလေးကြောင့်ပင် ဘယ်ဘဲ့နှင့် သူ စတွေ့ကာ စိတ်ဝင်စားသွားခြင်းဖြစ်သည်။ ကိုကို နားထောင်ချင်သော ကက်ဆက်ခွေတစ်ခွေ ဘယ်ဘဲ့ဆီမှာ ရှိသည်ဟု ပြောတာကို ဘဲဘဲဟု ကြားပြီး ညီမလေး ရည်းစားထားပြီဟု ထင်ကာ ဆူသည်။ ညီမလေး က ဘဲဘဲမဟုတ်ကြောင်း ပြောတာကို မယုံသဖြင့် လိုက်ကြည့်ရင်း ဘယ်ဘဲ့နှင့်တွေ့ကာ ဇာတ်လမ်းစကြခြင်းဖြစ်သည်။

''မလုပ်ပါနဲ့ ညီမလေးရာ…ညီမလေးက မေမေနဲ့ အတူဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ညီမလေးမရှိရင် သိသာသွားလိမ့်မယ်"

သူ့စကားဆုံးတော့ ညီမလေးက ဝုန်းခနဲထရပ်သည်။ နှုတ်ခမ်းက စူနေနှင့်ပြီးသားဖြစ်၏။ ပြီးတော့ သူ့ကို ဘာမှမပြောတော့ဘဲ ခြေဆောင့်ကာ အခန်းထဲသို့ ဝင်သည်။ အခန်းတံခါးကိုတော့ တိုးတိုးပိတ်သွားပါ၏။ ကိုကို ကျေနပ်စွာပြုံးသည်။ မှောင်ထဲမှာ ကမ်းစပ်ကို လှမ်းကြည့်တော့ ဝုန်းခနဲပြေးလာသော လှိုင်းခေါင်းဖြူကို တွေ့ရ၏။ ဦးမြင့်ကို တိုင်ပင်နေစရာ မလို။ သူ ဘယ်ဘဲ့တို့ရှိသော ဘန်ဂလိုအထိ လျှောက်လာခဲ့၏။

သူ ဘယ်ဘဲ့တို့ဘန်ဂလိုပေါ် လှမ်းတက်တက်ခြင်း ဝါးခနဲ ရယ်သံကို ကြားရသည်။ သူ့ကို အဝေးကတည်းက လှမ်းမြင်ကာ တစ်ယောက်ယောက်က တစ်ခုခုပြောသဖြင့် ရယ်ခြင်းသာဖြစ်ရမည်။ ဘန်ဂလိုရှေ့ တွန်ကရစ်လမ်းကလေးတွေမှာ မီးတိုင်ကလေးတွေ ထွန်းထားသည် မဟုတ်လား...။

"ကို့မေမေ...အိပ်သွားပြီလား"

ဘယ်ဘဲ့စကားကြောင့် အားလုံးက ပြုံးကြသည်။ စပါယ်မှ တစ်ဆင့် သူတို့မောင်နှမသည် တစ်ဦးတည်းသောအမေကို ကြောက်ရကြောင်း ဘယ်ဘဲတို့အားလုံး သိထားပြီးဖြစ်သည်။

"ဟုတ်တယ်...အိပ်သွားပြီ...မနည်းလစ်လာရတာ"

သူ ပြန်ပြေရင်း ဘယ်ဘဲ့မျက်နှာချင်းဆိုင် ဘန်ဂလိုလက်ရန်းလေးပေါ်တွင် ဝင်ထိုင်ရသည်။ လူကြီးမပါသော သူငယ်ချင်းအုပ်စုတွေချည်း လာသဖြင့် ဘယ်ဘဲတို့ မည်သူမျှ မအိပ်ကြသေး။ ဂစ်တာတီးသူ၊ သီချင်းဆိုသူတို့ဖြင့် ချောင်းသာညကို ခံစား၍ ကောင်းတုန်း...။ ဘယ်ဘဲ့တို့အုပ်စုက လူတောင့်သည်။ မိန်းကလေးငါးယောက်၊ ယောက်ျားလေး လေးယောက်ဖြစ်၏။

ခဏဝင်ထိုင်ပြီးတော့ အားလုံးက အလိုက်တသိပင် ကမ်းစပ်မှာ ဂစ်တာသွားတီးကြမယ်...အော်ကြမယ်ဆိုကာ ထသွား၏။ ဘယ်ဘဲ့က





ခြေထောက်ကလေးလှုပ်ရမ်းရင်း အပြုံးနှင့် ကျန်ရစ်ခဲ့သည်။

ကိုကို ဘာစကားမှ မပြောနိုင်ပါ။ ဘန်ဂလိုမီးမှိန်မှိန်အောက်က ဘယ်ဘဲ့၏ ဝင်းမွတ်နေသော မျက်နှာကလေးကို ငေးနေမိသည်။ ဘယ်ဘဲ့ကလည်း သူ့ကို အဖြေမပေးရသေးပါ။ ဘယ်ဘဲ့ကို ချစ်သည်ဟု ဖွင့်ပြောပြီးကတည်းက အခုလို လွတ်လပ်စွာတွေ့ရခြင်းက ပထမဦးဆုံးဖြစ်သဖြင့် ထိုအခွင့်အရေးကို အသုံးချလျှင် ဘယ်ဘဲ့ ဘယ်လို ထင်သွားမလဲ...ဟု ကိုကို စိုးရိမ်နေခဲ့သောကြောင့်ဖြစ်၏။

"ဘယ်ဘဲ့တို့ နောက်ဘယ်နှရက် ကျန်ဦးမလဲ"

"လေးရက်"

လုံလောက်သောအချိန်ဟု ကိုကို ဆုံးဖြတ်လိုက်ပါသည်။

"မနက်စောစော ကမ်းစပ်မှာ လမ်းလျှောက်ရအောင်လေ...ပါယ်ပါယ်လည်း ပါတယ်...ဘယ်အချိန် နိုးမလဲ"

ဘယ်ဘဲ့က မျက်ခုံးကလေးပင့်ကာ ပြုံး၏။ ပြီးတော့ သူ့ကို လှစ်ခနဲ ခိုးကြည့်သည်။

"ဆယ်နာရီ...လေ...ဘယ်ဘဲ့တို့က တော်တော်နဲ့ အိပ်မှာ မဟုတ်ဘူး"

ထိုစကားက ကိုကို့ကို တွေဝေစေသည်။ ဘယ်ဘဲ့တို့က တစ်ညလုံးရှိနေမှာ...မနက် လမ်းလျှောက်တာထက်စာရင် တစ်ညလုံး ဘယ်ဘဲတို့နဲ့ နေပါလား...ဟု ဆိုလိုချင်ပုံရသည်။ သို့သော်...မဖြစ်သေး။ သူ့မှာက မေမေပါသည်။ မတော်လို့ မေမေ ည တစ်ရေးနိုး မအိပ်သေးသော သူ့ကို ဘယ်ဘဲ့တို့နှင့် တွေ့သွားလျှင်...

လွတ်လပ်နေသော ဘယ်ဘဲ့မျက်နှာကို မချင့်မရဲ...အားရှု ငေးရင်း...သူ...လက်ရန်းပေါ်မှ ခုန်ချလိုက်သည်။

"မနက်တော့ အိပ်ရေးဝအောင် အိပ်ပါ။ မနက် မနိုးတော့ ညနေခင်း လျှောက်ကြတာပေါ့"

ဘယ်ဘဲ့က နှုတ်ခမ်းကို မဲ့ကာ မျက်လုံးများပြူး ပြုံးပြရင်း

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ညိတ်သည်။ အဓိပ္ပါယ်က ရှင့်မေမေကို ကြောက်နေတယ် မဟုတ်လား…ဟု ဘာသာပြန်လျှင် သင့်မည်ထင်သည်။ ဘယ်ဘဲ့က လည်း ထိုင်နေရာမှ ခုန်ဆင်းကာ ခါးကို ဆန့်သည်။

"ကောင်းပြီလေ…Good Night ကိုကို၊ ဘယ်ဘဲ့က သိချင်း သွားအော်ဦးမှာ"

နေခင်းအပူရှိန် လျော့သွားပြီဖြစ်သောကြောင့် ကမ်းခြေသို့ လူတစ်အုပ် နှစ်အုပ် ဆင်းလာကြသည်။ တစ်နေခင်းလုံး အဖော်ငတ် နေသော လှိုင်းဖြူဖြူတွေက သောင်စပ်သို့ ဆင်းလာသူများကို ပင်လယ် ထဲ ယူပြေးမည့်ဟန်ဖြင့် ပြေးတက်လာနေကြသည်။

နေလုံးကြီးကလည်း ဖိုးကုလားကျွန်းအပေါ်မှ တစ်စတစ်စ နိမ့်ဆင်းကာ လာနေသည်။ ညနေရီ ဝင်စအပျိုး လေပြေညှင်းကလည်း ပင်လယ်ကမ်းစပ်မှာ တဖြူးဖြူး မြူးကာ ရှိနေပြီဖြစ်သည်။ ဘန်ဂလိုတွေ ဟော်တယ်တွေထဲမှာရှိသည့် လူတွေလည်း နေအဝင် ရေကူးဖို့ အဝတ် အစား လဲနေကြသည်။

သဲသောင်အစပ်မှာရှိသည့် အုန်းလက်မိုး ထီးအစုတ်ကလေး အောက်မှာ ရပ်ရင်း ဦးမင်းအင် လှမ်းထွက်ရန် ပြင်သည်။ သူ့ညာဘက် လက်ထဲမှာ ငါးကင်လေးခု၊ ပုစွန်ကင် ရှစ်ခု ကျန်သေးသည်။ ဒီနေ့ ဒီပစ္စည်းကလေးတွေကုန်မှ သူ့အတွက် ညနေစာနှင့် ညအိပ်စာ ရမည် ဖြစ်သည်။ ညနေစာဆိုသည်မှာ ထမင်းစားရန်ဖြစ်ပြီး ညအိပ်စာကတော့ အရက် လေးဆယ်ဖိုးသာ ဖြစ်ပါသည်။

မနေ့က သူ အတော်များများ သောက်မိသဖြင့် မနက်ခင်း ငါးကင်ရောင်း မထွက်နိုင်။ ခေါင်းတွေ တဒိန်းဒိန်းကိုက်ခဲ၊ ရင်တွေပူ ကာ တစ်ကိုယ်လုံး မလှုပ်နိုင်ဘဲ တဲကလေးထဲမှာ လဲနေခဲ့သည်။





ထိုတဲကလေးထဲသို့ ရောက်လာသည်ကပင် ကံကောင်း၍ဖြစ်သည်။ သူ့ကို သူတို့အိမ်စုကလေးများမှ ကိုအုန်းက လူတစ်ယောက်နှင့်တွဲကာ ခေါ်လာသောကြောင့်ဟု ဆိုသည်။

ကံကောင်းတာ မဟုတ်ပါဘူးလေ…ကံဆိုးတာပါ…ဟု သူ တွေးမိသည်။ မနေ့က သူ့ကို တိုက်မလိုဖြစ်သောကားက ဘာကြောင့် တိုက်မသွားရသနည်း။ ထိုကားများ သူ့ကို တိုက်သွားလျှင် သူ ဘာကိုမှ သိလိုက်မည်မဟုတ်။ တွယ်တာစရာမရှိသော…အရာအား လုံးက စွန့်ပစ်ခံထားရသော…သူကလည်း ဘာမှ တွယ်တာစရာမရှိ သော သူ့ဘဝမှာ မနေ့ကလို တစ်နေ့လုံးနှင့် တစ်ညလုံး ဘာကိုမှ မသိတော့ခြင်းမျိုးကိုသာ လိုချင်ခဲ့သည်။

လောကကြီးမှာ ဦးမင်းအင် တောင်းတစရာ တစ်ခုပဲရှိသည်။ မနေ့ကလို လူမသိ၊ သူမသိဖြစ်အောင် သောက်ခြင်းပဲဖြစ်သည်။ မနေ့ တစ်နေ့က သူ့ငွေဖြင့် သောက်နိုင်ခြင်းတော့ မဟုတ်။ ပြန်သွားကြသော ဧည့်သည်ကောင်လေးတွေက မပြန်ခင် မီးပုံပွဲလုပ်ရန်အတွက် သူ့ကို ထင်းကောက်ခိုင်း၏။ သူရှာပေးသောထင်း၊ အုန်းလက်ခြောက်တွေနှင့် ပျော်ကြသည်။ သူ့ကိုလည်း ငွေတစ်ရာ ပေးကြပါ၏။

နောက်နေ့မနက် ကားပေါ်မှာ ပစ္စည်းတွေတင်နေစဉ် ငါးကင် ရောင်းနေသော သူ့ကို တွေ့တော့ အရက်ပုလင်းအလွတ်တွေနှင့် မသောက်ရသေးသော အရက်တစ်လုံးနှင့် သောက်ပြီးမကုန်သော အရက်တစ်ဝက်ကျော်ကျော် ပေးသည်။ ပုလင်းခွံအလွတ်တွေလည်း ပေးသည်။ အရက်နှစ်ပုလင်းက အမျိုးခြင်းတော့ မတူ။

သူ ဝမ်းသာအားရယူကာ ထိုနေ့က ရောင်းမကုန်သော ငါးကင် နှစ်ကောင်ကို လိုက်ရောင်းမနေတော့ဘဲ အမြည်းလုပ်ကာ မနက်ခင်း ကတည်းက သောက်သည်။ ဘယ်အထိ သောက်မိသည် မသိ။ သူ ဘာမှ မသိတော့သည်အထိ ဖြစ်သွားသည်။

မနက် ငါးကင်ယူရန် သွားတော့မှ သူ့ကို ငါးကင်ဖောက်သည်



www.burmeseclassic.com

www.burmeseclassic.com



ပေးသူ ဒေါ်ဘုက ပြောသည်။

"နှင် မနေ့က နေခင်းကြီးကို မှုန်ရှုပြီး ရွာထဲကဆိုင်မှာ အရက်ပုလင်းအလွတ်လိုက်ရောင်းနေတာ၊ တစ်ခါတလေလည်း သောက်တာ ထိန်းဦးမှပေါ့။ သောက်တာကို အပြစ်မပြောပါဘူး…တော်ယုံပေါ့ မင်းခင်ရယ်…နှင် ဒီလောက်မူးနေပေမယ့် ငါးကင်ဖိုးတွေ ပလပ်စတစ်နဲ့ ထုပ်ပြီး လာအပ်သွားသေး…နှင် မသိတော့ဘူး မဟုတ်လား"

တကယ်ကို သူ ဘာမှမသိတော့။ ချောင်းသောက်မြောက်ကို မှီခိုစားနေရသော လူများနိုင်းဖတ် လူကြီးတစ်ယောက်ဘဝမှာ ဘာမှမသိတော့သောအရာသာကိုပင် သူ တက်မက်နေမိသည်။ ဒီနေ့လည်း မနက်ခင်း မရောင်းနိုင်သဖြင့် နေ့ခင်းရောင်းပြီးစ ငါးကင်၊ ပုစွန်ကင်ဖိုးထဲက သုံးဆယ်ဖိုးလောက်တော့ သူ သောက်ထားပြီးပြီ။ သောက်လိုက်တော့မှ ခေါင်းကိုက်က ပြေကာသွားသည်။

လှစည်သောက်မြေသို့ ငါးကင်ကလေးတွေကိုင်ကာ သူ ဆင်းလာခဲ့သည်။ လက်ထဲက အကင်လေးတွေကုန်လျှင် ဒီညကိုတော့ သူ မေ့နိုင်ဦးမည်ဖြစ်သည်။

"လပ်လပ်ဆတ်ဆတ် ပင်လယ်ငါးကင်၊ ပုစွန်ကင်တွေပါ… ငါးကင်တွေပါ"

ကမ်းစပ်မှပြေးဆင်းသွားသူတွေ၊ ပြန်တက်လာသူတွေ၊ ဓာတ်ပုံရိုက်သူတွေကြားထဲမှာ သူ့အသံ ခပ်လေးလေးကြီးဖြင့် လျှောက်ကာအော်သော်လည်း သူ့ကို မည်သူမျှ စိတ်မဝင်စားကြ။ လူတွေက ပင်လယ်ထဲ ပြေးဆင်းဖို့၊ ပြန်တက်လာကြဖို့လောက်သာ စိတ်ဝင်စားနေကြသည်။

ဦးမင်းခင့်အဖို့ကတော့ ပင်လယ်ပြင်ကြီးသည်လည်း မထူး။ လူတွေကလည်း မထူးပါ။ မထူးခြားသော လူတွေက မထူးဆန်းသော ပင်လယ်ပြင်ကြီးထဲ ပြေးဆင်းကာ ပျော်နေကြရင်း တစ်ခါတစ်ရံ သူ့ ငါးကင်ကလေးတွေ ဝယ်စားတတ်သောကြောင့်သာ ဂု ဒီနေရာက်





ရောက်နေခြင်းဖြစ်ပါသည်။

"ငါးကင် ဘယ်လိုရောင်းသလဲ"

မိန်းမဝဝကြီးတစ်ယောက်က လှမ်းကာမေးသည်။

"ငါးဆယ်ပါခင်ဗျာ၊ ပုစွန်က တစ်ကင် ဆယ့်ငါးကျပ်ပါ"

မိန်းမဝဝကြီးက သူ့ငါးကင်ကို လက်ဝဝကြီးနှင့် လှမ်းကာ ထိုးကြည့်၏။

"ဟင်…ငါးကင်က ခြောက်ကပ်တောင် နေပြီ"

"ခြောက်နေတာ မဟုတ်ပါဘူးခင်ဗျာ…ချင်းတို့ မဆလာတို့နဲ့ ကျက်နေအောင် ကင်ထားတာပါ။ သိပ်ချိုပါတယ်…ငါးကင်နဲ့ ပုစွန် အားလုံး သုံးရာပဲ ပေးပါ"

"ဟာ…အန်တီကလည်း ရေထဲ ဆင်းတော့မယ့်ဟာကို…လှိုင်းစီးပြီးမှ ဝယ်စမ်းပါ"

ကောင်မလေးက မိန်းမကြီးကို အတင်းခေါ်ကာ မထူးဆန်းသော ပင်လယ်ထဲဆင်းကာ သွားကြ၏။ သူ့ မျှော်လင့်ချက်ကလေးပျက်ကာ ငါးကင်ပါခင်ဗျာ…ဆက်အော်ရင်း လူစုစုရှိရာ လျှောက်ခဲ့ရသည်။ ပင်လယ်သည် အဝေးမှ ကောင်းကင်ကြောင့် ပြာကာ ညနေ့ နေလုံးကြောင့်လည်း နီစပြုနေပြီဖြစ်သည်။ ကမ်းစပ်တလျှောက် ရေကူးအပန်းဖြေနေသူများကို နေရာမလပ်ပင် တွေ့ကြရလေသည်။

စပါယ်က နှုတ်ခမ်းကို စူကာ လက်ကို အနောက်ပစ်ရင်း ဘောက်ဆတ် ဘောက်ဆတ်နှင့် လျှောက်ကာသွား၏။ ကိုကို အဲ တစ်ချက်ကြိတ် ခေါင်းတစ်ချက်ခါကာ ညီမလေးနောက်သို့ မိအော လိုက်ရပြန်သည်။

"ညီမလေးရာ…အတူတူ ပြီးမှ လမ်းလျှောက်ကြတာပေါ့၊ ဘယ်ဘဲ့တို့ဆီ ခဏလေး လိုက်ခဲ့ပါ"

"ကိုကို့ဘာသာ သွားလို့ ပြောပြီးပြီ မဟုတ်လား"

တစ်ယောက်တည်း သွားမရမှန်း သိသဖြင့် ညီမလေးက



www.burmeseclassic.com

www.burmeseclassic.com



တမင်တကာညစ်နေခြင်းဖြစ်ကြောင်း ကိုကို သိသည်။

"ကိုကိုတစ်ယောက်တည်းသွားတော့ ညီမလေးကို လမ်းလျှောက်နေတာ မေမေမြင်ရင် ကိုကို ပြဿနာတက်မှာပေါ့။ လိုက်ခဲ့ပါ ညီမလေးရာ...ပြီးမှ ဘယ်ဘဲ့ကိုခေါ်ပြီး လမ်းလျှောက်ကြတာပေါ့နော်"

ကိုကိုက လေသံပျော့ကလေးဖြင့် ချော့ကာ စပါယ့်ပခုံးပေါ်သို့ လက်ကို တင်သည်။ စပါယ်က တင်လာသောလက်ကို ရွှေငါးလေး တစ်ကောင်လို ဖျပ်ခနဲ တိမ်းကာရှောင်၏။ ထိုစဉ်မှာပင် စပါယ့်ဦးခေါင်း က မျက်နှာချင်းမှ လာနေသော ဦးမင်းဒင် ငါးကိုင်ထားသည့်လက်ကို ဝင်ရိုက်သလိုဖြစ်သွား၏။ ငါးကင်တစ်ကောင် သောင်စပ်ပေါ်သို့ ပြုတ်ကျ သွားသည်။

"အို...မတော်လို့ပါ...ကန်တော့ပါရှင်...ကန်တော့ပါ"

စပါယ် လက်အုပ်ချီကာ တောင်းပန်ရင်း မော့ကြည့်တော့ သူ့ကို ရိဝေဝေနှင့် ငေးနေသော ငါးကင်၊ ပုစွန်ကင်တွေကိုင်ထားသည့် လူကြီးကို တွေ့ရသည်။ ကိုကိုက ပြေးဝင်လာကာ သောင်စပ် သဲပုံထဲ ကျနေသော ငါးကင်ကို ငုံ့ကောက်ရင်း တောင်းပန်သည်။

"စိတ်မရှိပါနဲ့ ဦးရယ်...ညီမလေးက ကျွန်တော်နဲ့ကစားရင်း ဖြစ်ရတာပါ။ တောင်းပန်ပါတယ်"

တောင်းပန်ရင်း ငါးကင်က သဲတွေကို ခါနေသော ကောင် လေးနှင့် သူ့ကို မျက်လုံးအဝိုင်းသားနှင့်ငေးနေသော ကောင်မလေးကို ကြည့်ကာ ဦးမင်းဒင် ဘာပြန်ပြောရမှန်း မသိ။ သောင်ပြင် သဲပေါ်သို့ ကျသွားသော ငါးကင်ဖိုးကို ဦးမင်းဒင် အလျှော်မတောင်းရဲပါ။ ဧည့်သည် နှင့် ပြဿနာတက်လျှင် သောင်ပြင်မှာ ဈေးရောင်းဖို့မပြောနှင့် သောင် ပြင်ကို သူ ဖြတ်လျှောက်ခွင့် ရတော့မည် မဟုတ်။ ကမ်းခြေကို မှီခိုစားသောက်သူတို့အတွက် ဧည့်သည်သည် သူတို့ထမင်းရှင်ဖြစ်သည့် အတွက် အရာရာဦးစားပေးကြရကြောင်း ဦးမင်းဒင် ကောင်းကောင်း သိပါသည်။





"ရပါတယ်ကွယ်...ကိစ္စမရှိပါဘူး။ ဒါမျိုး ကြုံနေကျပါ။ ပေး... ပေး"

"အိုး...ကိုကိုကလည်း သဲတွေ ခါမနေနဲ့တော့လေ...ညီမလေး ကြောင့်ဖြစ်တာပဲ၊ ပြန်မပေးပါနဲ့ ဝယ်လိုက်တော့မယ်"

"ကိုကိုလည်း ယောင်သွားတာ...ကျွန်တော်တို့ ဝယ်ပါ့မယ် ခင်ဗျ"

ကိုကို သူ့အဖြစ်ကို ရှက်ကာ ငါးကင်ကြီးကို မော့ကြည့်ရင်း

"ဟာ...ဦးလေးက မနေ့က လမ်းမှာ လဲကျနေတဲ့ ဦးလေးကြီး မဟုတ်လား..."

ကောင်လေးစကားကြောင့် ဦးမင်းဒင် အံ့ဩကာသွားသည်။ သူ တစ်နေ့က လမ်းမှာ မူးပြီး လဲနေသည့်ကိစ္စကို ကမ်းခြေကဧည့်သည် က ဘာကြောင့် သိနေရသနည်း။

"ဟုတ်တယ်...ကျုပ် မနေ့က အဲဒီလိုဖြစ်တယ်လို့ ပြောကြ တယ်"

"ဒါဆို...ဟုတ်ပါပြီ ညီမလေး...မနေ့က ကားရှေ့မှာ လဲနေ တဲ့ ဦးလေးကြီးလေကွာ..."

ကိုကိုက သူ့စကား မှန်သွားသဖြင့် ငါးကင်ကို ကိုင်ထားရင်း ညီမဖြစ်သူကို ဝမ်းသာအားရပြော၏။ စပါယ်က မျက်မှောင်တစ်ချက် ကျုံ့ကာ ငါးကင်ကြီးကို ကြည့်သည်။ မျက်နှာက ဆားငွေ့ပါသော ပင်လယ်လေနှင့် ပင်လယ်နေတို့ကြောင့် ညိုကာနေသည်။ နှာတံပေါ်ပေါ် နှုတ်ခမ်းက ပိပိရိရိ၊ သို့သော်...မျက်လုံးတွေက ရီဝေကာနေသည်။ ဆံပင် ကတုံးဆတောက်၊ အဝတ်အစားက ဟောင်းနွမ်းလျက်...အကျႌ လက်ရှည်ကို မခေါက်ဘဲ တံတောင်ဆစ်အထိ ထိုအတိုင်း ဆွဲတင်ကာ ထား၏။ ထိုငါးကင်သည်ကြီးက တစ်ချက်ပြုံးပြလိုက်သဖြင့် စပါယ် ရင်ထဲ တစ်မျိုးကြီးဖြစ်ကာသွားသည်။

"ညီမလေး ဘယ်မှတ်မိမလဲ...ကျွန်တော်ကိုယ်တိုင် ဦးလေးကို

www.burmeseclassic.com

www.burmeseclassic.com



မပြီး လမ်းမဆော့ ရွေ့ရတာ။ ဦးလေးက ဘာမှမသိတော့ဘူး မဟုတ်လား…ဟား…ဟား…ဟား…ဟား"

ကိုကိုက လွတ်လွတ်လပ်လပ်ကို ရယ်သည်။ ထိုရယ်သံ၏ အဓိပ္ပါယ်က သူတို့အများကြောင့် ငါးကင်ပြုတ်ကျသွားသော်လည်း ထိုငါးကင်ရောင်းသူနှင့် သူ…က ကူညီခဲ့ဖူးသော ကျေးဇူးရှိသဖြင့် အခုဖြစ်ခဲ့သောကိစ္စသည် အလိုလိုနေရင်း ပြေလည်သွားပြီဟူသော အဓိပ္ပါယ်သာ ဖြစ်လေသည်။

"ဟိုယ်က မေမေ့အနားမှာ နေရတာကို…ဘယ်မှတ်မိမလဲ"

"ဟင်…မင်းတို့မေမေပါတယ် ဟုတ်လား"

ဦးမင်းအင်က အေးဆီကို တစ်ချက်ကြည့်ကာ အာမေဋိတ်ဆိုသည်ကို စပါယ်က မျက်မှောင်ကျုံ့ကာ ကြည့်၏။

"ဦးလေးက ကျွန်တော်တို့ကားနဲ့ တိုက်တော့မလို့…တဲ့တဲ့ကလေးလိုတာ"

"အေးပါကွာ…ကျေးဇူးတင်ပါတယ်။ ကဲ…ပေး…ပေး ငါးကင်၊ လျှော်မနေပါနဲ့တော့…ဟုတ်လား"

"ဟာ…မဟုတ်တာပဲ ဦးလေးကလဲ…"

ကိုကိုက ငါးကင်ကိုင်ထားသောလက်ကို နောက်သို့ ရုတ်သည်။ ထို့နောက် ဂျင်းဘောင်းဘီအတို နောက်အိတ်ထဲသို့ နှိုက်၏။ သူ့ကို စူးစူးဝါးဝါးကြည့်နေသော ကောင်မလေး၏အကြည့်ကြောင့် ဦးမင်းအင် ထိပ်ခနဲဖြစ်ကာ မျက်နှာလွှဲရသည်။

"ဘယ်လောက်လဲ ဦးလေး"

"အကုန်လုံး ယူလိုက်ပါလား ငါ့လူရာ…အားလုံးကို သုံးရာပဲ ပေးပါ…ဒါ လက်ကျန်ကလေးမို့ပါကွာ…ယူလိုက်ပါနော်"

ကမ်းခြေမှာ ငါးကင်ဝယ်စားသူများသည် တစ်ခါတစ်ရံ ငါးကင်စားချင်သောကြောင့်ဖြစ်ပြီး တစ်ခါတစ်ရံ ကြင်နာသနားသော သူတို့ကို အားပေးတတ်ခြင်းဖြစ်ကြောင်း ဦးမင်းအင် သိခဲ့ပါသည်။ ထို့ကြောင့်





သနားတတ်ဟန်တူသော ထိုကောင်လေးကို အကူအညီတောင်းခြင်းသာ ဖြစ်၏။

ဦးမင်းအင်စကားကြောင့် ကိုကို တစ်ချက်စဉ်းစားသည်။ ပြီး…ခေါင်းကိုညိတ်ကာ ပိုက်ဆံထပ်နှိုက်သည်။ အကြွေက တစ်ရာကျော်နှင့် ငါးရာတန်လေးရွက် ပါလာ၏။

"ဦးလေးမှာ ငါးရာကို ပြန်အမ်းဖို့ ပါလား…"

ဦးမင်းအင်အိတ်ထဲမှ ပိုက်ဆံတွေထည့်ထားသော ကျွတ်ကျွတ်အိတ်ကလေးကို ထုတ်ယူလိုက်သည်။ သူ့အတွက်တော့ ဒီနေ့တစ်နေ့တာသည် ပြီးပြီ။ မရှုးဆန်းသော ပင်လယ်ကမ်းခြေမှာ မထူးဆန်းသော လူများ ရေကူးနေကြသည့်ကြားထဲ လျှောက်သွားနေစရာ မလိုတော့။

"ရတယ် ဦးလေး…အမ်းမနေပါနဲ့တော့။ ယူသွားပါ…ယူလိုက်တော့"

ဦးမင်းအင် ဝမ်းသာကျေးဇူးတင်သောအကြည့်နှင့် ကောင်လေးနှင့် ကောင်မလေးကို ကြည့်သည်။ ငါးကင်တွေ ကုန်သွားသည့်အပြင် ငွေနှစ်ရာပါ အပိုရသဖြင့် ရင်ထဲတွင် တစ်ချက်စို့ကာ သူ့အကြည့်က နွမ်းလျသွားသည်ဟု ထင်သည်။ ထိုအကြည့်ကြောင့် ကောင်လေးက သူ့ကို အားနာသလို တစ်ချက်ပြန်ကြည့်သည်။ ကောင်မလေးကတော့ သူ့ကိုသာ စူးစူးစိုက်စိုက်ကြည့်ကာ နေ၏။ ဦးမင်းအင်…ထိုအကြည့်ကို မျက်လွှာချကာ လှည့်ထွက်ခဲ့သည်။

ထွက်သွားသော ငါးကင်သည်ကြီးကို ကြည့်ကာ ကိုကို သက်ပြင်းချမိသည်။ ထိုလူကြီး နောက်ဆုံးအကြည့်က ဘာကြောင့်မှန်းတော့ မသိ။ သူ့ရင်ကို လေးလံသွားစေခဲ့သည်။

"လာ…ညီမလေး…ဘယ်တဲ့တို့အခန်းရှေ့ကို သွားမယ်နော်။ ငါးကင်တွေ ကျွေးရအောင်"

ကိုကိုလှမ်းဖက်သော ပခုံးစွန်းက လက်ကို စပါယ် မရှောင်တော့။ ဘာမှလည်း ပြန်မပြော…ရှေ့ကို ကြည့်နေသော်လည်း ရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်တော့။ ရှိဝေသောအကြည့်၊ အားငယ်နေသော၊ သိမ်ငယ်နေသော အပြုံးနွမ်း။ အသက်(၅၀)ကျော် လူကြီးတစ်ယောက်၏ နွမ်းလျှသော အပြုံးသည် အဘယ်ကြောင့် သူ့ရင်ကို ဖွှေနှောက်ကာ လေးပင်သွားစေရသနည်း။

အရင်အကြိမ်တွေတိုင်းဆိုလျှင်တော့ လက်ထဲမှာရှိနေသည့် ငါးကင်တွေကုန်လျှင် ဦးမင်းအင်သည် နောက်မှာ လူတွေ ပျော်နေအော်နေကြသည့် ပင်လယ်ကမ်းခြေကြီးကို လုံးဝလှည့်မကြည့်တော့ဘဲ သွက်လက်စွာ ကျောခိုင်းထွက်ခဲ့စမြဲ...။ အခု လက်ထဲကငါးကင်တွေ ကုန်သည့်အပြင် ထင်မထားခဲ့သော ငွေပို (၂၀၀)ပင် သူ့မှာ ပါလာသည့်တိုင်အောင် ခြေလှမ်းတွေက မသွက်။ သဲထဲ နစ်ဝင်သွားသည့် ခြေထောက်ကို နှုတ်ရတာ လေးကာနေသည်။ ပြီးတော့ တစ်ကိုယ်လုံး အားအင်ကုန်နွမ်းယဲ့နေသလို ခံစားရ၏။

စိတ်ခံစားချက်ကြောင့် ထူးဆန်းစွာပင် ဦးမင်းအင် သောင်ပြင် ကမ်းစပ်ကို လှည့်ကာငေးသည်။ အရင်တုန်းက သူ့လက်ထဲမှာ ငါးကင်တွေကုန်လျှင် သောင်ပြင်သည် လူတွေ မည်မျှ အော်နေ၊ ပျော်နေကြစေဦး...သူ့အတွက်တော့ ဟင်းလင်းပြင်လို ခံစားရစမြဲ။ အခုတော့... နေရောင်က နီးဈွေးစွာ ပင်လယ်ပြင်ပေါ် ကျကာနေသည်။

တဝုန်းဝုန်းပြေးလာနေသည့် လှိုင်းတွေကြားမှာ လူတွေခုန်လျက် ပြေးလျက် လှိုင်းဖြူဖြူတွေကြားထဲသို့ တိုးဝင်လျက် ကမ်းစပ်မှာ လမ်းလျှောက်သူ၊ ဘောလုံးကန်သူ၊ စက်ဘီးစီးသူတွေ ရွှတ်လျက် လှိုင်းသံ လူသံ၊ အော်သံ ပျော်သံ၊ ကလေးတစ်အုပ် ဘောကွင်းတွေကို လှိမ့်ကာ ပင်လယ်ထဲ ပြေးဆင်းသွားကြတာ တွေ့ရသည်။

ထိုလူတွေကြားထဲမှာ ခုနက ကောင်လေးနှင့်ကောင်မလေးကို လျှောက်ရှာသော်လည်း မတွေ့တော့။ ညနေရှိနေလုံးက ဖိုးကုလားကျွန်းနှင့် သဲဖြူကျွန်းအကြား ပင်လယ်ပြင်သို့ နိမ့်၍ နိမ့်၍ ဆင်းကာလာနေသည်။ အနှစ်နှစ်ဆယ်ခန့် သူ ဘာအဓိပ္ပါယ်မှ မရှိဟု ထင်ထားသော





သောင်ပြင်ကမ်းစပ်ကြီးတလျှောက်နှင့် ပင်လယ်လှဲပြာပြာထဲမှာ အရိပ်တစ်ခုကို ဖျပ်ခနဲ မြင်လိုက်ရဟန် ရှိသည်။

သူ လက်ကို ကျစ်ကျစ်ပါအောင် ဆုတ်ထားလိုက်သည်။

ဒီည...သူ အမူးကို သောက်မှ ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



(ခြောက်)

နှစ်မြိုက်စွာအိပ်ပျော်နေရာမှ အသိတရား ဝင်ဝင်လာချင်း ပထမဦးဆုံး ကြားရသောအသံမှာ သဲသောင်ကမ်းခြေသို့ လှိုင်းရိုက်ခတ်သံသာ ဖြစ်ပါသည်။ ထို့နောက် သောင်ခြေမှ ပြန်ဆင်းကျသွားသော လှိုင်းဆင်းသံ သဲ့သဲ့။ ဒေါ်တင်မေကျော် အိပ်ရေးဝဝ လပ်ဆတ်စွာပင် အိပ်ရာမှ နိုးလာခဲ့သည်။

ခေါင်းထဲမှာ အထူးကြည်လင်ကာနေ၏။ ဒီမှာ အိပ်ရေးဝပုံမျိုးက ရန်ကုန်မှာ အိပ်ရေးဝပုံမျိုးနှင့် မတူ။ ရန်ကုန်မှာတော့ အိပ်ရေးဝသည့် ညဆိုလျှင်တောင်မှ အနည်းဆုံး တစ်ခါတော့ နိုးကာ သားနှင့် သမီးအခန်းနှင့် မီးဖွင့်ထားသော ခြံဝန်းအတွင်းကို စိတ်မချနိုင်၍ တစ်ခါလောက်တော့ ဝရံတာမှ ငေးရ ကြည့်ရသေးသည် မဟုတ်လား။ ပြီးတော့ အိပ်ရာက နိုးသည်နှင့် ဆိုင်ကိစ္စ၊ လူမှုရေးကိစ္စ ပေးရမည့်



www.burmeseclassic.com

www.burmeseclassic.com



ငွေနှင့် ရရမည့်ငွေတို့က ခေါင်းထဲ တန်းရောက်လာကြသည်။ ဒီမှာတော့ ဒေါ်တင်မေကျော် တစ်ရေးတည်း အိပ်ရသည်။ ရန်ကုန်မှာ မဟုတ်သဖြင့် နိုးလာတော့လည်း ခေါင်းထဲမှာ ဘာမှမရှိ။ အိပ်ရေးဝသော ခန္ဓာကိုယ်နှင့် ခေါင်းက အထူးကြည်လင်ကာ နေ၏။

သမီးခုတင်ကို လှမ်းကြည့်တော့ သမီး မရှိတော့။ သားနှင့် သောင်စပ်ဆင်းသွားသည် ထင်ပါရဲ့။ ဘန်ဂလိုရှေ့ ဝရံတာကို ထွက်တော့ လဲ့ရွှန်းနေသော နေရောင်အောက်တွင် ဝင်းပနေသော ပင်လယ်ပြင်၊ လမ်းလျှောက်နေသူများနှင့် လှိုင်းဖွေးဖွေးကို တွေ့ရသည်။ ပြီးတော့ သူတို့ဘန်ဂလိုနှင့် သိပ်မဝေးလှသော ကျောက်တစ်လုံးပေါ်ကလေး... ကို နံနက်ခင်းမှာ ကြည်ညို့စရာ တွေ့ရ၏။

“မမလေး နိုးပြီလား”

တစ်ဘက်အခန်းက ဖိုင်ဘာဒရင်းဘက်မှာ ဖိမ်ကျကျထိုင်ကာ ဆေးပေါလိပ်သောက်ရင်း ပင်လယ်နံနက်ခင်းကို ငေးနေသည့် ဦးမြင့်က လှမ်းကာမေး၏။

“ဟုတ်တယ်...ဦးမြင့်၊ သားနဲ့ သမီးရော...”

“သောင်စပ်တဲ့...ခုနကပဲ ဆင်းသွားကြလေရဲ့”

ကမ်းခြေမှလူများကို တစ်ချက်ငေးရင်း ရေချိုးပြီးရင်တော့ ကမ်းခြေစေတီကလေးဆီ ဘုရားဝတ်ပြုသွားဦးမှ စိတ်ကူးကာ ဒေါ်တင်မေကျော် အထဲပြန်ဝင်ခဲ့သည်။

သောင်အစပ်မှာ နစ်ဝင်သွားသည့် ခြေရာတွေကို ခေါင်းငိုက်စိုက်ချ ငေးရင်း ကိုကို စိတ်ပျက်စွာ လိုက်လာခဲ့သည်။ ညီမလေးက ဘယ်ဘဲ့ကို စကားအမျှင်မပြတ်အောင် တတွတ်တွတ် ပြောကာနေ၏။ ပေါယိ့စကားများကြောင့် ဘယ်ဘဲ့က ရယ်လိုက်၊ ခေါင်းကလေးခါလိုက်၊ အံ့သြလိုက်နှင့် သူ့ကို မျက်လုံးကလေးပင် လှန်ကာမကြည့်။ ညီမလေး တမင် ဒီလိုဖြစ်အောင် လုပ်နေမှန်း ကိုကို သိပါသည်။

“ဟာ...ဒါဆို ကိုကိုက ပါယ်နဲ့ ကပ်လိုက်တာပေါ့ ဟုတ်လား”





“ဟုတ်ပ၊ ပါယ်က တမင်သနားလို့ ခေါ်လာခဲ့တာ...သူ့တုန်းက CD Game ယူတာလေ...ပါယ် တစ်ခါတလေ ကစားချင်ရင် သူ့ကို အောက်ကျို့ရသေးတာ”

“ညီမလေးကလည်းကွာ... ဘာတွေလျှောက်ပြောနေတာလဲ”

“မဟုတ်လို့လား...ကဲ...ပြော”

ဆက်ငြင်းနေလျှင် ဘယ်ဘဲ့တို့ ချောင်းသာသွားမည်ဆိုတာကို သိသောကြောင့် ချောင်းသာသွားဖို့ ခေါ်တာတွေပါ ပေါ်တော့မည် ထင်သည်။

“အေးပါကွာ...အရှုံးပေးပါတယ်။ ဘယ်ဘဲ့တို့က ဘယ်နေ့ ပြန်မလဲ ဟင်”

“အင်း...ပထမတော့ တစ်ပတ် ရှစ်ရက်လောက် နေမလို့ပဲ။ ဒါပေမဲ့ နေရင်းနဲ့ ချောင်းသာက ပျင်းစရာကြီးဖြစ်လာတာ...အခု သုံးရက်မှာ လုပ်စရာ ကုန်သွားသလိုပဲ...မနက်ဖြန် ပြန်မလားလို့”

“ဟာ...ဘယ်ဘဲ့ကလဲ...နေပါဦး...ဟိုလေ...ကျွတ်”

ကိုကို ဘာဆက်ပြောရမှန်း မသိ။ ညီမလေးရှိနေသဖြင့် ပြောစရာစကားတွေက မထွက်။ တကယ်တော့...ချောင်းသာကမ်းခြေမှာ ဘယ်ဘဲ့မရှိတော့ရင် ကိုယ် ဘယ်လိုဆက်နေမလဲ...။ ကိုယ်မရှိတဲ့ ရက်ထက်စာရင် အခု ကိုယ်ရှိလာတော့ ချောင်းသာကမ်းခြေဟာ ရင်ခုန်စရာ ကောင်းမလားဘူးလား...စသည်ဖြင့် စကားတွေကို ပြောရမှာ ဖြစ်ပါသည်။ ဒါပေမဲ့ ညီမလေးက ရှိနေသည်။ ဘယ်ဘဲ့က ပြုံးကာ သူ့ကို တစ်ချက်ကြည့်သည်။

“ဟုတ်သားပဲ ဘယ်ဘဲ့ကလဲ...နေပါဦး တစ်ရက် နှစ်ရက်တော့။ ဘယ်ဘဲ့ပျင်းရင် ပါယ်ပါယ် လာခဲ့မယ်လေ...ဒီနေ့ညနေ ရေအတူ ဆင်းကူးမလား”

“အင်းလေ...ပါယ်ရှိနေရင်တော့ တစ်မျိုးပေါ့။ ညနေ...ကျကြတာပေါ့။ ပါယ် တားလို့ နေတာနော်”

www.burmeseclassic.com

ဘယ်ဘဲ့က သူ့ကို လှစ်ခနဲကြည့်ကာ အပြုံးနှင့် ပြောသည်။ ကိုကို့ရင်ထဲ ကျေနပ်ကာ နွေးသွားသည်။ ညနေ ညီမလေးကောင်းကြောင့် ဘယ်ဘဲ့နဲ့အတူ ရေကူး လှိုင်းစီးရဦးမည်။

"အင်း…လှိုင်းစီးရင် ဘယ်ဘဲ့နဲ့ မိန်းကလေးသူငယ်ချင်းတွေ ချည်းပဲနော်…ယောက်ျားလေးတွေနဲ့အတူ မစီးချင်ဘူး"

"စိတ်ချပါ စံပါယ်ရဲ့"

သေဟ…ချွေးမလေး…ဟု စိတ်ထဲက ကြိတ်ဆဲမိသည်။ ညီမလေးနှင့် ဘယ်ဘဲ့က သူ့ပုံစံကို ကြည့်ကာ တခွီးခွီး ရယ်ကြသည်။ အာရုံထဲမှာ ဘယ်ဘဲ့နဲ့အတူ လှိုင်းစီးနေသောပုံသည် ရိပ်ခနဲ ပျောက်သွား၏။ ထိုစဉ်…

"ကောင်လေး…"

ရုတ်တရက် ရှေ့မှာပိတ်ရပ်လိုက်သော အရိပ်နှင့်ခေါ်သံကြောင့် မော့ကြည့်တော့ ငါးကင်ရောင်းသော ဦးလေးကြီး…။

"မနေ့က မင်းတို့ကျန်ခဲ့တဲ့ပိုက်ဆံ…ရော့"

"ဟာ…ဦးလေးကလဲ…ကျွန်တော်တို့ ဦးလေးကို ပေးခဲ့တာပါ။ ပြန်ပေးဖို့ မလိုပါဘူး။ ဦးလေးပဲ ယူလိုက်ပါ"

"မဟုတ်တာကွာ…ငါးကင်ဝယ်ရင်ပဲ တော်ပြီ။ ငါ ကျေနပ်ပါတယ်။ ဒီပိုက်ဆံကို မယူပါရစေနဲ့…"

ကိုကို ဘာပြောရမှန်းမသိ။ သူကိုယ်တိုင် စေတနာနှင့်ပေးခဲ့သော ဒီငွေကို ပြန်မယူချင်တာတော့ သေချာပါသည်။ ညီမလေးဘက် လှည့်ကြည့်တော့ ညီမလေးမျက်နှာမှာ အရယ်အပြုံးကင်းကာ တည်ငြိမ် နေသည်ကို တွေ့ရ၏။ ဘယ်ဘဲ့ကလည်း သူနှင့် ဦးလေးကြီးကို ငေးကာ တစ်ချက်ကြည့်သည်။

"ဒါဆိုရင် ဘယ်ဘဲ့ သွားတော့မယ်နော်…ညနေစုံမယ်…ဟုတ် ပြီလား"

စကားဆုံးသည်နှင့် အခွင့်အရေးရတုန်း ဘယ်ဘဲ့ လှစ်ခနဲ





ထွက်ပြေးကာ သွား၏။ ညီမလေးစပါယ်က မျက်နှာတည်တည်ငြိမ်ငြိမ် နှင့်ပင် ရှေ့သို့ တိုးကာလာသည်။

"ကဲပါကွာ…ပြန်ယူလိုက်ပါ။ ငါ…မလိုချင်လို့ပါ"

"ဦးလေးကလည်း မဟုတ်တာ…ညီမလေး"

ကိုကိုက ထိုးပေးသောပိုက်ဆံကို နောက်တစ်လှမ်းဆုတ်ရင်း အနားရောက်လာသော ညီမလေးကို စစ်ကူတောင်းရ၏။

"ငါ့ကို ညှော်သည့်တွေ မကြာခဏ ဒီလိုပဲ မုန့်ဖိုးပေးလေ့ ရှိပါတယ်။ ငါးကင်ဝယ်ပြီး ပိုတဲ့ပိုက်ဆံ လေးငါးဆယ်ပေါ့ကွာ!…ဒါပေမဲ့ ငါ မင်းတို့ပိုက်ဆံကိုတော့ မလိုချင်တာ အမှန်ပဲ…ပြန်ယူပါ"

"ဦးလေးက ဘာဖြစ်လို့ ပါယ်တို့ပေးတာကိုမှ မလိုချင်ရတာလဲ"

အနားကပ်ကာ ရုတ်တရက်မေးလိုက်သော စပါယ့်စကား ကြောင့် ဦးမင်းဒင် တွေကာသွားသည်။ ဟုတ်တယ်…ဘာကြောင့် သူ ဒီပိုက်ဆံကို ညက အကုန်မသုံးဘဲ ပြန်ပေးဖို့ ဆုံးဖြတ်ရတာလဲ… ဘာဖြစ်လို့လဲ…။ သူ့မှာ ရုတ်တရက် ဖြေစရာစကား မရှိပါ။ သူ… ရိုဝေသောမျက်ဝန်းများဖြင့် ချောင်းသာကမ်းခြေကြီးကို လှမ်းကာကြည့် သည်။ လှိုင်းဖြူဖြူဖွေးဖွေးတွေ…ရောကစားနေကြတဲ့သူတွေ…။ သူ… ဘာပြောရမလဲ။

"ငါ…သေသေချာချာ မသိဘူး…မင်းတို့ကြောင့် ဒီပင်လယ် ကမ်းခြေဟာ ငါ့အတွက် အဓိပ္ပါယ်ရှိသွားတယ်…ဒါပါပဲ"

သူ့စကားကို ကောင်လေး နားလည်ဟန်မတူ။ အံ့သြစွာ သူ့ကို ပြန်ငေးနေသည်။ ကောင်မလေးက မျက်မှောင်ကို ကျုံ့ကာ စဉ်းစားနေ၏။ ဦးမင်းဒင်ကတော့ ထိုစကားကို ပြောလိုက်ရသည့်အတွက် ရင်ထဲမှာ ပေါ့ကာသွား၏။ ပြီးတော့ ဒီစကားကို ကလေးနှစ်ယောက် နားလည်နိုင်မည် မထင်ဟု စဉ်းစားမိသဖြင့်…

"ကဲပါကွာ…မင်းတို့ ပိုက်ဆံပြန်မလိုချင်လည်း ငါးကင်နှစ်ရာဖိုး ယူကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဦးလေးကလည်း ကျွန်တော်တို့ ခုနကမှ နိုးပြီး လမ်းထလျှောက်တာ။ နံနက်စာတောင် မစားရသေးဘူး။ ငါးကင် ဘယ်စားနိုင်ပါ့မလဲ"

"ဟုတ်တယ် ဦးလေးရဲ့…ဦးလေး ငါးကင်တွေပေး…ကျွန်မတို့က အားနာပြီး အားနာ…ဒီတော့ နောက်နေ့ ဦးလေးဆီက ငါးကင် ဝယ်မယ်။ ပိုက်ဆံပိုပေး…ဦးလေးက အားနာပြီး ငါးကင်တွေပေး… ဟစ်ခါ…ကျွန်မတို့က အားနာ…"

စပါယ့်စကားက သိပ်ရယ်စရာကြီး မဟုတ်သော်လည်း အားပါးတရ သုံးဦးစလုံး ရယ်မိကြသည်။ ထိုအားရပါးရ ရယ်လိုက်သည့်အတွက် ငွေနှစ်ရာကိစ္စ အလိုလိုပြေလည်သွားသလို…ထိုအားရပါးရ ရယ်သံကြောင့်ပင် ကျောက်တစ်လုံးစေတီကို ဘုရားဝတ်ပြုပြီး ပြန်လာသော ဒေါ်တင်မေကျော်က ကိုကိုနှင့်စပါယ့်ကို လှမ်းတွေ့သွားသည်။

ကြည့်စမ်းပါဦး…သားနှင့်သမီးက အားရပါးရ ရယ်နေကြသည်။ ငါးကင်ရောင်းသော ယောက်ျားကြီးက သမီးပခုံးကို ရယ်ရင်း လှမ်းကာ ကိုင်လိုက်သည်။ ဒေါ်တင်မေကျော် မျက်ဝန်းထဲမှာ မျက်ခနဲ ဖြစ်ကာသွားသည်။ အစ်ကိုတစ်ယောက်လုံး နံဘေးမှာ ရှိနေရဲ့သားနဲ့…။ နံနက်စောစော တည်ငြိမ်အေးချမ်းနေသော ရင်သည် တဆတ်ဆတ်တုန်ကာ ထိုနေရာသို့ ဒေါ်တင်မေကျော် ဈေ့ခနဲ ရောက်သွားပြီး…သမီးနှင့် ထိုလူကြားထဲသို့ ဝင်ရပ်ကာ…

"သမီး နောက်ဆုတ်စမ်း…သား ကိုကို…ဒီမှာ ရှင် ဘာလုပ်တာလဲ"

ရယ်မောပြီးစ…ရုတ်တရက်ရောက်လာသော ဒေါ်တင်မေကျော်ကို အားလုံး တအံ့တသြ ဖြစ်ကာသွားသည်။ စပါယ် နောက်သို့ မဆုတ်မီခင် အချိန်အတွင်း ဦးမင်းအင်က လန့်ဖြန့်ကာ နောက်သို့ တစ်လှမ်းဆုတ်၏။

"ဗျာ…ကျုပ်…ကျုပ်"



ဘာပြောရမှန်းမသိသော မျက်နှာတစ်ခုကို ဒေါ်တင်မေကျော် ရင်ဆိုင်လိုက်သည်။ ဒီမျက်နှာ…အရက်နံ့…အတွေးစိတ်တစ်ခုလုံး ဖြန်းခနဲ ဖြစ်ကာသွား၏။ မြေကြီးဖုံမှုန့်အလူးလူး…စုတ်ပြတ်နေသော အဝတ်အစား…မျက်လုံးပိတ်လျက် ပါးစပ်ဟကာ အံဖတ်တွေနှင့် ပေရေနေသောမျက်နှာ…။ ဒေါ်တင်မေကျော်အသိစိတ်တွေ လွင့်ကုန်၏။ ရင်ခုန်သံက တဝုန်းဝုန်းတဒိုင်းဒိုင်း…။

"ရှင်…ရှင်…သမီး နောက်ဆုတ်…သား ဒီကို လာစမ်း။ ရှင်…ကလေးတွေကို ဘာလုပ်တာလဲ။ ရှင်…ဘာလုပ်တာလဲ"

"ကျုပ်…ကျုပ်…ပိုက်ဆံ"

"ဘာ…ပိုက်ဆံ…ဟုတ်လား။ ရှင် အခုထွက်သွား…ထွက်သွားနော်"

"မေမေ…သားတို့ကို ဦးလေးကြီးက…"

"တိတ်စမ်း ကိုကို၊ ရှင် အခုထွက်သွား…ကလေးတွေနဲ့ ဘာမှ ပတ်သက်စရာ မလိုဘူး။ သွားနော်…မသွားရင် ပော်တယ်ကို အကြောင်းကြားရမလား"

ဦးမင်းအင် ရင်ထဲ ဆို့ကာသွား၏။ ဒီ Hotel ကို လာတည်းသော ဧည့်သည်တစ်ယောက်နှင့် ငြိုငြင်ကာ သူ ပြဿနာအတက်မခံရဲပါ။ တစ်ခါမှလည်း ဒီလိုပြဿနာမျိုး မဖြစ်ဖူးပါ။ ငါးကင်တွေကို တင်းတင်းဆုပ်ကိုင်ကာ သူ့မှာ အပြစ်မရှိကြောင်း ကလေးတွေကို အသနားခံသည့်အကြည့် တစ်ချက်ကြည့်ကာ ထွက်သွားခဲ့သည်။

ဒေါ်တင်မေကျော် အသားတွေ တဆတ်ဆတ်တုန်ကာ နေ၏။ ရင်ထဲမှာ နှလုံးခုန်သံက တဝုန်းဝုန်း တဒိုင်းဒိုင်း ဖြစ်ကာနေသည်။ ဒီလိုမူးရူးနေသည့်လူမျိုးက သူ့သမီးပခုံးကို ကိုင်ကာ အားရပါးရ ရယ်နေသည်တဲ့လား…။ ခေါင်းထဲမှာ မိုက်ခနဲ တစ်ချက်ဖြစ်ကာသွား၏။ သူ့အသိစိတ်ထဲမှာ တစ်ချက်ယိုင်ကာ သွားသည်။

"မေမေ…မေမေ"

www.burmeseclassic.com



သမီး၏ စိုးရိမ်တကြီးခေါ်သံကို ကြားသည်။ လက်နှစ်ဖက်မှာ ပမီးနှင့်သားကို ဆွဲကာ ဒေါ်တင်မေကျော် အံကိုကြိတ်ပြီး လှည့်ထွက်

နားမလည်ခြင်း…အံ့သြခြင်းတို့နှင့် မိခင်ဆွဲရာသို့ ကိုကိုအလှည့်တွင် သူတို့ကို ဝေးကြည့်နေသော ဘယ်ဘဲ့တို့အဖွဲ့ကို တွေ့လိုက်ရလေသည်။

❁

"မဟုတ်ဘူး မေမေ…မဟုတ်ဘူး။ ဒီလူကြီးက သားတို့ကို ဟိုနေ့က ပေးခဲ့တဲ့ပိုက်ဆံ ပြန်လာပေးတာ"

"တိတ်စမ်း ကိုကို၊ ဒီလူဟာ ဘယ်လိုလူဆိုတာ မင်း သိတယ်။ မူးရူးပြီး လမ်းပေါ်လဲကျနေတဲ့သူနဲ့ ပတ်သက်လို့ မင်း ဘာမှ ယုံကြည်နေစရာ၊ ရှေ့နေလိုက်စရာ မလိုဘူး။ ဒီလိုလူမျိုးဆီက မင်းအတွက် ဘာကောင်းတာတစ်ခုမှ ရစရာလဲ မရှိဘူး။ မင်း…နောင်ကို မဆက်ဆံပါနဲ့။ မေမေလိုချင်တာ ဒါပဲ"

ဘန်ဂလိုသည့် တိတ်ဆိတ်ကာ သွား၏။ ကိုကို ခေါင်းတစ်ချက်ရမ်းကာ ခေါင်းကို ငုံ့ထားမိသည်။

သူ့အသက် နှစ်ဆယ့်တစ်နှစ်တွင် ပထမဦးဆုံးအကြိမ် အမေဖြစ်သူ ဒေါသတကြီးပေါက်ကွဲတာကို မြင်ရခြင်း ဖြစ်သည်။ သူနှင့်အတူ ညီမလေးရော ဒရိုင်ဘာကြီး ဦးမြင့်ပါ ဘာစကားမှ မပြောနိုင်ကြဘဲ ငြိမ်ကာနေကြ၏။

စပါယ်က ခုတင်အစွန်းမှ အိပ်ရာခင်းကို ငုံ့ကာ လက်ဖြင့် ချေကာ အံကို ကြိတ်ထား၏။ ရုတ်တရက် စပါယ်က ခေါင်းကို ဆတ်ခနဲ မော့သည်။

"မေမေပဲ ကိုယ့်ထက် အဘက်ဘက်က အားနည်းတဲ့လူဆို



ရင် အမြဲတမ်း နားလည်ပြီး ဆက်ဆံရမယ်၊ သူတို့ဘဝတွေကို ကိုယ်ချင်း စာရမယ်ဆို…"

စပါယ် စကားကို တုံးတိ ဖြတ်ထားလိုက်သည်။ ပြီးတော့ စပါယ်နှင့် ဒေါ်တင်မေကျော် မျက်ဝန်းခြင်း တစ်ချက်ဆုံကြသည်။ စပါယ့် တစ်သက်တာတွင် ပထဦးဆုံးအကြိမ် မိခင်ကို မေးခွန်းပြန်မေးကာ မျက်ဝန်းခြင်း ဆုံဖူးခြင်းသာဖြစ်ပါသည်။ ထို့ကြောင့်…ဒေါ်တင်မေကျော့်ရင်ထဲတွင် ဒေါသက ဝုန်းခနဲဖြစ်ကာ ရင်တဆတ်ဆတ်တုန်သွားသော်လည်း အသိစိတ်ဖြင့် ပြန်ကာ ထိန်းရသည်။ သမီးမေးသော မေးခွန်းကို သူ သေချာစေ့ငှစွာ ပြန်မဖြေနိုင်ဘဲ ဒေါသနှင့် မိဖတစ်ယောက်၏ မာနဖြင့် အနိုင်ယူလိုက်လျှင် ထိုကိစ္စသည် သမီးရင်ထဲမှာ စွဲသွားနိုင်၏။ မေမေ မတရားဘူးဆိုတာမျိုး သားသမီးရင်ထဲမှာ ရှိသွားမှာကို မိဖတိုင်း စိုးရိမ်ကြပါသည်။

"မှန်တယ်သမီး…ဒီစကားကို ပြောပြီး မေမေ သမီးတို့ကို ဆုံးမဖူးတယ်၊ ဒါပေမဲ့…မေမေပြောခဲ့တဲ့ လူစားမျိုးက ကိုယ့်အပေါင်းအသင်းထဲက…ကိုယ့်ရပ်ကွက်ထဲက…ကိုယ့်မိတ်ဆွေထဲက အကြောင်းသိပြီးသား ဆင်းရဲတဲ့လူ…အားနည်းတဲ့သူကို ပြောတာ"

သမီး ခေါင်းကိုငုံ့ကာ နားထောင်နေသဖြင့် ဒေါ်တင်မေကျော်ထဲ နည်းနည်းအေးကာသွား၏။ တစ်သက်လုံးပြောပြလျှင် နားလည်တတ်သောအကျင့်ကို ထူထောင်လာသဖြင့် သဘာဝကျအောင် ပြောပြနိုင်လျှင် သားနှင့်သမီး လက်ခံမည်ဟု သူ ကျိန်းသေယုံပါသည်။

"အခု ဒီလူ အားနည်းတာ၊ ချို့တဲ့တာက ဘာကြောင့်လဲဆိုတာ မေမေတို့ မသိဘူး။ မေမေတို့နဲ့ သူ…အိမ်နီးနားချင်းလည်း မဟုတ်ဘူး…အပေါင်းအသင်းမိတ်ဆွေလည်း မဟုတ်ဘူး…။ သူဟာ သူ့သတ်လို့ လူများ သားဖို့ သမီးဖို့ကို စော်ကားလို့၊ ကိုယ်ကျင့်တရား ပျက်ညံ့လို့ ပတ်ဝန်းကျင်က ပစ်ပယ်ပြီး ဆင်းရဲနေတဲ့…အားနည်းနေတဲ့ လူတစ်ယောက် မဟုတ်ဘူးလို့ သမီးတို့ အသေအချာ ပြောနိုင်သလား"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



ဒေါ်တင်မေကျော့်စကားကို ပြေမည့်သူ မရှိပါ။ ပြန်လည်မော့ကြည့်မည့်သူလည်း မရှိပါ။ ထို့အတွက် ဒေါ်တင်မေကျော့် ကျေနပ်သွားပါသည်။ ရှေ့ဆက်ပြောမည့်စကားများ အရေးကြီးသည့်အတွက် နားထောင်နေသူ သားနှင့်သမီးကို ခဏလေးလာကာ စကားသံကို အေးအေးပြောဖို့ ဆုံးဖြတ်ကာ ကိုယ့်ကိုကိုယ် သတိပေးရ၏။

"သားနဲ့သမီးအသက်ဟာ လူလောကရဲ့ သုံးပုံတစ်ပုံ ဝင်ဖို့တာရှနေတုန်းပဲ ရှိပါသေးတယ်။ အတွေ့အကြုံ နုနယ်တယ်၊ သနားတယ်၊ သဒ္ဒါစိတ်၊ ယုံကြည်စိတ် အများဆုံးအရွယ်ပဲ...။ မေမေဆုံးမခဲ့တဲ့ ကိုယ့်ထက်အားနည်းတဲ့လူကို နားလည်ရမယ်၊ ကိုယ်ချင်းစာရမယ်ဆိုတာ အနည်းဆုံး အဲဒီလူ ကိုယ်ကျင့်တရားကိုတော့ သိထားသင့်တယ်။ ကိုယ်ကျင့်တရားကောင်းပြီး ကံအရ ဘဝအရ ကိုယ့်ထက်အားနည်းတဲ့လူကိုတော့ ကူညီကြပါ...နားလည်ကြပါ...ဟုတ်ပြီလား"

အားလုံး တိတ်ဆိတ်ငြိမ်သက်ကာ သွားကြ၏။ ဒေါ်တင်မေကျော့် ရင်ထဲမှာ မောနေသော်လည်း ကျေနပ်ပါသည်။ သားနှင့်သမီး သူ့စကားကို နားလည်မည်ဆိုတာ သူ...စိတ်ချသွား၏။ ဒီစကားကို ပြောဖို့ မနက်စာ ထမင်းစားချိန်တစ်ခုလုံး သူ စဉ်းစားခဲ့ရသည်။

"စေတနာဆိုတာ...အားပေးသင့်၊ မွေးမြူသင့်တဲ့ အရာပါ...။ ဒါပေမဲ့ သူတစ်ခုတည်းနဲ့တော့ မရဘူး...ပညာနဲ့ အသိနဲ့ ယှဉ်ရမယ်။ စတွေ့တုန်းကလည်း အခြေအနေမကောင်း။ အခုလည်း မှုန်ရှုနေတဲ့ လူတစ်ယောက်ကိုတော့ သားနဲ့သမီး စဉ်းစားကြပါ"

ဒေါ်တင်မေကျော့် မောလျှစွာ သမီးနံဘေးမှာ ဝင်ထိုင်ရင်း ခေါင်းငုံ့ထားသော သမီးဆံနွယ်စကလေးတွေကို ပွတ်သပ်ကာ ချော့မိသည်။ အပျိုတော်ဝင်ကာစ သမီးအတွက် စေတနာ၊ သနားတတ်ခြင်းနှင့် ယုံလွယ်ခြင်းသည် အန္တရာယ်တစ်ခုဖြစ်ကြောင်း...ဒေါ်တင်မေကျော့် မှတ်ထားလိုက်၏။

"ကဲ...ဦးမြင့်...ဒီနေ့ကစပြီး သားနဲ့သမီး ဘယ်နေရာသွားသွား လိုက်ဖို့ အဆင်သင့်ရှိပါစေ...ဟုတ်ပြီလား...သူတို့ဘာသာ ပျော်တာဆိုရင် ရှိပါစေ...အဲဒီလူမျိုးနဲ့တော့ ထပ်မတွေ့စေနဲ့...ဟုတ်ပြီလား"

"ဟုတ်ကဲ့...စိတ်ချပါ မမလေး"

သားနှင့်ဦးမြင့် ဒေါ်တင်မေကျော့်ရှေ့မှ ရှိသေစွာ ထသွားကြသည်။ သမီးကတော့ ရုတ်တရက် မထသေး။ သမီးသည် အခုပဲ ဆူထားသော သူ့ရှေ့မှာ ထရမှာ ခက်နေဟန်တူသည်။ ဒေါ်တင်မေကျော့် သက်ပြင်းကို ချလိုက်၏။

"သမီး..."

သမီးက နွဲ့ညုံ့စွာ မော့ကြည့်သည်။

"သမီးက အရွယ်ရောက်လာပြီနော်...အဲဒီလူ သမီးတို့နဲ့ တွေ့တုန်းက မူးနေတယ်။ သမီးရဲ့ ကြွေးကို ထိန်းသိမ်းဖို့ ဘယ်တော့မှ မမေ့ပါနဲ့...ဟုတ်ပြီလား သမီး"

"ဟုတ်ကဲ့...မေမေ"

သမီးက ခေါင်းငုံ့ကာ သူ့ရှေ့မှ ထသွား၏။

ဒေါ်တင်မေကျော့်တစ်ယောက်တည်း မောလျှစွာ ကျန်ခဲ့သည်။ သူ့ခန္ဓာကိုယ်မှာ လေးငါးရက်ဆက်တိုက် အလုပ်လုပ်ခဲ့ရသူလို ပင်ပန်းနေ၏။ သူ့ရင်ခုန်သံ တဒုတ်ဒုတ်ကို သူ ပြန်ကြားနေမိသည်။ သူ ဘာဖြစ်တာလဲ...။ ဘာကြောင့် ဒီလောက်ကိစ္စလေးကို ဒီလောက် စိတ်လှုပ်ရှားနေရတာလဲ...။

သို့သော်...ဒီပွဲမှာ သူ နိုင်လိုက်ပါသည်။

ဒေါက်တာဇော်ဝေ ပေးထားသော စိတ်ငြိမ်ဆေးပုလင်းကို လက်လှမ်းလိုက်သည်။ သူ...ဒီဆေးကို သောက်မှ ဖြစ်တော့မည်။ ဘာမှမဟုတ်သည့် ကိစ္စတွေနဲ့ သူ ဒီလောက်စိတ်လှုပ်ရှားနေတာ မဖြစ်သင့်။ ရန်ကုန်ရောက်ရောက်ချင်း ဒေါက်တာဇော်ဝေနှင့် တွေ့မှ ဖြစ်တော့မည်။







www.burmeseclassic.com

www.burmeseclassic.com



ECG ရိုက်ကြည့်လျှင် ကောင်းမလား…။

နေလုံးကြီး၏ အောက်တည့်တည့် ပင်လယ်တွင် အနီရောင် အတွန့်အစင်းကြီးတစ်ခု ဖြစ်နေသည်။ ပြာလွင်သောပင်လယ်ပေါ်မှ ကောင်းကင်ကြီးထဲတွင် ရှိသမျှ တိမ်မြူစတွေအားလုံး၏ အစပ်တွင် နေရောင်ဝင်နေသဖြင့် အနီရောင် ဆွတ်ပျံ့နေသည်ကို တွေ့ရသည်။ အအေးက ဒီနေ့လျော့ကာ ပင်လယ်လေက တဖြူးဖြူး တိုက်ခတ်နေသဖြင့် လှိုင်းလုံးတွေကောင်းသော သောင်စပ်မှာ…လှိုင်းစီးသူတွေ တော်တော်စည်ကားနေသည်။

သို့သော်…ဦးမင်းအင် အခုမှ ငါးနှစ်ကာင်နှင့် ဝှစွန်လေးကောင်သာ ရောင်းရပါသေးသည်။ ဒါတောင်မှ သူ သွားရောင်း၍ မဟုတ်။ ကမ်းပေါ်သို့ ပြေးတက်လာသော ကလေးတစ်အုပ်က သောင်ပြင်အခုံး သဲမြူမြူတွေပေါ် ထိုင်နေသော သူ့ကို တွေ့ကာ ဝယ်သွားကြသော ကြောင့်ဖြစ်၏။ နေ့ခင်းတစ်ကြော ငါးကင်တွေလာမယူသော သူ့ကို ဒေါ်ဘုမတစ်ယောက် အံ့သြနေလိမ့်မည်ဖြစ်သည်။

ဒီလိုလူစည်ကားသော နေ့မျိုးဆိုလျှင် ဒီလူတွေကြားထဲမှာ “ငါးကင်လတ်လတ်ဆတ်ဆတ်တွေပါခင်ဗျာ” “ပုစွန်ကင်ချိုချိုတွေပါ…” ဟူသော သူ့အသံ ပြာလဲ့လဲ့ကို လူတွေ မကြားချင်မှအဆုံး ဖြစ်လိမ့်မည်။ ဒီနေ့တော့ သူ…လူတွေကြားထဲ ငါးကင် သွားမရောင်းပါ။ ဘာမှ လုပ်ချင်စိတ် မရှိပါ။

ရင်ထဲမှာ တစ်ခုခုဖြစ်နေသည်။ တစ်နေ့ခင်းလုံး ဆုပ်ကိုင်ထားသော လက်ထဲမှာ တွန့်ကြေနေသော နှစ်ရာတန်တစ်ရွက် ရှိသည်။ သူ ပင်လယ်ကမ်းခြေမှာ ငါးကင်ရောင်းခဲ့တာ အနှစ (၂၀) ရှိပါပြီ။ ဒီလို တစ်ကြိမ်မှ ပြဿနာမတက်ခဲ့ဘူးပါ။ ဒီလို ပြဿနာမတက်ခဲ့ရ





ခြင်းကလည်း သူ့ကို လူတွေ ကြင်နာသနားကြလို့ မဟုတ်။ ငွေရှိ၍ လာအပန်းဖြေသူတွေကို ငါးကင်ရောင်းရသော သူ့လိုလူမျိုးတစ်ယောက် အဖို့ ဧည့်သည်တွေအတွေးမှာ ဂရုစိုက်ခြင်းလည်း မရှိ၊ ဂရုမစိုက်ခြင်း လည်း မရှိ။ သူသည် သက်ရောက်မှုနှင့် တုန့်ပြန်သက်ရောက်မှုတို့ အချင်းချင်း တတ်ပြယ်နေကြသော လူတစ်ယောက်သာဖြစ်ပါသည်။

သူတို့ ပင်လယ်ပြင်ကို ရောက်လာကြသည်။ အော်ကြ၊ ပျော်ကြ၊ ရေကူးကြ၊ ဂစ်တာတီးကြ၊ လမ်းလျှောက်ကြသည်။ သူတို့ မလာတတ်သော မိုးရာသီနှင့် ဆောင်းဦးတစ်လျှောက်လုံး လူသူကင်းမဲ့သောကမ်းခြေမှာ လှိုင်းတွေ ဒီလိုပင် ရှိနေမြဲဖြစ်သည်။ ကမ်းခြေမှာ လုပ်ကိုင်စားသောက်သူတစ်ယောက်အတွက် လှိုင်းတွေ သောင်ပြင်ပေါ် ပြေးပြေးတက်နေတာ မဆန်း။ အမြဲတမ်း မြင်ရသည်။ ဒါပေမဲ့ သူတို့ ကတော့ လှိုင်းတွေကို တွေ့တော့ အော်သည်၊ ပျော်သည်၊ သောက်သည်၊ စားသည်။

ရာသီတိုင်း ပင်လယ်ကမ်းစပ်ကို သဘာဝအရ တက်နေသော လှိုင်းတွေလောက် ဒီကိုလာကြသော ဧည့်သည်တိုင်းက သူတို့ကို စိတ်မဝင်စားပါ။ သူတို့က လှိုင်းတွေကို တွေ့ချင်၍ ခရီးဝေး ခရီးကြမ်းကို ဖြတ်ကာ ရောက်အောင် လာကြသူတွေကိုး…။ ဦးမင်းအင်တို့လို လူမျိုးတွေကလည်း ထိုမထူးဆန်းသောလှိုင်းတွေကို တွေ့၍ ထူးဆန်းသွားသော သူတွေကို ငါးကင်ရောင်းကာ မှီခိုနေရသဖြင့် ထိုမထူးဆန်းသော လှိုင်းတွေနှင့် ကျေးဇူးတော့ မကင်းလှ။

သို့သော်…ဒီနေ့တော့ ပင်လယ်ကို တက်တက်လာသော လှိုင်းတွေကို ထူးဆန်းနေသည်ဟု ဦးမင်းအင် ထင်သည်။ သူ့ရင်ထဲမှာလည်း ပင်လယ်ထဲက လှိုင်းတွေလိုပင်…ဘာမှန်းမသိသောအရာတွေ တရုံမလပ် တက်၍ တက်၍ လာနေသည်။ သူ့ဘဝမှာ…ဘာမှ မျှော်လင့်စရာ မရှိပါ။ မျှော်လင့်မည်ဆိုလျှင်တောင်မှ ဒီပင်လယ်ကြီး ထဲမှ ငွေနှစ်ရာလောက်သာလျှင် အနှစ်(၂၀)လုံးလုံး မျှော်လင့်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ည ထမင်းဖိုး တစ်ရာနှင့် သူ သောက်စရာအရပ်ဖိုး တစ်ရာ… ဒါပဲဖြစ်သည်။ အနှစ်(၂၀)လုံးလုံး သူ ဒီလိုပင် နေခဲ့သည်။

ဆယ်ရက်ခန့်ကြာလျှင် ငြီးငွေ့သွားတတ်သော ပင်လယ်ကမ်းစပ်ကြီးထဲမှာ သူ ဒီလိုပင်နေခဲ့သည်။ ပင်လယ်ကမ်းစပ်ကြီးက လူ့ဘဝနှင့် တူသည်။ လူတွေ လာကြသည်၊ ပျော်ကြသည်၊ ပြန်သွားကြသည်။ ပင်လယ်ကမ်းစပ်ကြီးကတော့ လှိုင်းတွေ ပြေးတက်နေမြဲ…သူ့သဘာဝအတိုင်း…ပြုနေမြဲ။

သူလည်း အရင် အနှစ်(၃၀)ခန့်ကတော့ လူ့ဘဝပင်လယ်ကမ်းခြေမှာ ဒီလူတွေ ပျော်သလို ပျော်ခဲ့ပါ၏။ သားတစ်ယောက် သမီးတစ်ယောက် ဇနီးတစ်ယောက်နှင့်။ ထိုလူတွေပျော်သလို သတိလက်လွှတ်ကို ပျော်ခဲ့ပါသည်။ အခုတော့…လောကပင်လယ်လှိုင်းတွေရှိသည့် ကမ်းခြေက သူ့ကို စောစောစီးစီး နှင်လွှတ်လိုက်သည်။ အားလုံးထဲမှာ သူတစ်ယောက်တည်း ဒီပင်လယ်ကမ်းခြေကို ရောက်လာခဲ့သည်။ ဒီနေ့မှာ သူ ဘာဖြစ်နေသနည်း။ သူ ဘာကြောင့် နွမ်းလျှစွာ…ရှာထဲဆင်းသွားပြီး အရက်တစ်ပိုင်း သောက်ခဲ့ရသနည်း…။

"ဟ…ကိုဒင်ကြီး…ဘာတွေလုပ်နေတာတုန်းဗျ။ ငါးကင်တွေလည်း မကုန်သေးပါလား။ ဒေါ်ဘုမတောင် မှာသွားသေးတယ်။ ဒါ…ညနေအလှည့်လား…"

ပုစွန်ကင်လေးတစ်ချောင်းကို ကိုင်ကာ ကမ်းခြေမှာ အတူချောင်းဖော် အောနီး ရောက်ကာလာ၏။ သူ့လက်ထဲမှာ မကုန်သေးသော ပုစွန်ကင်တွေကို တွေ့ကာ မေးခြင်းဖြစ်၏။ ဦးမင်းအင် ဘာမှမပြောချင် ခေါင်းကို ရမ်းလိုက်၏။ သူ့ရင်ထဲမှာ လှိုင်းတွေ တက်လာပြန်ပြီ။

"ကမ်းခြေ ဆင်းလေဗျာ…ဒီနေ့ ဧည့်သည်တော်တော်များတယ်။ လှိုင်းကလည်း ကောင်းတော့ လူစည်တယ်ဗျို့။ အဝယ်လိုက်တယ်ဗျ"

သူ ခေါင်းကို ခါရမ်းလိုက်မိသည်။ ထို့ကြောင့် အောနီးက





သူ့ကို ခပ်ကြောင်ကြောင်ကြည့်သည်။

"ဪ…သိပြီ၊ ခင်ဗျား…မနက်ကြီးပိုင်း ဧည့်သည်တွေနဲ့ စကားများတယ်ဆို…အဆန်းတို့ မိသဲတို့ ပြောသံကြားတယ်"

"ထားတော့ကွာ…မင်း…ဒီငါးကင်တွေ ယူရောင်းမလား"

"အာ…ကိုဒင်ကြီးကလဲ…ဒီည မီးပုံပွဲရှိတဲ့ ဧည့်သည်တွေနဲ့ တွေ့လာတာဗျ။ ကဏန်းပြုတ် ဆယ်ထုပ်တဲ့၊ ဒေါ်ဘုမဆီ ပြေးရဦးမှာ။ ကမ်းခြေဆင်းလေဗျာ…ပြိုက်ခနဲပဲ…ကလေးတွေတောင် ကုန်နေကြပြီ။ ရော့…ကျုပ်ပုစွန်တစ်ကင်ပါ ယူသွား…ပေးမနေနဲ့"

"နေပါတော့ကွာ…"

အောနီးက သူ့လက်မှာကိုင်ထားသော ငါးကင်တထွေးကြီးကို ကြည့်သည်။ ကမ်းခြေမှာ ကလေးအရွယ် (သို့) လူကြီးအရွယ်ဆိုလျှင် ငါးကင်မြန်မြန်ကုန်တတ်တာ အောနီး သိသည်။ အောနီးက သူရော… သူ့ဇနီးရော…ကလေးသုံးယောက်ရော ငါးကင်၊ ပုစွန်ကင် ယူရောင်းသူဖြစ်၏။ တစ်နေ့ နှစ်ထောင်လောက်တော့ အသာကလေး စည်သည်။

"ခင်ဗျား ဧည့်သည်တွေနဲ့ ဘာဖြစ်တာတုန်း…ခင်ဗျားကို ကမ်းခြေမဆင်းရဘူးလို့ တားလို့လား"

"မဟုတ်ပါဘူးကွာ…ငါကိုက မရောင်းချင်တာပါ။ ငါ မလွန်ပါဘူး"

"ဟာဗျာ…ဒါဆို ပြီးတာပဲ…ကျုပ်တို့ကတော့ ဘယ်လွှန်မလဲဗျ။ ကောင်လေးတွေနဲ့လား…"

ဦးမင်းအင်ရင်သို့ ရေလှိုင်းတစ်လှိုင်း ရိုက်သည်။ သူ့ကို လှမ်းကြည့်လိုက်သော ကလေးနှစ်ယောက်အကြည့်များ…။

"ငါ…ငါမှန်တယ်ကွာ…ငါ ဒါပဲသိတယ်"

ဦးမင်းအင် စကားဆုံးတော့ အောနီးက ဆတ်ခနဲ ထသည်။

"ဟော့လူကြီး…မြန်မြန်သွားရောင်း။ နေဝင်တော့မယ်။ ကျုပ်တို့ အကုန်လုံး ကုန်ပြီ။ ခင်ဗျား မကုန်ရင် ဒေါ်ဘုမကြီး ပြောလိမ့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းအင် ကမ်းစပ်ဘက် တစ်ချက်ကြည့်သည်။ ကျောက်ဆောင်တွေထဲ လှိုင်းက ဖြန်းခနဲရိုက်သဖြင့် ရေမှုန်တွေ လွင့်ခနဲ တက်ကာလာ၏။

"ငါ...မှန်တယ်ကွာ..."

"ဒါပဲ ပြောမနေနဲ့ဗျာ...မှန်တယ်ဆိုတာ ဘာလဲ။ အင်း... ငါမှန်တယ်ဆိုတာလဲ...ငါမှန်တယ်ဆိုတာလဲ...ငါမှန်တာပဲပေါ့"

အဒုန်းက သူ့ကို လှည့်မကြည့်တော့ဘဲ ထွက်ကာသွား၏။ သူ့ရင်ထဲမှာ ပဲ့တင်ထပ်ကာ ကျန်ခဲ့သည့်စကားတစ်ခွန်းသာ ရှိသည်။ ငါမှန်တယ်ဆိုတာ ငါမှန်တာပဲပေါ့...။ ဟုတ်တယ်...ငါမှန်တာ ငါမှန်တာပဲပေါ့။ ဦးမင်းအင်...ဝုန်းဆို ထရပ်သည်။ လက်သီးဆုပ်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကာထားသဖြင့် လက်သီးဆုတ်ထဲက နှစ်ရာဝံနှိက တွန့်ကြေကာ သွားတော့မည်။

နေက မဝင်သေး...။ လူတွေ ပျော်ကြတုန်း...သဲမြကျွန်းကို ယဲ့ယဲ့သာ မြင်ရတော့၏။

ဦးမင်းအင် ရင်ဘတ်ကို ကော့ကာ အသက်ရှူသည်။ ပြီးတော့ အသံပြာလဲ့လဲ့ကို ညှစ်ကာ အော်ချလိုက်သည်။

"ငါးကင် လပ်လပ်တွေပါခင်ဗျ"

"ပုစွန်ကင် ချိုချိုတွေပါ"

ညနေရိုကမ်းစပ် အိပ်မက်ကြီးတစ်ခုလုံး ကျေမွပျက်စီးသွားသဖြင့် ကိုကို မကျေနပ်။ အိပ်၍လည်း မရ။ တရားခံဘယ်သူလဲ ဆိုတာကိုလည်း ကိုကို မသိ။ တစ်မနက်ခင်းလုံး သူတို့ကို သတိကြီးကြီး စောင့်ကြည့်နေသော မေမေ့မျက်လုံးများ ညနေစောင်းမှာ ပျော့ကျသွားသည့်တိုင် ကိုကို ဘယ်တဲ့နှင့် ချိန်းထားသော ကမ်းစပ်ကို မဆင်းရ





ခဲ့ပါ။ ဆင်းသွားလို့ ကားဆရာဦးမြင့် ပါနေတော့ရော ဘာထူးမည်နည်း ညီမကလေးကလည်း ငြိမ်သက်နေသဖြင့် ကိုကိုလည်း ထိုကိစ္စက် စကားမဟတော့။

ကိုကို ပေါင်ပေါ်မှာ ဂစ်တာကို တင်ထားသော်လည်း သီချင်းက် အော်ပြီး မတီးရဲ။ သူ ပျော်ရွှင်စွာအော်နေသောအသံသည် မေမေ့က် စော်ကားသလိုဖြစ်နေမှာ ကြောက်မိသည်။

"ကိုကို..."

ခေါ်သံကြောင့် မော့ကြည့်တော့ တစ်ဘက်ခန်းဝရံတာမှ ရပ်နေသော ညီမလေးကို တွေ့ရ၏။ ညီမလေးက ဂစ်တာကို ပေါင် ပေါ်မှာတင်ကာ ငိုင်နေသော သူ့ကို ကြည့်သည်။ သူ...ဘာမှမပြောဘဲ ခေါင်းငုံ့ပစ်လိုက်၏။ ညီမလေးလည်း သူ့လိုပဲ အိပ်မပျော်ပါကလား...

"မေမေ မတရားဘူး ကိုကို"

"ရှူး..."

ဂစ်တာကို အမြန်လက်လွှတ်ကာ နှုတ်ခမ်းတွင် လက်တော့ပြီ မေမေ့အခန်းရှိရာသို့ လက်ညှိုးထိုးကာ ပြရ၏။ ညီမလေးမျက်နှာမှ ထိမထင်သောအမူအရာကို တွေ့ရသဖြင့် ကိုကို အသည်းထိပ်ကာ သွားသည်။

"မနက်ကကိစ္စကို ပြောတာ...အမှန်တော့ ဟိုဦးလေးကြီးမှာ ဘာမှ အပြစ်မရှိဘူး"

"အေးပါဟ...တိုးတိုးပြောပါ"

ညီမလေးက ပုံမှန်လေသံနှင့် ပြောခြင်းဖြစ်ပြီး ကိုကိုက လေသံ သဲ့သဲ့ဖြင့် ပြောခြင်းဖြစ်သည်။

"မေမေ အိပ်ပါပြီ၊ ညီမလေး...မေမေ့ကို မသက်ာဘူး"

"ဟာ...နှင် ဘာတွေလျှောက်ပြောနေတာလဲ ပါယ်ပါယ်"

ပါယ်ပါယ်က နှုတ်ခမ်းကို မဲ့ကာ ခေါင်းကို ခါရမ်းသည်။ ပြီးတော့ အပေါ်နှုတ်ခမ်းကလေးကို အထဲသို့ စုတ်သွင်းကာ ရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ရင်း…စဉ်းစားသည်။ လေးလေးနက်နက် စဉ်းစားသည့်အခါမျိုးတွင် ညီမလေးထံမှာ တွေ့ရတတ်သော အမူအယာတစ်ခုဖြစ်၏။ ထို့နောက် ညီမလေးက ကျွတ်ခနဲ…နှုတ်ခမ်းကို မြည်သံပြုသည်။

"ပထမတစ်ချက်ကို ပြောပြမယ်…အဲဒီဦးလေးကြီးကို စတွေ့ကာစက လမ်းမှာလေ…ကိုကို တို့မပြီး ရွှေ့ကြတော့ မေမေပါ ဆင်းလာတာ…ဦးမြင့်က မျက်နှာကို ဆွဲလှည့်လိုက်တော့ မေမေ တုန်လှုပ်သွားတယ်"

ကိုကို သေသေချာချာ စဉ်းစားပါသည်။ သို့သော်…မမြင်မိ။ သူ ထိုစဉ်တုန်းက ဒီလူ အသက်ရှိ မရှိ ဆိုတာကို စိတ်ဝင်စားနေခဲ့သည်။

"ကိုကိုက ရှေ့ကိုပဲ မဲနေတာ…ညီမလေးက မေမေ့အနားမှာ။ မေမေ ညီမလေးလက်ကိုကိုင်ပြီး ယိုင်သွားလို့ ကားထဲပို့ပေးရတာ"

ကားပေါ်ပြန်တက်တော့ မေမေ ကားထဲမှာ ရှူဆေး ရှူနေတာကိုတော့ သတိထားမိသည်။

"ပြီးတော့…ရန်ကုန်မှာ အန်တီစော လာတဲ့နေ့က…"

"အန်တီစော…"

"ဟုတ်တယ်…အဲဒီနေ့က မေမေနဲ့ အန်တီစော စကားပြောနေကြတုန်း ညီမလေးက ကော်ဖီသွားဖျော်တယ်။ ကော်ဖီဖျော်ပြီး ညီမလေး ပြန်ဝင်လာတော့ အန်တီစောက မေ့ယောက်ျားနဲ့ စော…တွေ့ကြတယ်။ သူ အတော့်ကို အခြေအနေဆိုးနေတယ်တဲ့။ အဲဒါ…ညီမလေးကိုယ်တိုင် ကြားတာ"

တစ်ကမ္ဘာလုံး တိတ်ဆိတ်သွားသည်ဟု ကိုကို ထင်ရသည်။ အဖေဆိုတာ သေပြီဟု မေမေက တရားဝင်ပြောထားသည် မဟုတ်လား။

"ဟုတ်ရဲ့လား ညီမလေးရာ…တို့ဖေဖေ သေပြီဆို…"

"မသေဘူး ကိုကို…မေမေက အဲဒီစကားလည်းကြားရော





အန်တီစောကို မောင်းထုတ်တာ။ ပါယ် လှမ်းဝင်တော့ ရေနွေးကုန်လို့ ကြာတယ် ပြောရတာ…တကယ်တော့ ပါယ်ပါယ်ရောက်နေတာ ကြာပြီ။ မေမေက သေချာမှန်းသိတော့ အပေါ်တက်ပြီး ရှိတဲ့ရေနွေးကို သွန်ခဲ့ရသေးတယ်။ မေမေက ရေနွေးဓာတ်ဘူးတွေ တက်ကြည့်တာ ပါယ်သိတယ်…ပါယ်သာ သွန်မထားရင် မေမေ သိမှာ…အဲဒါ ဘာသဘောလဲ…ဘာကြောင့် မေမေ ဒီစကားကို ပါယ်ကြားမှာ ကြောက်နေတာလဲ"

"ကဲ…ထားတော့၊ အဲဒါ ဘာဖြစ်လဲ"

"နောက်တစ်ချက်က…မေမေဟာ စိတ်သိပ်နိုင်တယ်၊ သတိအရမ်းထားတယ်။ ညီမလေးတို့နဲ့ ပတ်သက်ရင်…ဒီနေ့မနက်က အဖြစ်မျိုး တစ်ခါမှ မဖြစ်ဖူးဘူး။ ဒီဦးလေးကြီး အရက်သောက်ထားတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ မေမေဆုံးဖြတ်သလို စွပ်စွဲသလို လုံးဝမဟုတ်ဘူး။ ဒါကို…ကိုကို အသိပဲ"

"ဒီတော့…"

ညီမလေး ငြိမ်ကသွား၏။ ကိုကို ခေါင်းကိုကုတ်ကာ ဂစ်တာကို နံဘေးမှာထောင်ရင်း စိတ်ရှုပ်ကာ လာ၏။ သူ့ညီမ…ဘာဖြစ်နေသည်ဆိုတာကို သူ…မခန့်မှန်းနိုင်။ သူ စကားထောက်ပေးတော့ ငြိမ်သွားတော့ ညီမလေးက မဲ့ပြုံး ပြုံးကာ အောက်နှုတ်ခမ်းကလေးကို ဆွဲဆန့်၍ ကိုက်နေသည်။

နှုတ်ခမ်းများကို ဆွဲတင်းကာ ထားသဖြင့် ညီမလေးအောက်နှုတ်ခမ်းက သွားနှစ်ခုကြားထဲက တဖြည်းဖြည်းချင်း ရုန်းထွက်ကာ နေ၏။ ဖျပ်ခနဲ နှုတ်ခမ်းတွေ လွတ်ကာသွားသည်။

"မေမေ…အဲဒီလူကြီးကို ကြောက်နေတယ်"

"ဟာ…ညီမလေးကလဲ"

တစ်ခါတော့ နောက်ကို ခေါင်းလှန်သွားသူက ကိုကိုသာဖြစ်သည်။ မဖြစ်နိုင်။ သူ့မေမေသည် ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တတ်သည့်မိန်းမတစ်ယောက် မဟုတ်။ သူတို့နှင့်ပတ်သက်လျှင် သာ၍ဆိုးသည်။ မနက်ခင်းက ထိုလူ့ကို မကြောက်ရှပင်…ပြဿနာ တက်ခဲ့ပြီ မဟုတ်လား။

"မဖြစ်နိုင်တာ ညီမလေးရာ…။ မကြောက်လို့ဘဲ မေမေနဲ့ ပြဿနာဖြစ်တာ မဟုတ်လား"

"ပါယ်ပြောတာကို ကိုကို နားမလည်ဘူး။ မေမေကြောက်တာ က အဲဒီလူကြီးနဲ့ ပါယ်တို့ တွေ့မှာ…ရင်းနှီးမှာကို ကြောက်တာ…။ မေမေဟာ အဲဒီလူကြီးကို အစကတည်းက သိတယ်။ ပါယ်တို့နဲ့ကျတော့ မသိစေချင်ဘူး။ သိသွား ခင်သွားမှာကို ကြောက်နေတယ်"

ကိုကို ခေါင်းကို တဗျင်းဗျင်းကုတ်ရသည်။ ညီမလေးမျက်နှာ ပေါ်မှာလဲ နိုင်မာသောပုံစံကို တွေ့ရ၏။ သူ ဖြစ်ခဲ့သမျှတွေကို ပြန် စဉ်းစားကြည့်သည်။ ထိုလူကြီးနဲ့တွေ့ပြီး မေမေတလျှောက်လုံး တိတ် ဆိတ်နေပုံ၊ ကမ်းခြေမှာ ဝုန်းခနဲရောက်လာကာ သူတို့ကို အတင်း နောက်ဆုတ်ခိုင်းပြီး ရန်တွေ့ပုံ…။ မေမေ အကျိုးအကြောင်းတကျ မဆုံးဖြတ်ခဲ့တာ ရှိသည်ဆိုလျှင် ထိုအကြိမ်သည် ပထမဦးဆုံးဖြစ်လိမ့် မည်ဟု ကိုကို ထင်သည်။

"ထားတော့ ညီမလေး…ဟုတ်ပြီ…ဒီတော့ ညီမလေး ဘာကို ပြောချင်တာလဲ…မေမေ့ကို ဘာကောက်ချက် ချချင်လဲ"

ညီမလေးမျက်နှာ ဝင်းခနဲလက်ကာ သွား၏။ ပြီးတော့… တည်သွားပြန်သည်။ ချက်ချင်းပင် ညီမလေးသည်…သူ့ဘက်သို့ ရုတ်တရက် ရွှေ့ကပ်ကာ နားနားသို့ တိုးတိုးကပ်ကာပြော၏။

"ဖေဖေလေ…ဖေဖေ…အဲဒီလူကြီးက ညီမလေးတို့ဖေဖေ မဖြစ်နိုင်ဘူးလား"

စကားသံတိုးတိုးက ကိုကို့နားထဲသို့ အရှိန်ပြင်းစွာ ဝင်သွား၏။

"ဘာ…တို့ဖေဖေ…ဟုတ်လား"

မောင်နှမနှစ်ယောက် အံ့သြစွာကြည့်နေစဉ်မှာပင် သူတို့ထိုင်နေ





သော ဝရံတာပေါ်သို့ ခဲတစ်လုံး ကျသည်။

"အမေ့"

ညီမလေး ရုတ်တရက် လန့်ကာအော်ရင်း ကိုကို့ကို ဖက်သည်။ ခဲလာရာဆီကို ကိုကိုလှည့်ကြည့်တော့ အမှောင်ကိုသာ မြင်ရ၏။ ကမ်းစပ်မှာ လှိုင်းသံတဝုန်းဝုန်း…။

ဒုတိယအကြိမ် ခဲတစ်လုံး ထပ်ရောက်လာသည်။ မောင်နှမ နှစ်ယောက် ပြိုင်တူထကာ ရပ်မိကြ၏။ ထိုအချိန်တွင်…ဘန်ဂလိုရှေ့နှင့် ကမ်းစပ်အမှောင်ထုအစပ်အတွင်းမှ လူတစ်ယောက် ထွက်ကာလာ၏။

"ဟာ…"

"ကိုကို…"

အော်သံတစ်သံ အကြည့်တစ်ချက်နှင့်ပင် တိုင်ပင်မထားရပါဘဲ မောင်နှမနှစ်ယောက်စလုံး ဘန်ဂလိုပေါ်မှဆင်းကာ ပြေးလာခဲ့ကြ၏။ ပြေးသည့်မှ ဦးမင်းဒင်ကို ကျော်ကာ သောင်စပ်အထိ ဆင်းပြေးကြ သည်။ ဘန်ဂလိုတွေပေါ်က ကြည့်တော့သာ သောင်စပ်က မှောင်နေ သည်။ သောင်စပ်ကိုရောက်တော့…လရောင်ကို ရေစိုနေသော သဲပွင့် တွေက အလင်းပြန်ပေးသဖြင့် မြင်နေရ၏။ သို့သော်…သဲသဲကွဲကွဲတော့ မဟုတ်။

"ဦးလေး…"

"ဟုတ်တယ်…ငါပါ"

"ဘာကိစ္စလဲဟင်"

ပေါ်ယ်က စိုးရိမ်စိတ်အပြည့်နှင့် မေးသည်။

"ရော့…"

တိုးပေးသောလက်ကို ကိုကို လှမ်းကိုင်လိုက်တော့ လက်ထဲသို့ ခပ်မွမွအရာဝတ္ထုတစ်ခု ဝင်ကာလာ၏။ ကိုကို ချက်ချင်းသိလိုက်ပါသည်။ နှစ်ရာတန်…။

"ဟာ…ဦးလေးကလည်း ယူပါ…ကျွန်တော်တို့ပေးပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



``ပြန်ယူပါကွာ...ငါ...အဲဒါပေးဖို့ လာခဲ့တာပါ။ ငါ...မင်းတို့ဆီက ဘာမှ မလိုချင်ဘူး။ ပြန်ယူပါ...ငါ...ငါ မင်းတို့နဲ့ ခင်ရရင် ကျေနပ်ပါပြီ``

မသဲကွဲသောခန္ဓာကိုယ်သည် တစ်ချက် ယိမ်းထိုးကာသွားသဖြင့် ကိုကို လှမ်းထိန်းထားရ၏။ သူတို့ ဘန်ဂလိုကို လှမ်းကြည့်တော့ တိတ်ကာ ငြိမ်နေသည်။ ရုတ်တရက် စပါယ်က ထမေးသည်။

''ဦးလေးဆီမှာ မိသားစု ရှိလား...သားသမီး ရှိလား...''

ခန္ဓာကိုယ်တစ်ချက် ယိမ်းသွားပြန်သည်။ ပင့်သက် မ ထားသော ရင်အစပ်မှ ပြိုကျလာသော နာမှုတ်သံတစ်ချက်ကို ရ၏။ အရက်နံ့က ထောင်းထောင်းထသွားသည်။ စပါယ့်ရင်ထဲ နင့်ကာသွား၏။ ယိုင်သွားသောခန္ဓာကိုယ်ကို အရိပ်သဲ့သဲ့က မနည်း ပြန်ထမ်းနေသည်။ ပြီးတော့ ရုတ်တရက် အော်ရယ်သံကို ကြားရ၏။ ခန္ဓာကိုယ်တစ်ခုလုံး ယိမ်းထိုးနေသော အော်ရယ်သံ...သာဖြစ်ပါသည်။

စပါယ်ရော ကိုကိုပါ ထိပ်လန့်သွားကြ၏။ စပါယ်က ကိုကို့လက်ကို ဆုပ်ကိုင်ကာထားသည်။ အော်ရယ်သံအဆုံးမှာ ရေလှိုင်းတွေ ဝုန်းခနဲ ကမ်းခြေသို့ ဝင်သည်။ ပြီးတော့ လှိုင်းဆင်းသံ တရှဲရှဲ...။ ယိုင်နေသောခန္ဓာကိုယ်ကို တည့်မတ်နေစဉ် ဘာသံမှ မကြားရ။ ကမ်းခြေက တိတ်နေ၏။ နောက်ထပ်စကားတစ်ခွန်း (သို့မဟုတ်) လှိုင်းတစ်ခု။

''ရှိတယ်...အရင်တုန်းက သားနဲ့သမီး ရှိတယ်...အခု...''

ခန္ဓာကိုယ် တစ်ချက်ယိုင်ကာသွားသည်။ ကိုကိုက လှမ်းကာ ထိန်းသည်။

``ဦးလေး...ဦးလေး``

''ရပါတယ်ကွာ...အခု...သေပြီ...မရှိတော့ဘူး။ သေပြီ...''

ဝုန်းခနဲ လှိုင်းတက်သံ ကြားရ၏။ သောင်ပြင်သည် လှိုင်းတက်သံမှတစ်ပါး အခြားအရာတွေ တိတ်ဆိတ်သွားကြသည်။ အရာအားလုံး





တိတ်ဆိတ်နေကြသည်။

''ကဲ...မင်းတို့ သွားကြတော့။ ကျေးဇူးပဲကွာ...ငါ မင်းတို့ကို စောင့်ကြည့်နေတာ ကြာပြီ...စောင့်ရင်း ငါလည်း အိပ်ပျော်သွားတာ။ ကဲ...သွားကြတော့။ မင်းတို့အမေ ရောက်လာရင် ပြဿနာတက်ကုန်လိမ့်မယ်။ ဝင်ကြတော့''

စကားပြောရင်း...ယိုင်နေသောအရိပ်က လှည့်ကာ ထွက်သည်။ သဲထဲမှာ နစ်ကာ တစ်ချက်ယိုင်သွား၏။ သို့သော်...လက်လှမ်းကာ ရမ်းပြသည်။ တရွေ့ရွေ့အရိပ်က သောင်ပြင်မှာဝေး၍ ရွေ့ဝေးကာသွားသည်။ တစ်ချက်ယိုင်ပြီး သောင်ပြင်ပေါ် လဲကျသွား၏။

စပါယ်က ကိုကို့လက်ကို အားနှင့်ဆုပ်ကာ အိခနဲ ငိုချသည်။

ကိုကိုလည်း...လက်တစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားပါသည်။ ထိုလက်ထဲမှာ နှစ်ရာတန်တစ်ရွက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## (ခုနစ်)

ဘန်ဂလိုနှင့် သောင်အစပ်ကို ခြားထားသော အုန်းပင်များ အောက်တွင်ရှိသော ခုံကလေးပေါ်တွင် အတူထိုင်ကာ ငိုင်နေကြသော သားနှင့်သမီးကို ငေးကာ ဒေါ်တင်မေကျော် စိတ်ထဲမှာ မောသွားရာ သည်။ ဒရိုင်ဘာကြီး ဦးမြင့်ကလည်း ခပ်လှမ်းလှမ်းတွင် တာဝန်မပျက် ထိုင်ကာ နေ၏။ သောင်စပ်မှာ၊ ရေထဲမှာ ပြေးလွှားပျော်မြူးနေသော လူတွေကို တွေ့ရသည်။

တကယ်ဆိုလျှင် ဒီခရီးသည် သမီးအတွက် ပျော်စရာ အကောင်းဆုံး ခရီးတစ်ခုသာဖြစ်သင့်သည်။ ဘာမှမဟုတ်သည့် ကိစ္စ ကလေးအတွက် သားနှင့်သမီး အခုလို ဖြစ်နေရသည်ကို ဒေါ်တင်မေ ကျော် စိတ်မကောင်းမိ။ ပြောခဲ့ ဆိုခဲ့မိသည်ကို နောင်တရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောလိုက်တော့လည်း ကလေးတွေ နေရှာသားပဲ။ ဘာပဲဖြစ်ဖြစ် သူ့ဘဝတွင် ကလေးတွေကို ပျော်ရွှင်ဖို့ တစ်ခုတည်းသာ ဦးတည်ခဲ့သည် မဟုတ်လား။ သူ ကြည့်ကာတွေးနေတုန်း ဦးမြင့်က ထိုင်ရာမှ ထကာ သူ့အနားသို့ ရောက်ကာလာ၏။

"ရွှေပင်လယ်မှာ ထမင်းသွားယူလိုက်ရတော့မလား...မမလေး"

ဒေါ်တင်မေကျော် ခေါင်းကို ဘယ်ညာရမ်းသည်။

"ကလေးတွေ မပျော်ကြဘူး ဦးမြင့်ရယ်...၊ ကျွန်မ စိတ်မကောင်းဘူး"

"ဟုတ်ပါတယ် မမလေးရယ်...၊ ငှက်ကလေးတွေကို လှောင်အိမ်ထဲမှာ ထည့်ပြီး လေဟာပြင်မှာ ချထားသလိုပဲ၊ ကျွန်တော်လည်း"

ဆက်မပြောသော်လည်း ဦးမြင့်စကားက သူ့အရှိက်ကို ထိသည်။ 'လှောင်အိမ်ထဲ ထည့်ထားတဲ့ငှက်' တဲ့။ ဒါဆို သူက လှောင်အိမ်လား...။ ဟင့်အင်း...သားနှင့်သမီးအတွက် သူသည် မိုးကောင်းကင်ပဲ ဖြစ်ရမည်။ ဒေါ်တင်မေကျော် ဦးမြင့်ကို ဘာမှမပြောတော့ဘဲ သားနှင့်သမီးရှိရာသို့ ရောက်လာခဲ့သည်။

"သား..."

သားဟု ခေါ်ပြီး သမီး၏ဆံနွယ်စများကို သူ ယုယစွာ ပွတ်သပ်ပေးသည်။ သို့သော် ကလေးနှစ်ယောက်စလုံးက သူ့ကို လှည့်မကြည့်ကြပါ။

"မေမေ ကျေနပ်ပါပြီကွာ၊ မေမေ သားနဲ့သမီးကိုလည်း စိတ်ချပါတယ်။ သားတို့ သွားကစားကြပါ"

ဒေါ်တင်မေကျော် ကိုင်ထားသော သမီး၏ခေါင်းကလေး ဆတ်ခနဲ တွန့်ကာသွား၏။ သမီးက မယုံရဲသလို မော့ကာကြည့်သည်။ သမီးရယ်...မေမေဟာ သမီးရဲ့ လှောင်အိမ် မဟုတ်ပါဘူး။ မေမေဟာ သမီးတို့ရဲ့ မိုးကောင်းကင်ပါ။

"ဦးမြင့်ကိုလည်း မထည့်ပါဘူး။ သမီးတို့ အေးအေးဆေးဆေး





သွားကြ"

"ဘယ်ဘဲ့တို့ ရောက်နေတယ် မေမေ။ ဟိုဘက်အစွန်က အခန်းမှာ...သူ့ သူငယ်ချင်းတွေနဲ့၊ အဲဒါ..."

ဘယ်ဘဲ့ဆိုတာ သမီး၏သူငယ်ချင်းမှန်း ဒေါ်တင်မေကျော် သိပါသည်။ ဒေါ်တင်မေကျော် နှစ်လိုအားရစွာ ပြုံးပြလိုက်၏။

"သွားလေ သမီးရဲ့...။ ထမင်းစားချိန်တော့ ပြန်လာခဲ့...၊ ဟုတ်ပြီလား"

"ဟာ...မေမေကလည်း သူတို့ကို မနေ့က ကတည်းက ချိန်းထားတာ။ သူတို့နဲ့ စားဖြစ်ရင်ကော..."

ဒေါ်တင်မေကျော် သက်ပြင်းကိုသာ ချရသည်။ ရုတ်တရက် ရွှင်လန်းသွားသော သမီးမျက်နှာကလေးကို အပျက်မခံချင်ပါ။ သမီးက ဒီကိုလာဖို့ ကြိုးစားခဲ့ရသူကိုး...။

"ဘယ်အခန်းလဲ သမီး၊ ဘယ်ဘဲ့တို့က"

"ဟိုး...အစွန်ဆုံးအခန်း။ သူတို့ ထမင်းမကျွေးရင် ပြန်လာခဲ့မယ်လေ"

"ကောင်းပြီ...သမီး"

စကားဆုံးတော့ သားက အရင် ထရပ်သည်ကို တွေ့ရသည်။ ဒေါ်တင်မေကျော် ပြုံးရပါသည်။ သားရော သမီးပါ ဘယ်လောက်များ လွတ်လွတ်လပ်လပ် ပျံသန်းချင်နေသလဲ။ သားက သမီးကို ကပ်လိုက်ရသူမို့ ဘာမှ မပြောပုံရသည်။ သမီးက သားလက်ကိုဆွဲကာ ရုတ်ခနဲ ထပြေးပြီးမှ သူ့ကို လက်ဝါးကလေးနှင့်ကပ်ကာ နမ်းသွားသည်။ သူလည်း ပြုံးကာ သမီးကို ပြန်အနမ်းပေးရင်း ပြေးထွက်သွားသော သားနှင့်သမီးကို ကျေနပ်စွာ ငေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကဟု ထင်ရသော သားသားနားနား ဧည့်သည်ကလေး နှစ်ယောက်က အဘယ်ကြောင့် ကိုဒင်ကြီးအကြောင်းကိုမှ တကူးတက လာမေးနေရသနည်း။

"သူ ဒီကိုရောက်လာတာ အနှစ်နှစ်ဆယ်လောက် ရှိပြီ ထင်တယ်။ ကျွန်တော် လူပျိုဘဝကတည်းကပဲ။ ကျွန်တော်သိတတ်စ ကတည်းက သူ ဒီကမ်းခြေမှာ နိုင်းတာလုပ်တယ်၊ ပြီးတော့...ဒေါ်ဘုံ ဆီမှာ ငါးကင်ယူပြီး ရောင်းတယ်။ ဘာဖြစ်လို့လဲဟင်...။ ပိုက်ဆံ လိမ်သွားလို့လား"

"ဟာ...မဟုတ်ပါဘူး ဦးလေးကြီးကလဲ...သူ့မှာ သားသမီး တွေ ရှိလား မိသားစု ရှိလား..."

"ဟင့်အင်း...မရှိဘူး။ ဒီမှာတော့ တစ်ယောက်တည်းပဲ"

သူ့ကို ဆက်တိုက် မေးခွန်းတွေမေးနေသော ကောင်မလေးက တိတ်ကာသွား၏။ ကောင်လေးဘက်သို့ တစ်ချက်လှည့်ကာ ကြည့်သည်။ ကောင်လေးက စိတ်လှုပ်ရှားကာ နှုတ်ခမ်းကို သပ်နေ၏။ ကောင်မလေး က ကောင်လေးနားကပ်ကာ တိုးတိုးပြောသည်။ ကောင်လေးက ခေါင်းတစ်ချက်ညိတ်ကာ သူ့ကို ကြည့်၏။

"သူ့မှာ မိသားစုရှိတယ်လို့ ပြောဖူးသလား။ ဟို...အရင်တုန်း ကလေ၊ ရှိတယ်ဆိုတာပေါ့"

အုန်း တော်တော်စဉ်းစားရ ကြပ်သွားသည်။ သူ့အသိဉာဏ် တွေကို တဖြည်းဖြည်း လှန်ရ၏။ ကိုဒင်ကြီးနှင့် သူကလည်း ငါးကင် ရောင်းကောင်းကြောင်း ဘာကြောင်းကလွဲ၍ သိပ်စကားပြောဖူးတာ မဟုတ်။ တစ်နေ့ တစ်နေ့ တွေ့ကြသော်လည်း သူလို ငါလိုနှင့်သာ ပြီးတာများသည်။ သို့သော် စဉ်းစားစမ်း...၊ စဉ်းစားစမ်း...။

"ဟာ...ဟုတ်ပြီ၊ ပြောဖူးတယ်...သူ ကျွန်တော့်ကို မူးမူး နေတုန်းက တစ်ခါပြောဖူးတယ်။ သူ့မှာ အရင်က မိန်းမရှိခဲ့ဖူးတယ်တဲ့။ ကလေးနှစ်ယောက် ရှိခဲ့ဖူးတယ်တဲ့၊ ဒါပေမဲ့ အကုန်သေပြီလို့ ပြောတယ်။





ပြီးတော့...ကျွန်တော့်ကို ဖက်ငိုတာပဲ"

သူ့စကားဆုံးတော့ ကောင်လေးက ပါးစပ်ကို ဟသည်။ ကောင်မလေးက ငိုင်ကာသွားသည်။ ထို့နောက် ကောင်မလေးက အရင်ဆုံး သတိဝင်ကာ သူ့ပိုက်ဆံအိတ်သေးသေးလေးထဲက ငါးရာတန် တစ်ရွက် ဖျပ်ခနဲ ဆွဲထုတ်ရင်း 'ကဲ...တွေ့ပြီလား ကိုကို'ဟု ပြောကာ ငါးရာတန်ကို သူ့လက်ထဲ ထိုးထည့်ကာ ကောင်လေးလက်ကို ဆွဲရင်း ပြေးထွက်သွားကြ၏။

လက်ထဲက ငါးရာတန်ကို ကိုင်ရင်း ကိုအုန်း ခေါင်းကုပ်ကာ ကျန်ခဲ့သည်။ ပြဿနာက ဘာလဲဆိုတာ သူ မမေးလိုက်ရ၊ သူကတော့ ကိုဒင်ကြီးအကြောင်း သိသမျှနှင့် နေရာကိုပါ ပြောပြပြီးခဲ့ပြီ၊ ဟိုတစ်နေ့ က ဧည့်သည်တွေနှင့် ပြဿနာဖြစ်သည်ဟုလည်း ကြားရသည်။ ဘာပဲ ဖြစ်ဖြစ် ဘာမှမဟုတ်သော ကိုဒင်ကြီးအကြောင်း ပြောကာ ပိုက်ဆံ ငါးရာတော့ ရခဲ့ပြီ၊ ဘာပြဿနာဆက်ဖြစ်ဖြစ် သူနှင့် မပတ်သက်ရ အောင် ဒီနေ့ ငါးကင်၊ ပုစွန်ကင်တွေကို ဒီဘက်မှာ မရောင်းတော့ AMBO ဘက်မှာ သွားရောင်းဖို့ သူ ဆုံးဖြတ်လိုက်၏။

သူ လှမ်းထွက်ရင်း...သူ့မိန်းမနှင့် ကလေးတွေကို သတိပေး ဖို့ ဆုံးဖြတ်ရသည်။ တစ်မနက်ခင်းလုံး ကိုဒင်ကြီး မလာ။ လာလျှင် လည်း စကားမပြော၊ မဆက်ဆံဖို့သာ ဖြစ်လေသည်။ သူရော သူ့ မိသားစုပါ ဧည့်သည်တွေနှင့်တော့ ပြဿနာ တက်မခံနိုင်ပါ။ လက်ထဲ က ပိုက်ဆံငါးရာကိုလည်း ဘယ်နည်းနှင့်မှ သူ ပြန်မပေးနိုင်တာ သေချာသည်မဟုတ်လား။

ညီမလေးဆွဲပြေးရာနောက်သို့ လိုက်လာရင်း...အသိတရား တစ်ခုကြောင့် ကိုကို ဆတ်ခနဲ ရပ်သည်။

"ဟာ...ညီမလေး၊ ဘယ်ဘဲ့တို့အခန်းကို ကျော်ခဲ့ပြီလေ... အခန်းက ဟိုးဘက်မှာ"

စပါယ် ရုတ်တရက် စကားပြန်ပြောနိုင်။ ရင်ကို ပင့်မကာ



www.burmeseclassic.com

www.burmeseclassic.com

မောနေပုံ ရှာသည်။ သူသာ မရပ်လျှင် ဒီလောက်မောနေသည့်ကြား က ဘယ်အထိ ဆက်ပြေးဦးမလဲ မသိ။

"ကိုကိုကလည်း ညီမလေးတို့က ဘယ်တဲ့တို့အခန်းကို သွားမှာ မှ မဟုတ်တာ"

"ဟာ...ဒါဆိုရင် ဘယ်လဲ၊ ညီမလေးပဲ ဘယ်ဘဲ့တို့အခန်းကို လက်ညှိုးထိုးပြခဲ့ပြီး အဲ့ဒီမှာရှိမယ် ပြောခဲ့တာ"

"ကိုကိုက သိပ်အတာပဲ၊ ညီမလေးက လက်ညှိုးထိုးပြီး အစွန်ဆုံးအခန်းကို ပြောခဲ့တာ။ တလွဲကြီးပဲဟာ...ပြီးတော့ ညနေအထိ ရှိမယ်လို့ ပြောခဲ့တာပဲ...ဘာပြဿနာမှ မရှိဘူး"

အကွက်စေ့စေ့ပြောသော ညီမလေးကို ကြည့်ကာ ကိုကို တော်တော်ထိပ်လန့်သွားသည်။ ဘယ်ဘဲ့တို့အခန်းကို သူ သွားချင်တာ မှန်ပါသည်။ သို့သော် ထိုကိစ္စသည် မေမေလာရှာမှာလောက်တော့ စိုးရိမ်စရာလည်း မရှိ၊ ကိစ္စလည်း မရှိပါ။

"မေမေလာရှာရင် ဘယ့်နှယ်လုပ်မလဲ"

"ညနေအထိလို့တော့ ပြောခဲ့တာပဲ...ကိစ္စမရှိဘူး။ ခု ညီမလေး တို့က ခဏသွားပြီး ပြန်လာမယ့်ဟာ...ပြန်လာတော့ ဘယ်ဘဲ့တို့ အခန်းကို ဝင်ကြတာပေါ့။ ဒီမှာ ကိုကိုနဲ့ ဘယ်ဘဲ့ကိစ္စ ညီမလေး အကုန်သိတယ်။ အဖြေတောင်းဖို့ကိစ္စပဲ မဟုတ်လား။ ရန်ကုန်ရောက်ရင် ညီမလေး အကုန်တာဝန်ယူတယ်။ ဘယ်ဘဲ့က ရန်ကုန်မှာ အချိန်မရွေး တွေ့လို့ရတယ်၊ ဒီကိစ္စက ဒီမှာအပြီးလုပ်ရမှာ...ပြန်လာဖို့ လုံးဝ မလွယ် ဘူး"

"ခု ညီမလေးက ဘယ်ကိုသွားမှာလဲ"

"ခုနက ဦးလေးကြီးပြောလိုက်တဲ့ အိမ်ဆိုတာလေ...ကမ်းခြေ တစ်ခုလုံးမှာ မရှိရင် အိမ်မှာတော့ ရှိမှာပေါ့"

"ဟာ...ဥတ္တိုတံတားအထိ အဝေးကြီးပဲ ညီမလေးရ"

သူ စိတ်ပျက်လက်ပျက် စကားပြောသံကြားတော့ ညီမလေး



က ပြုံးသည်။

"ကိုကိုက ချီးဘူးပဲ၊ ချောင်းသာဂိတ်ကနေ ပုသိမ်ကို ထွက်တဲ့ ကားတွေ စီးသွားမှာပေါ့။ ဆယ်မိနစ်ပဲ ခဏလေးရယ်။ အပြန် ဒီလိုပဲ ပေါ့"

ကိုကို ဘာမှမတတ်နိုင်ပါ။ မည်သည့်နေရာမဆို စနစ်ကျပြီး ဖွဲ့ကောင်းသော ညီမလေးနောက်သို့လိုက်ရန်သာရှိတော့သည်။ သူလည်း တစ်သက်လုံး မတွေ့ခဲ့ဘူးသော အဖေဆိုတာကို ညီမလေးလိုပင် စိတ်ဝင်စားပါသည်။ သို့သော် မေမေ့ကို ကြောက်သည့်စိတ်က ရှိနေမြဲ ဖြစ်သဖြင့် စိုးရွံ့နေခဲ့သည်။ ညီမလေးမှာတော့ ဘာမှမရှိ၊ ပကတိဖြူစင် သော မျက်ဝန်းကလေးက အခါတိုင်းထက် ပို၍ တောက်ပကာနေ၏။

ချောင်းသာဂိတ်ရောက်တော့ ပုသိမ်ထွက်မည့် နောက်ဆုံးကား ကို ရသည်။ နေရာက မရတော့။ ဥတ္တိုတံတားနားအထိ ဆိုသဖြင့် မတ်တပ်ရပ်ရဖို့ သဘောတူကာ လိုက်ခဲ့သည်။ ကားထွက်တော့ ကိုကို ရင်တွေ ဘာတွေ ခုန်နေသည်။ ဘာပဲဖြစ်ဖြစ် ချောင်းသာသည် ကျန်ခဲ့ပြီ၊ သူတို့ စွန့်စားရတော့မည်ဖြစ်၏၊ ကိုကို ရုတ်တရက် ပျော်ကာ သွား၏။ ညီမလေးကို ငဲ့ကြည့်တော့ ထူးခြားစွာတည်ငြိမ်နေတာ တွေ့ရ လေသည်။

ဥတ္တိုချောင်းမရောက်ခင် အိမ်စုကလေးတွေမှာ ဆင်းလိုက်ကြ သည်။ ထွက်သွားသောကားကို ကိုကို ငေးကြည့်မနေဘဲ တွေ့သော လူကို ချက်ချင်းမေးရ၏။

"ဒေါ်ဒေါ်...ဒီမှာ ဦးမင်းဒင်ဆိုတာ ရှိသလား"

ချောက်အစပ်ထိဆင်းကာ သီဟိုဠ်ရှက်နုနှင့် မယ်တယ်ပိုရှက်နု တွေ ခူးပြီး ဦးမင်းဒင် ပြန်တက်ကာလာသည်။

ကြောင်နှင့်ကောင်စာအုပ်တိုက်

www.burmeseclassic.com



ထုံးစံအတိုင်း မသီတို့ကို စားဖို့အနည်းငယ်ပေးကာ ထမင်းလေး တစ်ဆယ်ဖိုး ဝယ်ရ၏။ သူ ထမင်းချက်စားလေ့ မရှိပါ။ မသီအိမ်တွင် လေးဆယ်ဖိုးဝယ်လျှင် သူ့အတွက် တစ်နပ်စာတော့ ရ၏။ ချောက်ထဲက ဖားကလေး၊ ငါးကလေး ရလျှင်လည်း မသီကိုပင် ပေးကာ ချက်ခိုင်းပြီး သူ့တစ်ယောက်စာ ယူစားလေ့ရှိသည်။ ငါးကင်အရောင်း သွက်သော နေ့မျိုးဆိုလျှင်တော့ ရွာထဲက ထမင်းဆိုင်မှာပင် စားလေ့ ရှိ၏။

ဒီနေ့တော့ မသီက ထမင်းလေးဆယ်ဖိုးကို ခပ်များများပေး လိုက်သည်။ သူ ကျေနပ်ပြီးအပြန်အလာ တံခါးမရှိသော သူ့အိမ်အဝ မှာ ထိုင်နေသော ကောင်လေးနှင့် ကောင်မလေးကို အဝေးကပင် အံ့ဩစွာ တွေ့လိုက်ရသည်။

သူ ရင်တခုန်ခုန်နှင့် လျှောက်လာပြီး အိမ်ပေါ်တက်ပြီးသည် အထိ ကောင်လေးနှင့် ကောင်မလေးက သူ့ လှုပ်ရှားမှုကိုသာ ကြည့် နေကြကာ သူ့ကို စကားမပြောပါ။ သူလည်း တစ်ယောက်တည်း ရှိနေသလိုပင် ထမင်းပန်းကန်းကို ဆွဲကာ ကျွတ်ကျွတ်အိတ်ထဲမှ ထမင်းတွေကို တဝက်သွန်ကာချ၏။ နူးလာသောအရွက်တွေကို ထို ကျွတ်ကျွတ်အိတ်နံဘေးက ခုံပေါ်မှာ တင်သည်။ သူ့အတွက် ငါးကင် မရောင်းရသဖြင့် မနက်စာဟင်းက ပုစွန်ငါးပိရည်ဖျော်သာ ရှိပါသည်။ ပုစွန်ငါးပိရည်ဖျော်ဆိုတာ သူတို့ဒေသမှာ ဘယ်အိမ်တောင်းတောင်း အချိန်မရွေး အလကားရသော အရာသာဖြစ်သည်။ ထမင်းတွေကို ထိုးမွှရင်း နှစ်များစွာ ငြိမ်သက်နေသော သူ့ရင်သည် တဒိုင်းဒိုင်းခုန်ကာ နေ၏။

ဦးမင်းအင် မျက်လုံးတစ်ချက် လှန်ကာကြည့်တော့ သူ့ကို စူးစိုက်ကြည့်နေသော ဖြူးဖွေးတောက်ပသည့် မျက်လုံးလေးများကို မြင်ရသည်။ ဦးမင်းအင် ရင်မဆိုင်ရဲ မျက်လွှာချရင်း စကားပြောရသည်။

"မင်းတို့...ဘာလာလုပ်ကြတာလဲ"





မြသံကို တော်တော်နှင့် မကြားရပါ။ ထမင်းတွေကို ဦးမင်း အင် အမိပ္ပါယ်မဲ့ မွှနေ မွှေနေမိ၏။

"မင်းတို့အမေ ဆူလိမ့်မယ်"

"ရပါတယ်...စပါယ်တို့ ဟိုလေ...၊ အသေအချာစီစဉ်ခဲ့တာ ပါ။ ဒီကိုလာမယ်ဆိုတာ မသိပါဘူး"

အမိုးက မလုံသော်လည်း ကိစ္စမရှိ ခေါင်းရင်း ဘုရားစင်ဟု ခေါ်အပ်သော စင်အောက်ကနေရာက ထရံကြီးလန်နေသော တဲထဲကို ကြောင်ကလေးတွေလို ရောက်နေသည့်၊ သူ့ကို မျက်တောင်မခတ် ကြည့်နေသည့် ကလေးနှစ်ယောက်ကို သူ အားနာနေမိသည်။ သို့သော် ဗိုက်က ဆာလှပြီ။

ထင်းရှူးသေတ္တာနံဘေးမှ တင်ထားသည့် သီဟိုဠ်ရွက်တွေကို လှမ်းဆွဲကာ ထမင်းထဲမြုပ်၊ ပုစွန်ငါးပိရည် ဆမ်းကာ ပါးစပ်ထဲ ထိုးသွင်းလိုက်မည်ကြံပြီးမှ သူ သတိရသည်။ ထမင်းလုပ်ကို အသာ ပြန်ချရင်း ထင်းရှူးနံဘေးမှ ပုလင်းကို ဆွဲထုတ်လိုက်၏။ ပုလင်းထဲမှာ အရက်တစ်ပိုင်းလောက်တော့ ကျန်ဦးမည်။ မနက် ထမင်းမစားမီ သူ သောက်နေကျ။ ဒါကို သောက်မှလည်း ရှေ့မှာရှိနေသော ဘာရယ် မဟုတ်သည့် ထမင်းက ဝင်သည်။ သူ ပုလင်းအဖုံးကို ဆွဲကာ ဖွင့်တုန်း...

"မသောက်ပါနဲ့...မနက်ပဲ ရှိသေးတာ။ မသောက်ရဘူး"

စကားနှင့်အတူ ဒူးခေါင်းကလေးပေါ် လက်တင်ကာ ထိုင်နေ သော ကောင်မလေးက ထလာပြီး သူ့လက်ထဲမှ ပုလင်းကို ဆတ်ခနဲ ဆွဲကာ ယူသည်။ ကောင်လေးက ခေါင်းကို ညိတ်ကာ "ဟုတ်တယ်... အစောကြီးပဲ"ဟု ပြော၏။ သူ တအံ့တဩ ငေးနေစဉ်မှာပင် သူ့အတွက် မရလျှင် မနေနိုင်သော အရက်ကို ကောင်မလေးက ဝါးကြမ်းပြင်း စိတ်ကြားမှ သွန်ချနေသည်ကို မြင်ရ၏။ သူ ဘာလုပ်ရမှန်း မသိ။ ထိုအရက်တစ်ပိုင်းအတွက် သူ ဥတ္တိုထိပ်ကနေ ရွာထဲ (ရှောင်းသော)အထိ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရဖူးပေါင်း များလှပြီ။ သို့သော် ဒီတစ်ကြိမ်ကျတော့ သူ စိတ်မဆိုး၊ ဒေါသမဖြစ်။

သီဟိုဠ်ရွက်နှင့် ထမင်းတစ်လုပ်ကို ပါးစပ်ထဲ ပစ်သွင်းလိုက်၏။ နှုတ်ခမ်းစပ်မှာကျန်နေသော သီဟိုဠ်ရွက်တွေကို နှုတ်ခမ်းနှင့် စုတ်ယူကာ ဝါးသည်။ ကလေးနှစ်ယောက်က သူ့ကို ငေးကာ ကြည့်နေကြသည်။ ဒုတိယ၊ တတိယ၊ စတုတ္ထ။ ဘာကြောင့်မှန်း မသိ၊ သူ့ရင်ထဲမှာ ကျေနပ်ကာ အရက်မသောက်ရသော်လည်း ထမင်းစား၍ ကောင်းကာနေ၏။ ကောင်မလေးက ရုတ်တရက် မေး၏။

"ဦးလေးက ရန်ကုန်ဇာတိဆို..."

ထမင်းလုပ်တွေ ပါးစပ်ထဲမှာ ရှိနေသဖြင့် သူ လှမ်းကြည့်ကာ ခေါင်းကို ညိတ်ပြရသည်။ ထိုစဉ် ကောင်မလေးက ဘာမပြော ညာမပြောနှင့် ရှေ့မှာတွေ့သော ယပ်တောင်အမြီးကျိုးကလေးကို ကောက်ကိုင်ကာ သူ့ကို ယပ်ခတ်ပေး၏။ ရုတ်တရက် အံ့ဩစိတ်ဖြင့် သူ့မျက်စိတွေ ပြာသွား၏။ ပထမဆုံး ယပ်တောင်အမြီးကျိုးကလေးမှ လွင့်ပျံ့လာသော လေသည် သူ့နှလုံးသားကို ရင်ထဲမှ ချွေထုတ်ကာ လိုက်ခနဲ ကမ္ဘာမြေအဆုံး ပင်လယ်အဆုံးသို့ လွင့်ပစ်လိုက်သလို ခံစားရမိ၏။

"ဦးလေးမှာ မိသားစု ရှိခဲ့ဖူးတယ်ဆို..."

သူ့ပါးစပ်ထဲ၊ လည်ချောင်းထဲက ထမင်းတွေကို အတင်းမျို ချရ၏။ သတိလက်လွတ်ဖြစ်ကာ ပါးစပ်ထဲ ဘယ်နှကြိမ် သွင်းခဲ့မှန်း မသိသဖြင့် ရုတ်တရက် စကားပြန်၍ မရ။ ကောင်လေးက သဘော ပေါက်ကာ ထပြီး ရေအိုးကလေးထဲက ရေကို မဲ့တူးနေသော ပလတ် စတစ်ခွက်ဖြင့် ခပ်ကာပေး၏။ သူ ရေကို အရင်သောက်ရသည်။ လေခံနေသော လည်ချောင်းအတွင်းသို့ ထမင်းများ တိုးဝင်သွားပုံကို သူ ခဏ ခံရသေးသည်။

ပြီးတော့ သူ ဘာကြောင့်မှန်းမသိ၊ မျက်ရည်ဝဲကာ လာ၏။





သူ့ရင်ထဲမှာ ပျောက်ကာနေသည်။ အနှစ်နှစ်ဆယ်လုံးလုံး ခြောက်သွေ့ ကိတ်ဆိတ်ခဲ့သော သူ့တဲကလေးထဲမှာ သူ့အတွက် အဖော်တွေ ရောက်နေသည်။ ရုတ်တရက် သူ့ဘဝသည် အဓိပ္ပါယ်တစ်စုံတစ်ရာ ရှိနေ၏။ ထိုအဓိပ္ပါယ်ဆိုသည်မှာ ချောင်းသာကမ်းခြေမှာ ငါးကင်ရောင်း ရသော ဘဝအတွက် ဘာမှ မျှော်လင့်စရာမရှိသော သူ့အတွက် တစ်ကြိမ်မှ မမြင်ဘူးသော ရောင်ခြည်သာဖြစ်သည်။

"အဲဒါ...ရှိတယ်ဆို"

သောက ယပ်ခပ်ပေးရင်း ကလေးမလေးက ထောက်ပေး သည်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းကာနေ၏။ သူ ပျော်သည်။ ဘာပဲဖြစ်ဖြစ် သူ့နှလုံးသားသည် တစ်ကြိမ်မှ မခံစားဖူးအောင် လှုပ်ကာ နေသည်။ ထိုနှလုံး လှုပ်ရှားမှုကြောင့် သူ့မျက်လုံးမှာ မျက်ရည်ဝိုင်း လာ၏။ ပုထုဇဉ် မည်သူမဆို နှလုံးသားလှုပ်လျှင် မျက်ရည်ဝိုင်းကြစမြဲ မဟုတ်လား။

"ဟုတ်တယ်...ရှိတယ်။ ဒါပေမဲ့...သေပြီ...အားလုံး သေပြီ"

သူ့တဲကလေးသည် တိတ်ဆိတ်၍ သွား၏။ သူ့ကို ငေးကြည့် နေသော ဖြူဖွေးတောက်ပသည့် မျက်လုံးလေးလုံးသည် အသံမထွက် ဟု ဆိုလျှင် ထိုတဲကလေးသည် တိတ်ဆိတ်နေသည်ဟု သူ ကျိန်းသေ ပြောရဲပါသည်။

သူ သီဟိုဠ်ရွက်နှင့် မယ်တယ်ရွက်တွေကို ရောထွေးကာ ယူလိုက်သည်။ ထို့နောက် ထမင်းထဲ ထိုးထည့်သည်။ အပေါ်မှ ပုစွန်ငါးပိဖျော်ရည် ဆမ်းကာ အားပါးတရစားသည်။ ဒီလိုဖြူဖွေးတောက် ပသော မျက်လုံးကလေးတွေအောက်မှာ သူ တစ်ခါမှ ထမင်းမစားခဲ့ ဖူးခဲ့၊ သူ မွှေးမွှေးရွှေရွှေနှင့် ထမင်းစားပြီး ချာလပတ်လည်နေသော တဲကလေးထဲမှာ နှစ်ပေါင်းများစွာ အိပ်ပျော်သွားခဲ့ဘူးသည်။

"သေပြီဆိုတာ ဟုတ်ရဲ့လား"

"ဟုတ်တယ်...သေပြီ"



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးက ယပ်သုံးလေးချက် ခတ်ခပ်ကာ ကောင်လေးကို လှမ်းကြည့်သည်။ ကောင်လေးက တစ်စုံတစ်ခုကို စဉ်းစားနေပုံပေါ်၏။ ထို့နောက် သူ့ကို လှမ်းကာကြည့်သည်။

"ဦးလေးက ရန်ကုန်မှာတုန်းက ဘယ်မှာနေတာလဲ…ဘယ်အရပ်မှာလဲ…ဘယ်အရပ်မှာလဲ၊ ဘယ်ရပ်ကွက်မှာလဲ"

ဒေါ်တင်မေကျော် ခေါင်းမီးတောက်နေပြီဖြစ်သည်။

အခန်းရှေ့မှာထိုင်နေစဉ် ဖြတ်သွားသော ဘယ်ဘဲ့ကို တွေ့ရသဖြင့် လှမ်းမေးရာ သားနှင့်သမီး ဘယ်ဘဲ့တို့ထံ မလာမှန်းသိရသည်။ ပထမတော့ ဆောင်ပြင်မှာပဲ ရှိလိမ့်မည် ထင်ထားခဲ့သေးသည်။ သို့သော် ဆောင်ပြင်မှာလည်း မတွေ့။ ဟိုနေရာ…ဒီနေရာ အကုန်ရှာကြည့်တော့မှ ဒေါ်တင်မေကျော် ခေါင်းမီးတောက်ခြင်းဖြစ်သည်။ ဦးမြင့်ကို ခေါ်ပြီး လျှောက်ရှာသည်။ မန်နေဂျာကို ဝင်သတင်းပေးသည်။ သားနှင့်သမီး ဝတ်ထားသော အဝတ်အစားများကို ပြောပြကာ မေးသည်။ နောက်ဆုံး ရသည့်သတင်းက ပို၍ တုန်လှုပ်စရာ…။ ချောင်းသာဂိတ်မှ ကားစီးသွားကြသည်တဲ့။ ဥတိုတံတားထိပ်အထိပဲ လိုက်ပါရစေဟု ဆိုသဖြင့် ကားဂိတ်က မှတ်မိနေကြသည်ဟု ဆိုသည်။ ဥတိုတံတားကို သူတို့ ဘာသွားလုပ်ကြမှာလဲ။

ခြေမကိုင်မိ၊ လက်မကိုင်မိ ဦးမြင့်ကို ကားထွက်ခိုင်းကာ ရင်တွေ တဆတ်ဆတ်တုန်ကာ လိုက်ရသည်။ ဥတိုတံတားပေါ်ကနေများ…ဘုရား…ဘုရား…။

"အဲဒါကြောင့် မမလေးကို ပြောတာပေါ့။ ကလေးတွေကို သိပ်မဆူပါနဲ့လို့"

"တော်ပါတော့ ဦးမြင့်ရယ်…မြန်မြန်ရောက်အောင်သာမောင်းပါ"





ချောင်းသာနှင့် ဥတို (၁၀)မိနစ်ခရီးကို (၁၀)နှစ်ခန့်ကြာသည်ဟု ဒေါ်တင်မေကျော် ထင်သည်။ သို့မဟုတ် တစ်မိနစ်ခန့်နှင့် ရောက်သွားသည်ဟုလည်း ထင်သည်။ သူ့စိတ်တွေက မမှန်ချင်။ ဥတိုတံတားကို မောင်းသွားရင်း ရိပ်ခနဲ သားနှင့်သမီးအကျီကို သွားတွေ့သည်။

"ဦးမြင့် ရပ်…ရပ်…ရပ်…ရပ်တော့"

ကားကို ရပ်ရပ်ချင်း ဒေါ်တင်မေကျော် ကားပေါ်ခုန်ကာဆင်းသည်။ ပြီးတော့ ရိပ်ခနဲ မြင်ခဲ့ရသောအိမ်ကို ဖွတ်ပြေးသည်။

အမောတကော အိမ်ပေါ်သို့ လှမ်းတက်လိုက်တော့ မြင်ကွင်းက မယုံနိုင်စရာ။ ထမင်းစားနေသော လူတစ်ယောက်ကို သမီးက ယပ်ခတ်ပေးနေသည်။ သားက အနားမှာ ငုတ်တုတ်ထိုင်ကာ ငေးလို့။ ဒီလူ…အရူး၊ အမူးသမား…။

"ရှင်…ရှင် ဘာလုပ်တာလဲ။ သမီး လာစမ်း…သား လာ ရှင် ကျွန်မသားနဲ့ သမီးကို ဘာလုပ်တာလဲ"

ဒေါ်တင်မေကျော် အရူးတစ်ယောက်လို အော်ဟစ်ပြေးဝင်ကာ သမီးကို ဆွဲမသည်။ သားရဲ့လက်ကို ကြောက်လန့်တကြီး ပြေးကာဆွဲ၏။ ထိုင်နေသောအမူးသမားက ဘာမှမလုပ်၊ ဒီအတိုင်းပင် ထိုင်ကာနေ၏။ ဦးမြင့်လည်း အနောက်ဘက်မှ ကမန်းကတမ်း အိမ်ပေါ်သို့ ပြေးတက် လိုက်လာသည်။

"ရှင်…ကျွန်မကလေးတွေကို ဘာလုပ်တာလဲ၊ ဘာယုတ်မာမလို့ ခေါ်တာလဲ၊ ရှင်…ရှင်…"

"မဟုတ်ဘူး မေမေ၊ သမီးတို့ဘာသာ လာတာ၊ သူ့မှာ အပြစ်မရှိဘူး"

"တိတ်စမ်း သမီး…တိတ်၊ ဦးမြင့် သမီးနဲ့သားကို ကားထဲခေါ်သွား။ ဒီမှာ ရှင်…ကလေးတွေကို ဘာဒုက္ခ ပေးမလို့လဲ"

အော်သံ၊ ဟစ်သံ၊ ဆွဲသံ၊ လွဲသံတို့ကြောင့် တဲကလေးက တုန်ခါကာ နေသည်။ ဒေါ်တင်မေကျော် ဒေါသတကြီး ပစ်အော်နေ



www.burmeseclassic.com

www.burmeseclassic.com



သလောက် ရှေ့က ဦးမင်းဒင် ငြိမ်သက်ကာ နေ၏။ ထမင်းဇလုံထဲသို့ လက်နှိုက်ကာ ရှေ့ကို ငူငူကြီး စိုက်ကာကြည့်နေ၏။ ဘာတစ်ခွန်းမှလည်း ပြန်မပြော။ ဘာပြန်ပြောစရာစကားလုံးမှလည်း သူ့မှာ မရှိပါ။ အော်သံ ဟစ်သံ၊ ဆူသံတို့ကြောင့် အနီးရှိအိမ်ကလေးမှ လူတွေ ဝိုင်းအုံရောက် လာပြီး ကြည့်ကြ၏။

"မဟုတ်ဘူး မေမေ၊ သူနဲ့ ဘာမှမဆိုင်ဘူး"

"ဟုတ်တယ် မေမေ၊ သားတို့ဘာသာ လာတာ။ သားတို့ လာတာ။ ဦးမြင့်ရာ ခဏလွှတ်ပါ။ မေမေ...မေမေ"

"တိတ်စမ်း...ဒီမှာ ငါပြောနေတယ်။ မင်းတို့အကုန် ကားပေါ် လိုက်သွား...ပြောတာကြားလား။ ဦးမြင့် ခေါ်သွား...ဒီကိစ္စ ငါကိုယ်တိုင် ရှင်းမယ်"

ဒေါ်တင်မေကျော့်၏ တစ်ကြိမ်မှ မသုံးဖူးသောလေသံ၊ တုန် လှုပ်မှု၊ အော်ဟစ်သံတို့ကြောင့် ကလေးနှစ်ယောက် အံ့သြထိတ်လန့်စွာ သူတို့မိခင်ကို ကြည့်ငေးနေကြသည်။ လှုပ်ရှားနေသောစိတ်ကို တည် ငြိမ်အောင် အတင်းထိန်းရင်း အခြေအနေကို လေ့လာရသည်။ အိမ်က လေးတိုင်စင် သာသာ။ ရှေ့မှာ ထရံက ကွာနေ၏။ ပစ္စည်း ပရိဘောဂ ဟူ၍ ဘာမှမရှိ။ ဇလုံထဲမှာ ထမင်း။ သီဟိုဠ်ရွက်နုများနှင့် ငါးပိဖျော် ရည်တစ်ပန်းကန်။ ထိုထမင်းဇလုံထဲမှာ နှိုက်လက်စ လက်တန်းလန်း စားနေသူက အကျီမရှိ၊ လုံချည်က လုံချည်ဟု ဆိုယုံသာသာ၊ မျက်နှာ ကိုကြည့်တော့ အမြဲတမ်း မူးရူးသောက်စားနေသည့် မျက်နှာမွဲမို့ ဆံပင်တွေက နီကျင်ဖွာလန်ကာ နေသည်။

ဒေါ်တင်မေကျော့် ရင်ထဲမှာ လုံးဝမေးမရ ဖြေမရသော မေးခွန်းတစ်ခု ရှိနေသည်။ ကြိုးစား၍ မေးကြည့်သည်။ ဒီလောက် စုတ်ပြတ်နေသည့် တဲကလေးထဲက ဒီလိုလူမျိုးထံ သူ့သားနှင့်သမီးက ဘာကြောင့် သူ့ကို လိမ်ကာ လှည့်စားကာ ရောက်နေရသနည်း။

အဖြေ...အဖြေ...အဖြေက မရှိ။





ဒီလူ၊ သူ့ကလေးတွေကို တစ်ခုခုနှင့် မြူဆွယ်ထားသည်။ အရွယ်ငယ်သော သူ့ကလေးတွေကို တစ်ခုခုနှင့် လိမ်ညာထားသည်။ အမြဲမူးစမ်းချင်သော၊ အရာရာကို စိတ်ဝင်စားချင်သော သူ့ကလေးတွေ ကို အကြောင်းတစ်ခုခုပြကာ စည်းရုံးထားသည်။ လူလိမ် လူညာ။ ကလေးတွေထံမှ သူ ဘာကို ယူချင်နေသနည်း။

ငွေ...ဟုတ်သည်...ဒါပဲ ဖြစ်ရမည်။ သူ ကလေးတွေကို ဒီလူ ပြန်ပေးဆွဲချင် ဆွဲမည်။ မတော်မတရား ကြံချင် ကြံမည်။ သူ့ ကလေးတွေကိုယ်မှာ ဝတ်ဆင်ထားတာတွေကို တပ်မက်ချင် မက်မည်။ ကောင်းပြီ...။

"ဒီမှာ ရှင် ဘာလိုချင်သလဲ"

ဦးခေါင်းကို ငုံ့လျက် ဖြေသံကို ဒေါ်တင်မေကျော့် ဘာမှ မကြားရ။

"ရှင် ငွေလိုချင်လို့ ကလေးတွေကို နှောက်ယှက်နေတာလား"

"... ... ... ... ..."

"ကောင်းပြီ...ရှင်လိုချင်တဲ့ငွေကို ကျွန်မ ပေးခဲ့မယ်။ ကျွန်မ သားသမီးတွေကို ဘယ်တော့မှ မနှောင့်ယှက်ပါနဲ့။ အဲဒါ ကျွန်မရဲ့ အသက်သာဆုံး ရှင့်အတွက် အကောင်းဆုံးပါပဲ။ ကဲ..."

ဒေါ်တင်မေကျော့် လက်ထဲမှာရှိနေသည့် လက်ကောက်များကို ချွတ်သည်။ လက်ကောက်တွေ လက်ထဲမှာ ပါလာလျှင် ထိုလူမျက်နှာ ကို ပစ်ပေါက်ကာ ပေးလိုက်မည်။ သို့သော် ဒေါသမာန်မာနကြောင့် လက်ကောက်တွေက ရုတ်တရက် ချွတ်မရ။ ထိုစဉ်မှာပဲ ခေါင်းငုံ့ကာ ငြိမ်နေသော သူက ဝုန်းခနဲ ထကာရပ်သည်။

"ကျုပ် ငွေမလိုချင်ဘူး၊ သူတို့နဲ့ ခဏစကားပြောချင်တယ်"

"လုံးဝမဖြစ်နိုင်ဘူး။ ရှင် ကျွန်မသားနဲ့ သမီးကို တွေ့စရာလည်း မရှိဘူး။ စကားပြောစရာလည်း မလိုဘူး။ ဒီထက် ရှင် ထပ်ကြိုးစား ရင် တရားဥပဒေနဲ့ တွေ့မယ် သိရဲ့လား။ ကျွန်မ သားသမီးတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမဆို ရင်ဆိုင်ရဲတဲ့ မိန်းမဆိုတာ ရှင် မှတ်ထားပါ''

ဒေါ်တင်မေကျော် အော်ပြောသံကို ဦးမြင့် ကားပေါ် မတင်နိုင်သေးသော ကလေးနှစ်ယောက်စလုံးက ကြားသည်။ ထို့နောက် ဒေါ်တင်မေကျော် အိမ်ပေါ်က ဝုန်းခနဲ ဆင်းလာ၏။ သားနှင့်သမီးကို ကားပေါ်ဆွဲကာ တင်သည်။ ပြီးနောက် ကားလေးက ထိုအိမ်တဲစု ကလေးတွေရှေ့မှ ဝေါခနဲ မောင်းထွက်သွားသည်။

တဲအိမ်စုကလေးတွေရှေ့မှာ ရပ်ငေးကြည့်နေသော လူစုက အိမ်ပေါက်ဝမှာ ဒယိမ်းဒယိုင်ဖြင့် ထွက်လာသော ဦးမင်းအင်ကို အရင်လို မဟုတ်သော မျက်လုံးများဖြင့် ငေးကာ နေကြ၏။ ဘယ်ကလာမှန်းမသိ၊ ဘယ်သူမှန်း မသိဘဲ အနှစ်(၂၀)လုံးလုံး သူတို့ မသိကျိုးနွံပြုထားသော ဦးမင်းအင်သည် သူတို့ ထင်သလို ဘာမှအသုံးမကျသည့် လူတစ်ယောက် မဟုတ်ပါကလား။ သူတို့ လုံးဝ မထင်မှတ်ထားသော ငွေကြေးချမ်းသာသည့် မိသားစုတစ်စုနှင့် ဦးမင်းအင်သည် ပါတ်သက်နေခဲ့သည်။ ဦးမင်းအင်သည် သူတို့လို မျှော်လင့်ချက်မဲ့သော လူဆင်းရဲတစ်ယောက်ဘဝမှ လာခြင်းမဟုတ်။

''ဦးမင်းအင် ကား...ကားထွက်သွားပြီဗျ''

''ဟုတ်တယ်...မောင်းသွားပြီ။ အဲဒါ ဘယ်သူတွေလဲ... ကလေးတွေကရော...''

အပေါက်ဝမှ ဒယိမ်းဒယိုင်ဖြင့် ရပ်နေသော ဦးမင်းအင် ကားကလေးကို လှမ်းကာ ငေးကြည့်သည်။ ပြီးတော့ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ကလေးတွေ...ကလေးတွေ ပါသွားပြီ။

ဦးမင်းအင် အိမ်ပေါ်မှ ဝုန်းခနဲ ခုန်ချကာ ကားထွက်သွားရာနောက်သို့ ပြေး၍ လိုက်သည်။ လိုက်ကြည့်နေကြသော လူတွေအားလုံး အားရဝမ်းသာ လက်ခုပ်တီးကာ အော်ဟစ်အားပေးကာ ကျန်ရစ်ခဲ့ကြလေသည်။



''မရပ်နဲ့ ဦးမြင့်၊ ဘန်ဂလိုရှေ့ကို ရောက်အောင်မောင်း''

ဒေါ်တင်မေကျော် ကားကို ဘန်ဂလိုရှေ့အထိ သောင်စပ်မှ မောင်းကာ ခိုင်းသည်။ ဦးမြင့် သောင်စပ်မှ ကားမမောင်းရဘူးဆိုတာ သိသော်လည်း ဒေါသဖြစ်နေသော ဒေါ်တင်မေကျော်ကို ပြန်မပြောရဲ၍ မောင်းလာခဲ့ရသည်။ ကားရပ်သည်နှင့် ဒေါ်တင်မေကျော် ကားပေါ်က ခုန်ဆင်းသည်။

''ပစ္စည်းတွေအားလုံးသိမ်း၊ ကားပေါ်တင် အခု ရန်ကုန်ကို ပြန်မယ်။ မင်းတို့ ကားပေါ်က လုံးဝမဆင်းရဘူး။ ကြားလား...အခု ပြန်ထွက်မယ်''

စကားဆုံးတော့ ဘန်ဂလိုထဲ ပြေးဝင်ကာ ပိုက်ဆံအိတ်ကို ယူပြီး Reception ဘက်သို့ ဒေါ်တင်မေကျော် ထွက်ကာသွားသည်။ ဝုန်းဒိုင်းကြဲနေသော အခြေအနေကြောင့် ဘန်ဂလိုအတော်တော်များများက လူတွေ အံ့ဩကာ ယွက်ကြည့်ကြသည်။ ဒီမိန်းမကို ခုနကလည်း ပျာယာခပ်ပြီး ဟိုမေး ဒီမေး တွေ့နေရသည်။ အခုလည်း သောင်စပ်က ကားမောင်းကာ ဘန်ဂလိုထဲဝင်ပြီး ဝုန်းဒိုင်းကြဲနေပြန်သည်။ ဘာတွေဖြစ်နေသနည်း။ ဘယ်သူမှ မသိကြ။ ဒီတော့ စပ်စုချင်စိတ်၊ သိလိုစိတ်ဖြင့် ဝိုင်းကာ ကြည့်သည်။ ထိုဝိုင်းကြည့်နေသော လူထဲတွင် ဘယ်ဘဲ့တို့ အုပ်စုလည်း ပါသည်ကို ကိုကိုတွေ့ရ၏။ ကိုကို ခေါင်းကို ရအောင်ငုံ့ကာ ဘယ်ဘဲ့တို့ မမြင်ရအောင် ကာကွယ်သော်လည်း ဘာမှ မထူးကြောင်း သိပြီဖြစ်သည်။ မေမေလုပ်ပုံက ရှက်စရာကောင်းလိုက်တာ။

တည်းခိုစရိတ်ကို ရှင်းနေတုန်း ဒေါ်တင်မေကျော် နောက်ထပ် ပြဿနာတစ်ခုနှင့် ရင်ဆိုင်ရပြန်သည်။ ထိုပြဿနာက သောင်ပြင်မှာ အခွင့်မရှိဘဲ ကားဖြတ်မောင်းသည့်ကိစ္စ။

''ကျွန်မ လူမှုရေးကိစ္စတစ်ခု အရေးကြီးလာလို့ပါ။ ဒီမှာ ကြာကြာနေလို့ မဖြစ်တော့ဘူး။ အဲဒါကြောင့် အရင်လိုပြီး မောင်းတာ''

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့…ကျွန်တော်တို့ သောင်ပြင်မှာ ဘာစက်တပ်ယာဉ်မှ မမောင်းရဘူးလို့ သတိပေးစာတွေ ထပ်ပြီးသားပါ။ အစ်မကြီးက ညှော်သည်ပေမယ့် အဲဒီစည်းကမ်းကို ချိုးတော့…''

''အို…ပြောမနေနဲ့ ဘာလုပ်ရမလဲ၊ ဒဏ်ငွေဆောင်ရမှာ မဟုတ်လား၊ ဘယ်လောက်လဲ ပြော''

ယဉ်ကျေးစွာပြောနေသော မန်နေဂျာကိုပင် ဒေါ်တင်မေကျော် ပြန် မယဉ်ကျေးနိုင်တော့ပြီ။ ပိုက်ဆံအိတ်ကို ဖွင့်ကာ ငွေပေးဖို့သာ ပြတ်သားစွာပြောရ၏။ ဒီနေရာမှာ တစ်စက္ကန့်ကလေးမှ သူ မနေချင်တော့ပါ။ ဒီနေရာက အမြန်သွားဖို့ တစ်ခုတည်းသာ သူ သိတော့သည်။

''ဟုတ်ကဲ့…ဒဏ်ငွေပဲ ဆောင်ရမှာပါ အစ်မ။ ဒါပေမဲ့ ကျွန်တော်တို့ဆီမှာ ဆောင်ရမှာ မဟုတ်ပါဘူး။ သက်ဆိုင်ရာအဖွဲ့မှာ ဆောင်ရမှာပါ။ ခဏကလေး စောင့်ပါ။ ဒီက သွားခေါ်နေပါပြီ၊ ဒီဒဏ်ငွေကို မဆောင်ရင်တော့ ထွက်ခွင့်ကို ကျွန်တော်တို့ တားရပါလိမ့်မယ် ခင်ဗျာ''

ဘာများတတ်နိုင်ဦးမည်နည်း။ ဒေါသစိတ်သည် အရာရာကို မှားယွင်းစေတတ်သည် မဟုတ်လား။ ဒေါ်တင်မေကျော် အံကိုကြိတ်ကာ ပိုက်ဆံအိတ်ကို တင်းတင်းဆုပ်ရင်း ဒေါသကို မြိုသိပ်ရင်း စောင့်ရန်မှ တစ်ပါး ဘာမှမရှိတော့။

ပြေး…ပြေး…ပြေးစမ်း။

သူ့ရင်သည် တဆတ်ဆတ် တုန်ကာနေ၏။ သူ့လည်မျိုမှာ ကြီးမားလေးလံသော အရာကြီးတစ်ခု တစ်ကာနေသည်။ သူ့ခြေထောက်အောက်မှာ ကားလမ်းမတွေ ရိပ်ခနဲ ကျန်ခဲ့သည်။ သစ်ပင်တွေ၊ ကပါးတွေ တဖျပ်ဖျပ် ကျန်ခဲ့သည်။ သူ အရှိန်ကို ရပ်ဖို့ မစဉ်းစား။ တိုး၍…တိုး၍သာ ပြေးသည်။ သူတို့ကားလာလျှင် ဒီကသာ လာရမည်။ ဒီလမ်းကလွဲ၍ ချောင်းသာက ပြန်ထွက်မရ။ သူ နောက်ဆုံးအနေနှင့် ကလေးတွေကို ခဏတော့ တွေ့ချင်သည်။





သူ့နှလုံးသားသည် အထဲမှာ ရုန်းကြွနေကာ အပြင်ကို လည်မျိုဝကတစ်ဆင့် ခုန်ထွက်တော့မလို ထင်ရ၏။ သို့သော် သူ့ခြေထောက်တွေကို ရပ်ပစ်လိုက်ဖို့ လုံးဝစိတ်ကူးမရှိ။ သူ့အာရုံထဲမှာ တစ်ခုပဲ သိသည်။ အဲဒါ…ပြေး…ပြေးစမ်း…ပြေး…။

ခြေထောက်ချင်းချိတ်ကာ သူ လမ်းပေါ် ပစ်လဲကာ သွား၏။ ပြေးလာသောအရှိန်ကြောင့် သုံးလေးပါးပတ် လိမ့်ကာသွား၏။ တစ်ကိုယ်လုံး ထုံပွသွားတာပဲ သူ သိသည်။ ဘာမှမခံစားရ၊ အတင်းထကာ ပြေးပြန်သည်။ သူ အချိန်မီ ရောက်ရမည်။

ချောင်းသာကမ်းခြေက ဟောတယ်ကွန်ကရစ်လမ်းကို ဝင်တော့ ဒရောသောပါး ပြေးလာသော သူ့ကို လူတွေက ဝိုင်းကာ ကြည့်ကြ၏။ သူ မရပ်မနားပင် ပြေးခဲ့သည်။ ဘန်ဂလိုကို တွေ့ရတော့ အငမ်းမရ လှမ်းကြည့်သည်။ ကားကို ဘန်ဂလိုရှေ့မှာပဲ တွေ့ရ၏။ သူ ရပ်၍ မရတော့ဘဲ ပြေးလာခဲ့သည်။ ကားနားအရောက်မှာ ဦးမင်းဒင် ဝုန်းခနဲ ပစ်လဲသည်။

သူ လူးလဲထကာ ခေါင်းထောင်ကြည့်တော့ ကားတံခါး ဝုန်းဆို ပွင့်လာ၏။ ပြီးတော့ သူ လုံးဝထင်မှတ်မထားသော အော်သံနှင့်ခေါ်သံ။

''ဖေဖေ…ဖေဖေ''

''ဖေဖေ…''

သူ့ကို ကလေးနှစ်ယောက်က ဆွဲထူကာ ပွေ့ကြသည်။ ကလေးနှစ်ယောက်မျက်ဝန်းမှာ မျက်ရည်တွေနှင့် ဖြစ်၏။ သူ့ရင်က တဆတ်ဆတ်တုန်ကာ ဘာစကားမှ ပြော၍ မထွက်။

''ကိုကို လုပ်ပါဦး၊ ခေါင်းမှာသွေးတွေ…သွေးတွေ''

''ဟာ…ဒုက္ခပါပဲ၊ ဖေဖေ…ဖေဖေ ညီမလေး အချိန်သိပ်မရဘူး၊ ဖေဖေ ဒီမှာ အဲဒါ သားတို့လိပ်စာ သားတို့ အိမ်လိပ်စာ… ဟောဒါ ပိုက်ဆံ၊ ဖေဖေရောက်အောင်လာခဲ့၊ ရန်ကုန်ကို လာခဲ့''

''ဟုတ်တယ်…ပါယ်တို့ဆီကို ဖေဖေ လိုက်လာခဲ့၊ ပါယ်တို့



www.burmeseclassic.com

www.burmeseclassic.com

လာလို့မရဘူး။ ရအောင် လိုက်ခဲ့ပါ"

ကမ်းခြေတစ်ခုလုံးကလူတွေ ကလေးနှစ်ယောက်နှင့် ဦးမင်းအင်ကို ဝိုင်းကာ ကြည့်နေကြ၏။ စပါယ်က ငိုကာ ဦးမင်းအင်လက်ကို ဆုပ်ကာထားသည်။ ကိုကိုက ဦးမင်းအင်ကို ပွေ့ရင်း၊ ဖက်ရင်း ခေါင်းက သွေးတွေကို လက်ဖြင့် ဖိကာထားသည်။

မျက်ရည်ပိုးပိုးပေါက်ပေါက် ကျနေသော မောင်နှမနှစ်ယောက် သူတို့ ငါးကင်ဝယ်စားနေကျ လူကြီး။ ဘာတွေဖြစ်နေကြသနည်း။

ထိုစဉ် စူးရှပြင်းထန်သော အော်သံတစ်သံ ထွက်ပေါ်လာသည်။

ဒေါ်တင်မေကျော် ပြေးဝင်လာကာ ကိုကို့ကို ပစ်တွန်းလိုက်သဖြင့် လေးယောက်စလုံး လုံးထွေးကာ လဲကျသွား၏။

"တက်စမ်း...ကားပေါ်ကို အခုတက်၊ ကိုကို တက်နော်၊ ငါ့ပါးစပ်က မပြောတော့ဘူး။ စပါယ် ကဲဟယ်...ကဲ...နင်တို့ ဘာအဓိပ္ပါယ်လဲ၊ ကဲ...ကဲဟယ်"

ယဲကျရာမှ လူးလဲထလာသော ကိုကိုနှင့် စပါယ့်ပါးပေါ်သို့ ပြင်းထန်သော လက်ဝါးရိုက်ချက်တွေ ရောက်ရှိလာသည်။ ပြီးတော့ ရှုံ့မဲ့နာကျည်းသော တွန်းထိုးမှုများ...။

"မမလေး...မမလေး။ ကိုကိုနဲ့စပါယ် ကားပေါ်တက်စမ်း။ တက်ကြတော့...ကြာရင် မင်းတို့မေမေ ဒုက္ခဖြစ်လိမ့်မယ်၊ မမလေး... မမလေး...သတိထားမှာပေါ့ မမလေး"

ဦးမြင့်က အတင်းဝင်ဆွဲကာ ကလေးနှစ်ယောက်ကိုရော ဒေါ်တင်မေကျော်ကိုပါ ကားပေါ် ထိုးတင်သည်။ ထို့နောက် လော့(စ်) တွေချကာ ကားကို အမြန်ဆုံးမောင်းကာ ထွက်၏။ ဘာမှ နားမလည် နိုင်စွာ ကြည့်နေသူတွေက ဒေါသတကြီးမောင်းသွားသော ကားလေး ကို လိုက်ပါငေးကြသည်။ ကားလေးက သောင်အစပ်မှာ ကွေ့ကာ ချောင်းသာ Hotel လမ်းအတိုင်း မောင်းပြီး မြင်ကွင်းမှ ပျောက်သွား သည့်အထိ။





ကားလေး မြင်ကွင်းမှ ပျောက်သွားတော့မှ ဘန်ဂလိုရှေ့ သဲထဲမှာ လဲနေသောလူကြီးကို ဝိုင်းကာ ကြည့်ကြသည်။ Hotel မှ ဝန်ထမ်းတွေလည်း ပြေးကာလာ၏။ ဦးမင်းအင်ခေါင်းမှာ သွေးတွေ ရွှဲကာနေ၏။ သဲတွေကလည်း တစ်ကိုယ်လုံး ပေကျံကာနေသည်။ ဝင်ဆွဲသူတွေကြားက ဦးမင်းအင် ဒယိမ်းဒယိုင် ထကာရပ်သည်။

ပြီးတော့ သူ့ကို ဝိုင်းကြည့်နေသူတွေကို ကြောင်တောင်တောင် ဖြင့် ငေးကာ ကြည့်၏။

"ဖေဖေ...ဖေဖေ"

ဆိုသောခေါ်သံကို သူ့နားထဲ ပြန်ကြားသည်။ သူ့ကို ဖေဖေ ဟုခေါ်ကာ ပြေးဝင်လာတဲ့ကလေးတွေ။ ဦးမင်းအင် လှိုင်းတွေ တဝုန်းဝုန်း ရိုက်နေသော သောင်စပ်ကို ကြောင်တောင်တောင်နှင့် လှမ်းကာငေး သည်။ ပြီးတော့ သူ့ကို ကြည့်နေကြတဲ့ လူတွေ။

"ဦးလေး...ဦးလေး...သတိရရဲ့လား။ ဘာတွေဖြစ်တာလဲ။ ညီ့သည်နဲ့မှ ဖြစ်ရသလားဗျာ"

"သူဖြစ်တာ မဟုတ်ဘူး။ ကလေးတွေက ပြေးထွက်လာတာ။ သူ့ကို ဖေဖေလို့ခေါ်တာ"

"ဟုတ်လား...ဦးမင်းအင်၊ ခင်ဗျား ဘာဖြစ်တာလဲ၊ ခက်တာပဲ ဗျာ"

ဟော်တယ်ဝန်ထမ်းနှစ်ယောက်က နားမလည်နိုင်စွာ ဦးမင်းအင် ကို မေးသည်။ လက်လွှတ်ပေးလိုက်တော့ ဦးမင်းအင် တစ်ချက်ယိုင်ကာ သွားသဖြင့် ပြန်ထိမ်းကာ ထားရသည်။ ဦးမင်းအင်လက်ထဲမှာ ဆုပ်ကိုင် ထားသောအရာကို အသာဖြည်ကာ ငုံ့ကြည့်သည်။

လိပ်စာကတ်လေးတစ်ခု...ပြီးတော့ ပိုက်ဆံတွေ။

ထိုပိုက်ဆံတွေကို အသေအချာကြည့်တော့မှ ကြေမွနေသော နှစ်ရာတန်လေးလည်း ပါသည်ဆိုတာကို တွေ့ရ၏။ ဦးမင်းအင် ပြုံးလိုက် သည်။ ခေါင်းထဲမှာ တဆစ်ဆစ်မူးကာနေသည်။ သူ့အာရုံတွေ ပြိုးခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ခနဲ လက်၏။ သူ ဘာကိုမှ မသိတော့။ သူ့နားထဲမှာ အသံတစ်သံပဲ ကြားနေရသည်။ ဖေဖေ...ဖေဖေ...ဖေဖေတဲ့။

"ဟုတ်တယ်...အဲဒါ ကျွန်တော့် ကလေးတွေ"

"ဘာ...ခင်ဗျားကလေးတွေ ဟုတ်လား"

"ဟုတ်တယ်...ကျုပ် ရန်ကုန်ကို လိုက်ကိုလိုက်ရမယ်။ ဟောဒီ ချောင်းသာကမ်းခြေဟာ ကျုပ်အတွက် ဘာအဓိပ္ပါယ်မှ မရှိတော့ဘူး"

ဝိုင်းကြည့်နေသော လူအုပ်ကြားထဲမှာ ဘယ်ဘဲ့ တိုးကာ ထွက်လိုက်သည်။

သူ ချောင်းသာကို အပန်းဖြေသွားမည် ဆိုသည့်အတွက် ကိုကိုက ဂုဏ်ထူးတန်းဝင်သော သူ့ညီမကို စည်းရုံးကာ ချောင်းသာကမ်းခြေသို့ လိုက်လာခြင်းဖြစ်သည်။ ဒီကိုရောက်မှ ဘယ်နှယ် ငါးကင်ရောင်းတဲ့လူကြီးက ကိုကို့ဖေဖေ ဖြစ်နေတာလဲ။

ကံသည် အတော်ဆန်းကျယ်သည်။

ဘယ်ဘဲ့ သက်ပြင်းကိုချကာ ခေါင်းကို ခါရမ်းပစ်လိုက်သည်။

❁❁❁





(ရှစ်)

"ဟုတ်တယ်...ဘယ်ဘဲ့...အဲဒါ တို့ဖေဖေပဲ"

ကိုကိုပြောရန်ရှက်သော အဖြေကို စပါယ်က ရဲရဲတွာ ဝင်ပြောသည်။ ပြီးတော့ အံ့ဩသွားကာ ဘယ်ဘဲ့ကို ကြည့်ကာ ပြုံးနေလိုက်သည်။ ဘယ်ဘဲ့က သက်ပြင်းကိုချကာ ခေါင်းငုံ့နေသော ကိုကို့ကို တစ်ချက်လှမ်းကာကြည့်သည်။

"တို့တော့...မယုံနိုင်လောက်အောင် ပါယ်ပါယ်။ ဘယ်နှယ့် ချောင်းသာက ငါးကင်ရောင်းတဲ့လူကြီးက..."

စကားမဆက်သော ဘယ်ဘဲ့ကြောင့် ကိုကိုက စပါယ့်ကို မျက်လုံးလှန်ကာ ကြည့်၏။ တကယ်တော့ စပါယ်သာလျှင် ဖိုကိုစွတွေကို တွေးကြည့်ထား၍ အသိဆုံးဖြစ်သည်။ သို့မဟုတ် မေမေ့



www.burmeseclassic.com

www.burmeseclassic.com

မြုပ်ကွက်တွေအားလုံးကို တစ်ခုချင်းဖော်နိုင်သူက စပါယ်သာဖြစ်၏။

"ဒီလို ဘယ်ဘဲ့။ ပြောရင်...မေမေက စပြောရလိမ့်မယ်။ မေမေက တို့ကို ဖေဖေသေပြီလို့ ပြောထားခဲ့တယ်။ ဘယ်တော့မှ လိမ်မပြောတတ်တဲ့ မေမေ့စကားကို တို့တွေ ယုံခဲ့တာလည်း ချောင်းသာကို မရောက်ခင်ကလေး အချိန်ထိပဲ။ တစ်နေ့တော့ မေမေ့နဲ့ ဈေးတစ်ရုံတည်းရောင်းတဲ့ အန်တီစောက မေမေ့ကို ဖေဖေနဲ့ တွေ့ခဲ့ကြောင်း၊ ဖေဖေ အခြေအနေမကောင်းကြောင်းပြောတာ တို့ ကြားခဲ့တယ်"

ဘယ်ဘဲ့က လုံးဝစိတ်ဝင်စားသွားသူလို စပါယ့်ကို ငေးကာ ကြည့်နေသည်။ ဘယ်ဘဲ့က ချောင်းသာကိုမရောက်ခင် ဦးမင်းဒင်နှင့် ကြုံရပုံ. မိခင် မျက်နှာပျက် မူးမေ့သွားပုံ၊ ချောင်းသာတွင် ကြုံခဲ့ရသော နောက်ဆုံးနေ့အထိ အဖြစ်အပျက်တွေကို ပြောပြ၏။

"ရန်ကုန်ရောက်တော့ ကိုယ် ထပ်စုံစမ်းတယ်။ ပထမဆုံး စုံစမ်းတာက ဒရိုင်ဘာကြီးပဲ...။ သူ့ဆီက ရေရေရာရာ မသိရပေမယ့် တစ်ခုပဲ သိရတယ်။ သူ အလုပ် ဒီအိမ်မှာ စဝင်တဲ့အချိန်မှာ အမေက တို့ဖေဖေနဲ့ ကွဲပြီးစ...တဲ့။ တို့ဖေဖေ သေတယ်ဆိုတာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ မေမေက ဖေဖေနဲ့ လက်ထပ်တုန်းက ရိုက်ထားတဲ့ပုံတွေ၊ Album တွေအားလုံးကို ဦးမြင့်ကိုခေါ်ပြီး ချောင်းထဲ သွားပစ်ချတာ၊ ပစ်မချခင် မေမေ ငိုတယ်တဲ့"

စပါယ်က...သူ့စကားကို ယုံရဲ့လားဆိုတဲ့ အဓိပ္ပါယ်နှင့် ဘယ်ဘဲ့ကို ကြည့်ကာ ခဏနား၏။ ဘယ်ဘဲ့က မျက်လုံးကလေး ထောင့်ကပ်ကာ စဉ်းစားနေသည့်အတွက်လည်း ဖြစ်သည်။

"သူတို့က ဘာဖြစ်လို့ ကွဲသွားတာလဲ"

"အဲဒါကို ဖြေတဲ့လူက အန်တီစောပဲ...။ အန်တီစောက ကိုကို တစ်နှစ်နဲ့လေးလ၊ ပါယ် ဗိုက်ထဲမှာကတည်းက မေမေနဲ့ စသိတာ။ ဖေဖေက အဲဒီတုန်းက ကုန်သည်...။ မေမေက ရွှေဆိုင်





လေး စဖွင့်တာ။ အဲဒီမှာ ဖေဖေက မေမေ့သူငယ်ချင်းတစ်ယောက်နဲ့ ကုန်အတူတူကူးရင်း ငြိသွားပြီး လက်ထပ်လိုက်ရတော့ မေမေက မာနအရမ်းကြီးတဲ့လူဆိုတော့ လူမှုရေးဖောက်ပြန်တဲ့ ဖေဖေ့ကို တစ်ခါတည်း ကွာလိုက်တာ"

"ဖေဖေ တောင်းပန်တာလဲ မရဘူး။ နောက်ဆုံး ဖေဖေက အဲဒီ မေမေ့သူငယ်ချင်းကို လက်ထပ်လိုက်ရတယ်။ အဲဒါ အန်တီစောဆီက သိတာပဲ"

"အခုနောက်ဆုံး ဖေဖေ့ကို တွေ့တော့ ဖေဖေ ဒီအခြေအနေ ဖြစ်နေပြီလေ...။ မေမေက ပါယ်တို့နဲ့ ဘယ်ပတ်သတ်စေချင်တော့မလဲ၊ ဖောက်ပြန်ခဲ့တဲ့ ဖေဖေ့ကို သင်ခန်းစာတွေ ပေးတာပေါ့။ ပြီးတော့ အနှစ်နှစ်ဆယ်လုံးလုံး သူတစ်ယောက်တည်း ရုန်းကန်ခဲ့ပြီးမှ အခုအခြေအနေနဲ့တော့ ဖေဖေ့ကို ဘယ်...လွယ်လွယ်နဲ့ အလျှော့ပေးလိမ့်မလဲ။ ဘယ်ဘဲ့လည်း ဒါမျိုးတွေ ကြားဖူးမှာပေါ့။ မိန်းမတွေရဲ့ မာနဆိုတာ မျိုးလေ"

အားရပါးရပြောသော စပါယ့်စကားကို ဘယ်ဘဲ့က မျက်လုံး လေးထောင့်ကပ်ကာ စဉ်းစားရင်း ခေါင်းကို တဆတ်ဆတ် ညိတ်သည်။

"အင်း...ဇာတ်ရည်တော့ လည်ပြီ။ နင်တို့မေမေဘက်က ကြည့်တော့လည်း မှန်ပါတယ်ဟာ...။ နင်တို့ဖေဖေက သူကလည်း မချစ်ဘူး၊ နင်တို့ကိုလည်း စိတ်ထဲမှာ မထားဘူး။ သူ ဖောက်ပြန်တဲ့ အချိန်က နင့်ကို ကိုယ်ဝန်ကြီးနဲ့ မဟုတ်လား။ အေးပေါ့ဟာ...သူ့ဘက်က၊ သူ့နေရာက ငါဆိုလည်း ဒီလိုပဲနေမှာ..."

"ဟုတ်ပါတယ်...ဒါပေမဲ့ ငါတို့ကတော့ သေပြီဆိုတဲ့အဖေ ရှိနေတာ၊ တို့ဖေဖေ ရှိနေတာ အခုမှသိရတာ ချောင်းသာဟာ အမှတ်တရခရီးပဲ...။ အဖေရှိတယ်ဆိုတာ သိလိုက်ရတော့ ငါ...အားရှိသွားတယ်။ ဘာပဲဖြစ်ဖြစ် အဖေဟာ အဖေပဲလေ...မဟုတ်ဘူးလား"

ကိုကိုက နံဘေးမှနားထောင်နေရင်း ခေါင်းကို ညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘဲ့ကလည်း ပြုံးကာ ခေါင်းကို ညိတ်၏။ ဘယ်ဘဲ့ပုံစံက အခုမှ အရာရာကို ကျေနပ်သွားသလို ရှိသည်။

''နှင်တော်တယ် ပါယ်ပါယ်။ ငါသာဆို အဲဒီလို တွေးမိ စဉ်းစားမိမှာ မဟုတ်ဘူး။ ဒါပေမဲ့...နောက်မိန်းမယူသွားတဲ့ နှင်တို့ဖေဖေ က ဘယ်လိုလုပ် အခုကျတော့ တစ်ယောက်တည်းဖြစ်နေတာလဲ''

ဘယ်ဘဲ့စကားဆုံးတော့ ကိုကိုက ဘယ်ဘဲ့ကိုကြည့်ကာ ဝင်ပြောသည်။

''အဲဒါ...ဒီလို ဘယ်ဘဲ့ရဲ့။ ဖေဖေက စီးပွားရေးသိပ်ကျသွား တော့ နောက်မိန်းမနဲ့ ကွာလိုက်ရတယ်။ တို့ဆီ ပြန်လာချင်ပေမယ့် လည်း မာနသိပ်ကြီးတဲ့မေမေ့ကို သူ အမှားလုပ်ထားတော့ ပြန်မလာ ရဲဘူး။ သူ့ကိုယ်သူ ရှက်တာပေါ့ဟာ။ အဲဒါနဲ့ ဘဝကို ရေစုန်မျှောပြီး တို့နဲ့ လုံးဝအဆက်အသွယ်ဖြတ်ပြီး ချောင်းသာမှာ နေတာ။ အရက်တွေ သောက်...ဘဝကို မေ့တာပေါ့ဟာ...ဖေဖေက သိပ်သနားဖို့ကောင်း တယ်။ မာနနဲ့ အရှက်က သူ့ဘဝကို ဖျက်ဆီးတာပေါ့''

''ဟုတ်တယ်...ဒါပေမဲ့ တို့ကိုတွေ့တော့ ဖေဖေ မနေနိုင်ဘူး။ သူ့မျက်လုံးတွေကို ငါသိတယ်။ မိဘဆိုတာ...ဘယ်ဘဝရောက်ရောက် ဟာ...ငါ့အတွက်တော့ မိဘပါပဲ...ငါ ဖေဖေ့ကို ချစ်တယ်''

စကားဆုံးတော့ အားလုံးငြိမ်ကျသွားသည်။ စပါယ်ကပြောရင်း မျက်ရည်ဝဲလာကာ...မျက်တောင်ကို ပုတ်ခတ်သည်။ လူဖြစ်ပါရဲ့ လူလို မနေရတဲ့ သူတို့ဖေဖေ။ လူလိုမစားရတဲ့ ဖေဖေ...။ မျက်ရည်ဥကြီး စပါယ့်ပါးပြင်ပေါ်သို့ လိမ့်ကာ ဆင်း၏။

''မငိုပါနဲ့ ပါယ်ပါယ်ရယ်...ဘယ်ဘဲ့ နားလည်ပါတယ်။ ဒါပေမဲ့ မာနသိပ်ကြီးတဲ့...မင်းတို့သိပ်ချစ်တဲ့ မင်းမေမေနဲ့ ဖြစ်ပါ့မလား''

''ကိုယ်တို့ ကြိုးစားရမှာပဲ ဘယ်ဘဲ့...။ မေမေ့ကို နားလည် အောင် ပြောမယ်။ ဘာပဲဖြစ်ဖြစ် အသက်တွေလည်း ကြီးလှပါပြီ။ ကြီးကြပါပြီ။ တို့ဘက်ကတော့ တို့ဖေဖေ ဒီလိုဖြစ်နေတာကို လုံးဝ





မမြင်ရက်ဘူး...အစွမ်းကုန်ကြိုးစားမှာပဲ''

ကိုကိုက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ပြောသည်။ သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေ ဝဲကာနေ၏။ ဘယ်ဘဲ့က ကိုကို့ လက်ကို ဆုပ်ကိုင်ကာထားသည်။

''ဘယ်ဘဲ့...နားလည်ပါတယ်။ အားလည်း ပေးတယ်။ အန်တီ က အခုပြောရင်...စိတ်တော့ လျှော့လှပါပြီ။ ငါ...နှင်တို့ထွက်သွားပြီးမှ နောက်ဆုံးကြားခဲ့၊ တွေ့ခဲ့တာကို ပြောပြမယ်။ နှင်တို့ဖေဖေက နှင်ပေး ခဲ့တဲ့ ပိုက်ဆံနဲ့ လိပ်စာကိုကြည့်ပြီး မျက်ရည်တွေကျ ပြောတာ သိလား...သူ ရန်ကုန်ကို ရအောင် လိုက်မယ်တဲ့''

ဒေါက်တာဖော်ဝေက သူ့ကို နှလုံးအားနည်းသည်၊ နှလုံးရောဂါ အစပျိုးချင်သည်ဟု မှတ်ချက်ချသည်။ မြန်မာနိုင်ငံက အမျိုးသမီးတွေ အသက်ကြီးတဲ့အခါ ဖြစ်လေ့ဖြစ်ထရှိတဲ့ နှလုံးရောဂါမျိုး ဆုံးဖြတ်၏။ စိတ်ပင်ပန်းမခံရန်၊ စိတ်မလှုပ်ရှားစေရန် သတိပေးထားသည်။ ပြီးတော့ နှလုံးငြိမ်ဆေးနှင့် နှလုံးအားတိုးဆေး စားခိုင်းကာ တရားဖြစ်ဖြစ်၊ ပုတီးဖြစ်ဖြစ် တစ်ခုခုကို မှတ်ခိုင်း ရှုခိုင်း၏။

သို့သော် ရန်ကုန်ရောက်ပြီးကတည်းက စိတ်ငြိမ်ရသည် မရှိပါ။

သားနှင့်သမီးကြောင့်သာဖြစ်၏။ တစ်ခါမှ သူ့ဩဇာကို မဖီဆန် ဘူးသော သားနှင့်သမီးသည် ဘာမှမဟုတ်သော စုတ်ပြတ်နေသည့် လူတစ်ယောက်ကို ဘာကြောင့် သူနှင့်အတိုက်အခံဖြစ်ကာ ဆန့်ကျင်ကာ ပတ်သက်ချင်ရသနည်း။ ဒေါ်တင်မေကျော် လုံးဝနားမလည်နိုင်။

ရန်ကုန်ရောက်ပြီးကတည်းက သားနှင့်သမီး၏ အနေအထားကို လေ့လာရသည်။ သူ စိတ်ကျေနပ်လောက်အောင် နေသည်ဟု မှန် သော်လည်း သားနှင့်သမီးမျက်ဝန်းထဲမှာ တွေ့နေရသော အရိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



သူ မကြိုက်။ ကလေးနှစ်ယောက်နှင့် သူသည် အရင်ကလို ပျော်ရွှင်လွတ်လပ်စွာ နေထိုင်ခြင်း မရှိတော့။ သူ့စကားကို လုံးဝမဆန့်ကျင်သော်လည်း ဟိုးအရင်ကလို နှစ်လိုစွာလက်ခံခြင်းမျိုး မရှိတော့၊ တာဝန်အရ ပုံစံအရဆိုတာမျိုး ဖြစ်၍နေသည်။ ထို့အတွက် ဒေါ်တင်မေကျော့ရင်ထဲမှာ လုံးဝမကောင်း။ သားနှင့်သမီးသည် ပျော်စရာကိုတွေ့လည်း ဟက်ဟက်ပက်ပက် မရှိ၊ သူက ထိန်းချုပ်လိုက်လျှင်လည်း အရင်ကလို တုန့်ပြန်တိုင်ပင်တာမျိုး မရှိလှ။ သူ့ရှေ့မှာ စက်ရုပ်ကလေးလို ဖြစ်နေကြသည်။

အိပ်မပျော်...အိပ်၍မရ။

အိပ်ဆေးသောက်ထားပါလျက်...ဒေါ်တင်မေကျော် အိပ်၍မရ၊ အိပ်ရာထဲမှာ မှိန်းကျပ်...မှိန်းကျပ်၍ လာသည်။ သူ...ဒီအခြေအနေကို မကြိုက်ပါ။ ပွင့်လင်းစွာ တစ်ခုခုတော့ ကြိုးစားမှ ဖြစ်တော့မည်။ သူ့ဘဝမှာ အသက်လိုသဘောထားခဲ့သော သားနှင့်သမီးက စက်ရုပ်တွေလို သူ့ကို ဆက်ဆံနေတာကို သူ ဆက်၍ သည်းမခံနိုင်တော့။ ငိုချင်သည်။ သားနှင့်သမီးရှေ့မှာ ငိုကာ မေးလိုက်ချင်သည်။ အမေတစ်ယောက်၏ မာနထက် မိခင်တစ်ယောက်၏အချစ်ကို သားနှင့်သမီး သိစေချင်သည်။ သူ ဘာလုပ်ရမလဲ...။

သူ...မနက်လင်းလျှင် သားနှင့်သမီးကို ခေါ်ကာ ရင်ထဲရှိသမျှ ဖွင့်ပြလိုက်တော့မည်။ တောင်းပန်မည်။ သူ့ခံစားချက်ကို ရှင်းပြမည်။ သောက်ထားသောအိပ်ဆေးကြောင့် ဒေါ်တင်မေကျော့်ခေါင်းတွေ လေးကာနေ၏။ ဒီလိုဆုံးဖြတ်လိုက်တော့မှ ရင်ထဲမှာ ရှုပ်နေတာတွေ အနည်းငယ် အေးကာသွား၏။ တရှိမလပ် ပြေးနေသောစိတ်သည် အနည်းငယ် ငြိမ်ကာသွား၏။

ဒေါက်တာဇော်ဝေက ပြောထားသည်၊ စိတ်ကို အတတ်နိုင်ဆုံး လျှော့ထားပါ...တဲ့။ ဟုတ်သည်...သူ စိတ်လျှော့ချရမှာ သူ့သားနှင့်သမီးရှေ့မှာ မဟုတ်လား...ဘာရှက်စရာ ရှိသနည်း။





ဒေါ်တင်မေကျော် အိပ်ရာထဲမှ လူးလဲကာ ထသည်။

ညဝတ်အင်္ကျီနှင့်တော့ သားရှေ့မှာ အမြင်မတော်။ အင်္ကျီလဲရဦးမည်။ ပြီးလျှင် အိပ်ပျော်စပြုနေသော သားနှင့်သမီးကို နှိုးကာ သူ့ရင်ထဲမှာ ရှိသမျှ ဖွင့်ချပြလိုက်မည်။ မင်းတို့ မေမေ့ကို အဲဒီလို မဆက်ဆံပါနဲ့၊ ကြာရင် မေမေ ရူးသွားလိမ့်မယ်...ဆိုတာ ပြောပြရမည်။

ပထမဆုံး ဒေါ်တင်မေကျော် လှေကားကို ခြေဖျားထောက်တက်ကာ သမီးအခန်းတံခါးကို အသာဖွင့်ရသည်။ ဘာပဲဖြစ်ဖြစ် သမီးကတော့ သူ့ကို အရင်ဆုံး နားလည်လိမ့်မည်။ မိန်းမသားချင်း မဟုတ်လား။ သမီးအခန်းတံခါးကို ဖွင့်လိုက်တော့...ဘုရား...ဘုရား...သမီးက အခန်းထဲမှာ မရှိ။

ဒေါ်တင်မေကျော်ရင်ထဲ ဖျပ်ဆို ခုန်သွား၏။

သားအခန်းမှာ...မောင်နှမနှစ်ယောက် စကားပြောနေတာပဲ ဖြစ်ရမည်။

သားအခန်းကို ခြေဖျားထောက်ကာသွားရင်း...တံခါးကို အသာကျွန်းဖွင့်လိုက်၏။

ဒေါ်တင်မေကျော့်ရင်ထဲက ကလီစာတွေ နှုတ်ဖျားက ခုန်ထွက်သွားသည်ဟု ထင်ရသည်။ တစ်ကိုယ်လုံး ရုတ်တရက်အေးစက်ကာ ထုံကျင်သွား၏။

ဒီလူ...။

သား၏ခုတင်ပေါ်တွင်...ချောင်းသာကလူက သားနှင့်သမီးကို ဖက်ကာ ထားသည်။ စက္ကန့်တော်တော်များများ ကြောင်ငေးကာ ကြည့်နေပြီးမှ ဒေါ်တင်မေကျော် ငယ်သံပါအောင်အော်ကာ အခန်းထဲ ပြေးဝင်သွား၏။

ဒေါ်တင်မေကျော် အော်ဟစ်ကာ ထိုလူ့ကို ဆွဲရိုက်ကာပဲ့သည်။ အော်ဟစ်သံတွေ ဆူညံကာသွား၏။ သားရော...သမီးပါ ဒေါ်တင်မေကျော်ရော အလဲလဲအပြိုပြို ဖြစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ…မေမေ…မလုပ်ပါနဲ့…မလုပ်ပါနဲ့"

"အား…မေမေ…မေမေရေ"

"လွှတ်…သမီးကို အခုလွှတ်၊ နင် မယုတ်မာနဲ့…အခုထွက်၊ အခုထွက်သွား။ ငါ့သားနဲ့သမီးကို နင် ဘာလုပ်တာလဲ…အခုထွက်သွား။ သွားစမ်းကွာ…ကဲ…ကဲဟယ်…ကဲ…"

"မေမေ…မလုပ်ပါနဲ့…လာကြပါဦး…ဖေဖေ…ဖေဖေ"

ခြံထဲကအိမ်မှာအိပ်သော ဦးမြင့် ပြေးကာ တက်လာတော့ ဒေါ်တင်မေကျော် အရူးတစ်ယောက်လို ဖြစ်ကာနေသည်။ ဘာကိုမှ မသိတော့။ ငှူငှူကြီးရပ်ကာ ရင်ထဲကအရာမျိုးစုံ ဆန်တက်နေသော မျက်ဝန်းထဲမှာ ဖျပ်ခနဲ…လင်းခနဲ သမီးက သူ့ကို ဖက်ကာထားသော သားက သူ့ကို ချုပ်သည်။ ဦးမြင့်က ဘာလုပ်ရမှန်းမသိ ရပ်ကာနေသော ခုတင်ထောင့်မှာ လဲကျနေသောလူကို ကြည့်ကာ ဦးမြင့် ကြက်သေ သေနေသည်။

"မေမေ…မလုပ်ပါနဲ့၊ ဖေဖေ့ကို မလုပ်ပါနဲ့…စိတ်လျှော့ပါ။ သားတို့ ခေါ်သွင်းထားတာပါ"

"ဖေဖေ…ဖေဖေ…ဘာဖေဖေလဲ…ဘယ်သူက ဖေဖေလဲ"

"မေမေ…သမီးတို့ သိပါတယ်။ သမီး အားလုံးသိတယ်။ မေမေ့မာနကို လျှော့လိုက်ပါ။ ဖေဖေ့ကို…"

"ဘာဖေဖေလဲ…ဘာဖေဖေလဲ…သူ့ကို ပြောနေတာလား။ မဆိုင်ဘူး။ ဘာဆိုင်လို့လဲ…ဘာဖေဖေလဲ"

ဒေါ်တင်မေကျော် အရူးတစ်ယောက်လို အောက်ထပ်ကို ပြေးဆင်းလာခဲ့သည်။ သူ့တစ်ကိုယ်လုံး တုန်ရီလျက်…ဒေါသကြောင့်၊ မာနကြောင့်၊ နားမလည်မှုတို့ကြောင့် သူ့ကိုယ်သူ ကြောက်ရွံ့တုန်လှုပ်လျက်ဖြင့်…Phone ကို ဆက်သည်။

"Hello 119 ကလား။ ဟုတ်ကဲ့…ကျွန်မရဲ့အိမ်ကို အခု ချက်ချင်း လာခဲ့ပါရှင်၊ ဟုတ်ကဲ့…လိပ်စာက…"





ငါးမိနစ်အတွင်း ရဲကားတွေ ရောက်လာကြသည်။

ရဲအရာရှိက ထိုသူ့ကို လက်ထိပ်ခတ်သည်။ ဒေါ်တင်မေကျော် ဘာတွေလုပ်လို့ လုပ်မိမှန်းလဲ မသိတော့။ သူသိတာ တစ်ခုပဲရှိသည်။ ဒီလူ ဒီအိမ်က အမြန်ဆုံးထွက်ခွာသွားဖို့…။ အခုတော့ ရဲတွေရောက်နေပြီ၊ စိတ်ကိုထိန်းစမ်း…ဘာမှမဖြစ်နိုင်တော့ဘူး တင်မေကျော်…။

"မေမေ…မေမေ မတရားဘူး။ ဖေဖေ့ကို မဖမ်းပါနဲ့…မဖမ်းကြပါနဲ့၊ ဖေဖေ…ဖေဖေ"

"ဘာဖေဖေလဲ၊ ဖမ်း…အဲဒီလူ ကျွန်မတို့အိမ်ထဲကို ဝင်လာတာ။ ပြီးတော့…သားနဲ့သမီးအိပ်ခန်းထဲကို ဝင်လာတာ…ဖမ်း…ဖမ်းပါ"

"မေမေ…မရက်စက်နဲ့၊ မဟုတ်ဘူး…ဒါ ကျွန်တော်တို့ဖေဖေပါ…မဖမ်းကြပါနဲ့၊ ကျွန်တော်တို့ဖေဖေပါ…"

"ဘာ…ဖေဖေ…ဟုတ်လား"

လက်ထိပ်ခတ်ထားသော ထိုလူ့ကို ပြေးဆွဲကာ အတင်းဝင်ဖက်ထားသော သားနှင့်သမီးကို ဒေါ်တင်မေကျော် အရူးတစ်ယောက်လို တွန်းထိုးပစ်လိုက်ကာ အော်သည်။ လဲကျသွားသော သားကို ဦးမြင့်က ဝင်ကာပွေ့၏။ သမီးက ပက်လက်လန် လဲကျသွားရာမှ ထကာ သူ့ကို မုန်းတီးစွာကြည့်သည်။ အိုး…သမီးရဲ့အကြည့်တွေက မီးပွင့်လိုပါပဲလား…။

"မေမေ…ဘယ်လောက်လိမ်လိမ်…သမီး ဘယ်တော့မှ မယုံဘူး။ ဖေဖေ့ကို သမီးချစ်တယ် သိလား။ ဒါ…ကျွန်မတို့ဖေဖေပါ"

ဒေါ်တင်မေကျော့် ဦးနှောက်တွေ ပွင့်ထွက်သွားကြ၏။ မျက်လုံးထဲမှာ လင်းခနဲ လက်သည်။ ထိုအချိန်တွင် လက်ထိပ်ခတ်ထားသော ရဲအရာရှိလက်ထဲမှ ထိုလူက ပြုံးကာ ပြောသည်။

"သားနဲ့သမီး…စိတ်လျှော့လိုက်ပါ။ ဖေဖေ့အတွက် မပူကြပါနဲ့၊ ကိစ္စမရှိဘူး"

"မဟုတ်ဘူး…မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မေကျော် ကမ္ဘာက ရုတ်တရက် မှောင်ကာသွားသော

လဲကျသွားသော ဒေါ်တင်မေကျော့်ကို ဦးမြင့်နှင့် ရဲသားတစ်ယောက်က ပြေးကာ ပွေ့ကြသည်။ သားနှင့်သမီးကတော့ ငေးကာကြည့်နေကြဆဲ…။ ရဲအရာရှိက ဆွဲခေါ်သွားသော ဦးမင်းဒင်ကို မြင်တော့ ကလေးနှစ်ယောက် ရင်ထဲကအသံတွေနှင့် ဆို့နင့်စွာ အော်ကြသည်။

"ဖေဖေ…ဖေဖေ…ဖေဖေ့ကို မဖမ်းကြပါနဲ့"

"ဖေဖေရေ…မဖမ်းကြပါနဲ့"

❁

"ဘာပဲဖြစ်ဖြစ်…အခုအချိန်မှာ သားတို့မေမေက နှလုံးသိပ်အားနည်းနေတယ်။ သူ့ကို စိတ်လှုပ်ရှားအောင်၊ စိတ်ထိခိုက်အောင် မလုပ်ဖို့ ဦး…အကြံပေးချင်တယ်။ သူ့စိတ်ကို အနားပေးထားပါ…ဟုတ်ပြီလား"

သားနှင့်သမီးက စက်ရုပ်ကလေးတွေလို နားထောင်နေကြသည်။

အခုတော့ ဒေါ်တင်မေကျော် အားလုံးကို ရှင်းပါပြီ။ ကလေးတွေ မှားသည်ဟုဆိုသော်လည်း သူ့အပြစ်တော့ မကင်းရှာပါ။ သူ့မာနတစ်ခုခုအပေါ်မှာ မှန်သည်ဟုထင်လျှင် တစ်လက်မမှ မလျှော့ခဲ့သော သူ့မာနကြောင့် ဘာမှမဆိုင်တာတွေ ဖြစ်ရလေခြင်းဆိုတာ သူ သိသွားပြီဖြစ်သည်။

သူ…အံ့ကြိတ်ကာ သားနှင့်သမီးကို ငေးကြည့်သည်။

သူ…အနှစ်နှစ်ဆယ်လုံးလုံး လိမ်ညာခဲ့သော်လည်း ထိုလိမ်ညာမှုကို ပိပြင်အောင် ပင်ပန်းဆင်းရဲစွာ တစ်ယောက်တည်းရုန်းကန်ခဲ့ရသော်လည်း ထိုအရာသည် အချိန်တန်တော့ သူ့အလိုလို အသံမြည်





လာသည်သာဖြစ်သည်။

အဖေ…။

ထိုအဖေဆိုတာကို ဘယ်တော့မှ အသံမကြားရအောင် သူ ရက်ပေါင်းများစွာ၊ နှစ်ပေါင်းများစွာ အပင်ပန်းခံခဲ့သည်။ စည်းရုံးသိမ်းသွင်းခဲ့သည်။ လိမ်ခဲ့ ညာခဲ့သည်။ အခုတော့ ထိုအဖေသည် သူ့ကို ခြိမ်းခြောက်နေပြီဖြစ်သည်။ သူ ဘာမှ မတတ်နိုင်တော့။ လက်မြှောက်အရှုံးပေးရန်သာ ရှိတော့သည်။

"ဒေါက်တာ…ခဏတော့ နေစေချင်တယ်။ ဒေါက်တာဟာ ကျွန်မတို့ မိသားစုဝင်လိုပါပဲ၊ ခဏလေးတော့ နေပေးပါ ဒေါက်တာ…။ အရေးကြီးလို့ပါ"

သူ့စကားသံယဲ့ယဲ့ကို အပြည့်အစုံ နားလည်ပေးနိုင်သော ဒေါက်တာဇော်ဝေက ပြုံးကာ ခေါင်းညိတ်သည်။ သူ ဦးမြင့်ကို အကြောင်းစုံပြောပြ စာရေးပေးကာ သူ့ခင်ပွန်း၊ ကလေးတွေရဲ့ အဖေစစ်စစ် ကိုမြတ်သာကို ခေါ်ခိုင်းလိုက်ရပြီဖြစ်သည်။ ထိုစဉ်မှာပဲ ကားရပ်သံကို ခြံဝင်းအတွင်းမှာ ကြားရသည်။

"သားနဲ့သမီး…အခုလာနေတာ အနှစ်နှစ်ဆယ်လုံးလုံး မေမေ့မာနနဲ့ မေမေ လုံးဝမဆက်ဆံခဲ့၊ မတွေ့ခဲ့တဲ့ မင်းတို့ရဲ့ အဖေအရင်းပဲ"

ဒရိုင်ဘာဦးမြင့်က သူ့နံဘေးသို့ အရင်ဝင်ကာရပ်ပြီး ခေါင်းကို ညိတ်ပြ၏။ ထို့နောက် လူတစ်ယောက် ဝင်လာသည်။ ကိုမြတ်သာ…။ ဒေါ်တင်မေကျော့်မျက်နှာမှာ မာနကို တွေ့ရမည်ဖြစ်ပါသည်။ ဦးမြတ်သာက ဆရာဇော်ဝေနှင့် ဦးမြင့်အကြား ဝင်ကာရပ်သည်။ ပြီးတော့ သားနှင့်သမီးကို အံ့သြစွာ ကြည့်သည်။

"ဦးမြင့် ရှင်းပြလို့ ကိုယ်…အားလုံး သိပြီး၊ ကြားပြီးပါပြီ။ အားလုံးလည်း ရှင်းသွားအောင်၊ နားလည်အောင်ပြောရရင် ကျွန်တော်ဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက အခု ဒေါ်တင်မေကျော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းတစ်ယောက်ပါ။ ကျွန်တော့်ရဲ့ လူမှုရေးချို့ယွင်းချက်ကြောင့် ကျွန်တော်က တင်မေကျော့်ရဲ့ သူငယ်ချင်း အေမိနဲ့ ငြိစွန်းခဲ့ပါတယ်"

အားလုံး ဆိတ်ငြိမ်နေကြ၏။ ကိုမြတ်သာက သူ့ကို ငေးကြည့်နေသော...သူ မမှတ်မိတော့အောင် အရွယ်ရှိနေသည့် ကလေးနှစ်ယောက်ကို ကြည့်ကာ ငေးကာ ပြောသည်။ အဆိုးဆုံးက သမီးပင်ဖြစ်၏။ သူနှင့် တင်မေကျော့် ကွဲကြတော့ သမီးက ဗိုက်ထဲမှာပဲ ရှိသေးသည်။

"အဲဒါကို ခွင့်မလွှတ်နိုင်တဲ့ တင်မေကျော့်က သိပြီး... ကျွန်တော်တို့ ကွာရှင်းခဲ့ပါတယ်။ မာနသိပ်ကြီးတဲ့ တင်မေကျော့်က လုံးဝအဆက်အသွယ် မလုပ်ခဲ့သလို ကျွန်တော့်ကိုလည်း ပတ်သက်ခွင့် မပေးခဲ့ပါဘူး။ ကျွန်တော်လည်း လက်လျှော့ပြီး နောက်အိမ်ထောင် အေမိနဲ့ နေခဲ့ပါတယ်။ သားနဲ့သမီးကို အခုမှ တွေ့ဖူး မြင်ဖူးတာပါ"

"သားနဲ့သမီး..."

"မင်းတို့ ထင်ထားတွေအားလုံး မဟုတ်ပါဘူး။ မင်းတို့ရဲ့ဖေဖေ အရင်းက ကိုယ်ပါ...ဖေဖေ့ကို ခွင့်လွှတ်ပါ။ ဟိုလူက တကယ့်ကို မဆိုင်ပါဘူး။ မင်းတို့သိပ်ချစ်ခဲ့...သိပ်တာဝန်ကျေခဲ့တဲ့ မင်းတို့ရဲ့မေမေကို ဘယ်တော့မှ မပြစ်မှားကြပါနဲ့။ မင်းတို့အဖေအရင်းက တာဝန်မကျေခဲ့တဲ့...ကိုယ်ပါ။ ဟိုလူ မဟုတ်ပါဘူး"

အခန်းသည် တိတ်ဆိတ်၍ သွားသည်။

သားနှင့်သမီးက ခေါင်းကို ငုံ့၍ထားသည်။ ဒေါ်တင်မေကျော့် စိတ်ကို ဒုံးဒုံးချထားလိုက်သည်။ အခုတော့ အရာရာသည် ရှင်းလင်းသွားပြီဖြစ်သည်။

"မေ...ကိုယ့်ကို ခွင့်လွှတ်ပါ"

ဒေါ်တင်မေကျော့် ပြုံးကာ ခေါင်းကို ညိတ်သည်။

ပြီးတော့ လေသံသဲ့သဲ့ဖြင့် ပြောရ၏။

"ဦးမြင့်...ဒေါက်တာကို ခေါ်ပြီး ရဲစခန်းကို တဆိတ်သွားပေး





ပါ။ အခု အားလုံးရှင်းသွားပြီလေ...သားနဲ့သမီး အဲဒါ မေမေ အနှစ်နှစ်ဆယ်လုံးလုံး ပေးမသိခဲ့တဲ့ သားတို့ သမီးတို့ရဲ့ အဖေပဲ...။ ဟိုလူက ဘာမှမဆိုင်ဘူး။ အဲဒီလူကိုလည်း ဒေါက်တာကပဲ စခန်းမှာ အာမခံပေးပါ။ သူ သွားချင်ရာသွားဖို့ ဆောင်ရွက်ပေးပါ ဒေါက်တာ"

ဒေါက်တာဇော်ဝေ ပြုံးကာ ခေါင်းကို ညိတ်၏။ ကိုမြတ်သာက သားနှင့်သမီးကို ခေါင်းအသာပွတ်ကာ ရင်ခွင်ထဲ ဆွဲသွင်းသည်။ သားရော သမီးပါ ကိုမြတ်သာရင်ခွင်ထဲမှာ ခဏငြိမ်ကာနေ၏။

"ကဲ...မေ အားလုံးရှင်းသွားပါပြီ...ကိုယ့်ကို ပြန်ခွင့်ပြုပါ"

"ဟုတ်တယ်...ဒေါ်တင်မေကျော့် နားလိုက်ပါတော့။ အားလုံး စိတ်ချပါ။ ဟုတ်လား"

သူ ပြုံးကာ ခေါင်းကို အသာညိတ်ပြရလေသည်။

ရင်ထဲမှာ မောနေတာတွေအားလုံး အေးကာသွား၏။

✽

စပါယ် တိတ်တဆိတ်လမ်းလျှောက်ကာ လာသည်။

သူ့ရင်ထဲမှာ မရှင်းတာတွေ ရှုပ်ထွေးနေတာတွေ များလှသည်။ သူ့ကို တစ်ခါမှ မမြင်ဖူးသလို ကြည့်သော ဦးမြတ်သာသည် သူ့ဖေဖေတဲ့လား...။ ထိုအကြည့်ကို သူ မှတ်မိပါသည်။ ထိုအကြည့်မှာ နွေးထွေးမှု၊ ချစ်ခင်ကြင်နာမှု သိပ်မရှိ။ တစ်ခါမှ မမြင်ဖူးသော မိန်းကလေးတစ်ယောက်ကို ကြည့်တဲ့ အကြည့်မျိုး...။

ထိုစဉ်...ဖြတ်ခနဲ သူ့အရှေ့မှာ လူတစ်ယောက် ပိတ်ကာရပ်၏။ ပီတာ...။

"ပါယ်လေး...ကိုယ့်ကို တစ်ခုခုတော့ ပြောကွာ"

အာရုံနောက်ကာ စိတ်ရှုပ်ထွေးနေသော စပါယ်...ပီတာ့ကို မုန်းတီးစွာ တစ်ချက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှေ့ကဖယ် ပီတာ…ငါ နင့်ကို စိတ်မဝင်စားဘူးလို့ ပြောပြီးပြီပဲ…ဖယ်ပါ"

"ပါယ်လေး…အရမ်းဆန့်ကျင်တယ်ကွာ၊ ပြီးမှ နောင်တမရနဲ့လာ…ကိုယ့်ကားပေါ် တက်"

ပီတာ ဖျပ်ခနဲ စပါယ့်လက်ကို ကိုင်ကာချုပ်ရင်း အတင်းဆွဲသည်။ စပါယ် ရုတ်တရက်လန့်ဖြန့်ကာ အော်သည်။ ပီတာနှင့် နောက်လူနှစ်ယောက်က စပါယ့်ပါးစပ်ကို အတင်းပိတ်ကာ ရုန်းကန်နေသောစပါယ့်ကို အတင်းဝိုင်းဖက်ကြသည်။ ပြီးတော့ ခပ်လှမ်းလှမ်းမှာ ရပ်ထားသောကားပေါ်သို့ အတင်းပွေ့ကာ သယ်ကြ၏။

ရုတ်တရက် ပီတာ နောက်သို့လန်သွားကာ စပါယ်လည်းလုံးထွေးပြီး မြက်ခင်းအစပ်သို့ ကျသွား၏။ ကိုကို…ဘယ်ဘဲ့။

"မင်းတို့ ရိုင်းလှချည်လား…ငါ့ညီမကို အခုလွှတ်…ကဲကွာ"

ကိုကိုက ကျန်တစ်ယောက်ကို လှမ်းကန်သည်။ ကိုကိုနှင့်အတူပါလာသော ဘယ်ဘဲ့က စပါယ့်ကို ဆွဲထူကာပေးရင်း အဝေးသို့ဆုတ်၏။

"ကိုကို သတိထား…"

"ဘယ်ဘဲ့…ညီမလေးကို ခေါ်သွား"

သုံးယောက်တစ်ယောက် လုံးထွေးကာ သွား၏။ ပီတာနှင့်လူတစ်ယောက် လွင့်ကာသွားသည်။ ပီတာ့ပါးစပ်မှာ သွေးတွေ ရဲခနဲမြင်ရ၏။ ကိုကိုက ကရာတေးတတ်သဖြင့် သူတို့ ရုတ်တရက် ကိုကို့ကိုမနိုင်ကြ။ ကိုကိုကလည်း ဘယ်ဘဲ့နှင့်စပါယ်ရှိရာကို ပြေးလာလို့ မရ။ သုံးယောက်တစ်ယောက် သတိကြီးစွာ ရင်ဆိုင်နေရ၏။

ကိုကို့ကို လူတစ်ယောက်က ဝင်ကန်သည်။ ကိုကိုအရှောင်မှာ နောက်ထပ်လူတစ်ယောက်က ယိုင်သွားသော ကိုကို့ကို ဝင်ချုပ်၏။ ပီတာက သူ့ဘောင်းဘီထဲမှ ဓါးကို ဖျောင်းခနဲ ဆွဲထုတ်လိုက်သည်။

"ကိုကို…ကို သတိထား"





"ကိုကို…ဓါးနဲ့…ဓါး…ဓါး"

ပီတာက ကိုကို့ထံ တဟုန်ထိုးပြေးကာ ဝင်သွား၏။ စပါယ်မျက်စိကို စုံမှိတ်ထားလိုက်သည်။

"သား…သား…အား"

ကိုကိုနှင့်ပီတာ့အကြား လူတစ်ယောက် ခွေကာ ကျသွား၏။

"ဖေဖေ…ဖေ…ဖေ"

စက်ဘီးနှင့်ရဲတွေရော…လမ်းမန်းဘေးအိမ်က လူတွေပါ ထွက်လာကြသည်။ ကိုကိုက လူတစ်ယောက်ကို ပွေ့ကာထား၏။ စပါယ်လူအုပ်ထဲ အတင်းတိုးကာ ဝင်သည်။

"ဖေဖေ…"

မြင်ရက်စရာ မရှိ။ ဓားက ဖေဖေ့လည်ပင်းမှာ ဝင်ကာစိုက်နေသည်။

ဖေဖေက ကိုကို့အပေါ်မှာလဲရင်း ပြေးဝင်လာသော စပါယ့်ကိုပြုံးပြကာ လက်လှမ်းပေးသည်။ စပါယ့် ဖေဖေ့လက်ကို ဆုပ်ကိုင်ကာအားရပါးရ မျက်စိမှိတ်ကာအော်ရင်း ဖေဖေ့ရင်ခွင်ထဲ လဲကျကာသွား၏။

"ဖေဖေ…ဖေဖေ"

လူတွေကြားသို့ ဒေါ်တင်မေကျော် တိုးကာဝင်ခဲ့၏။

မြင်ရသောမြင်ကွင်းကြောင့် တစ်ချက်ယိုင်ကာ ရင်တစ်ခုလုံးထိုးဆောင့်တက်လာပြီး လဲပြိုသွားမလို ဖြစ်သွားသည်။ သွေးတွေရွဲနေသော ထိုလူ…။ ပြီးတော့ ပွေ့ဖက်ထားသော သားနှင့်သမီး…၊

"ဖြစ်မှဖြစ်ရလေ ဖေဖေရယ်…တောက်၊ ဖေဖေ…ဖေဖေ"

ဒေါ်တင်မေကျော် မျက်စိကို မှိတ်ထားရ၏။ ဘယ်ဘဲ့က နောက်မှ မေးကာ အန်တီ သတိထားဟု ပြောသည်။

"မေမေ ဖေဖေ့ကို ကြည့်ပါဦး မေမေရယ်…"

"ကောင်လေးကို ဓါးနဲ့ထိုးတာကို ဒီလူက ပြေးလာပြီး ဝင်ခံ



www.burmeseclassic.com

www.burmeseclassic.com



တာ''

''ဟုတ်တယ်၊ လည်ပင်းဆိုတော့ သွားပါပြီ''

''ကောင်မလေးကို အတင်းဆွဲတာ မဟုတ်လား…အဲဒါ ဘယ်သူလဲ''

သားရင်ခွင်ထဲမှ လဲကျနေသူက ပါးစပ်မှ ပွက်ခနဲ သွေးတွေ အန်ကာ မျက်လုံးပွင့်ကာလာ၏။ သူ့မျက်လုံးတွေက မှိတ်ညီရာမရသလို လည်နေကြသည်။ ပြီးတော့ တစ်နေရာတည်းမှာ ရပ်ကာသွား၏။ ထိုနေရာက ဒေါ်တင်မေကျော်၏ မျက်လုံးနှင့်ဆုံရာ…။

ပြီးတော့ ပြုံးကာ လက်တစ်ဖက်ကို ကမ်းသည်။

''ကျုပ်…ကျုပ်…စိတ်ချမယ်…သားနဲ့…သားနဲ့…''

ပါးစပ်မှသွေး ပွက်ခနဲ အန်သည်။

သမီးနှင့်သားက မေမေဟု ကြုံးကာအော်၏။ ဒေါ်တင်မေကျော် အိပ်မက်ထဲရောက်နေသလို ခံစားရသည်။ ဘာတွေဖြစ်ကုန်တာလဲ…။ ဘာတွေဖြစ်ကုန်တာလဲ…။

''သားနဲ့သမီးကို စောင့်ရှောက်ပါ။ ကျုပ်ကို…ကျုပ်ကို…ခွင့်လွှတ်ပါ''

မြင်ကွင်းတွေကြောင့် ဒေါ်တင်မေကျော် ခွေကာ လဲကျသည်။ လှမ်း၍ ကမ်းပေးသောလက်က ဒေါ်တင်မေကျော့် မျက်နှာရှေ့မှာ လှုပ်ယမ်းကာ နေ၏။ ဒီလက်က ဘာအဓိပ္ပါယ်တဲ့လဲ…။ ဘာသဘောလဲ…။ ဒီလူက သားအသက်နှင့် သမီးအရှက်ကို ကယ်ခဲ့တာတော့ သေချာပါသည်။ သူသိပ်ချစ်သော သားနှင့်သမီးကို ကူညီခဲ့သည်။

ဆန့်တန်းထားသောလက်က သူ့ရှေ့မှာ တုန်ယင်ကာ နေ၏။

''မေမေ…ဒီလောက်မရက်စက်ပါနဲ့၊ မေမေ့မှာ အသည်းနှလုံး မရှိဘူးလား''

သမီးက ကြောင်တက်တက်ဖြစ်နေသော သူ့ကို အတင်းလှုပ်ကာ မေးသည်။





''မေမေ…မေမေ မရက်စက်နဲ့ဗျာ၊ ဖေဖေ့ကို ကြည့်ပါဦး… ဖေဖေ့နောက်ဆုံးဆန္ဒကို လိုက်လျောပါဦး။ ဖေဖေ့ကို ခွင့်လွှတ်လိုက်ပါ… မေမေ ဖေဖေ့ကို…''

သားက ချုပ်တည်းမရစွာ ထိုလူ့ကို ဖက်ထားရင်း အော်ငိုကာ ပြောသည်။

''ဟုတ်ပါတယ် အန်တီ၊ အန်တီ ဒီလောက် မာနမထားပါနဲ့။ ကိုကို့ဖေဖေကို ခွင့်လွှတ်လိုက်ပါ''

''မေမေ…ဖေဖေ့ကို…''

သမီးက စကားကို မဆက်တဲ အော်ကာငို၏။ လူပေါင်းများစွာက လမ်းမှာ ဝိုင်းအုံကာ ဒေါ်တင်မေကျော့်ကို စူးစိုက်ကြည့်နေကြသည်။ သူ့မျက်နှာရှေ့မှာ လှုပ်ရမ်းနေသောလက်က တဆတ်ဆတ် တွန့်ကာ ဆတ်ကာ တုန်ယင်နေကြသည်။

သေခြင်းတရားနှင့် မကြာခင်တွေ့ရတော့မည့် လူတစ်ယောက်၊ သားနှင့်သမီးရဲ့ ကျေးဇူးရှင်…အပြစ်က မကြည့်ရက်စရာ။ ဒေါ်တင်မေကျော် မျက်ရည်တွေ ဝိုင်းကာလာ၏။ ရင်ထဲမှာ နင့်ကာသွားသည်။ လူတစ်ယောက်ရဲ့ နောက်ဆုံးအချိန်ကလေးရဲ့ဆန္ဒ…။

''မေမေ…''

ဒေါ်တင်မေကျော် ရှေ့မှာရှိသောလက်ကို ဖမ်းဆုတ်ကိုင်လိုက်သည်။

လက်က အေးစက်လုနီးနီး ဖြစ်နေပြီ။

သွေးတွေနှင့် မြင်မကောင်းသော နှုတ်ခမ်းက ပြုံးကာသွားသည်။ ပြီးတော့ စကားတစ်ခွန်း ထွက်ကျကာလာ၏။

''ကျုပ်…ကျုပ်ကို ခွင့်လွှတ်ပါ''

''ခွင့်…လွှတ်…ပါတယ်…စိတ်ချပါ''

ပြုံးနေသောနှုတ်ခမ်းက နောက်ဆုံးသွေးတစ်ချက် ပွက်ခနဲ အန်သည်။



www.burmeseclassic.com

www.burmeseclassic.com

သားရော သမီးပါ ပြိုင်တူအော်လိုက်ကြ၏။ ထိုအသံကို ဒေါ်တင်မေကျော် မကြားချင်ပါ။ သို့သော်...ရင်ထဲကို စူးနေအောင် ကြားလိုက်ရ၏။

"မေမေ...မေမေ"

"မေမေ...မေမေ"

"မေမေ..."

"မေမေ..."

ဒေါ်တင်မေကျော် ထရပ်လိုက်သည်။

ရင်ထဲမှာ စကားတစ်ခွန်းကိုတော့ အလေးအနက်ကို အန္တရာယ်ရှိ အကြိမ်ကြိမ် ပွဲတင်ထပ်ကာ ရွတ်နေမိသည်။

"ကျွန်မ ရှင့်ကို ခွင့်လွှတ်ပါတယ်။ တကယ့်ကို လေးလေးနက် နက် ခွင့်လွှတ်တာပါ။ ရှင်ဟာ ခွင့်လွှတ်သင့်တဲ့ လူတစ်ယောက် မဟုတ်လား"

နီကိုရဲ

BURMESE CLASSIC



www.burmeseclassic.com